SILVER STAR
FASHION SHOP

The VOICE




Vol.9 / No.45 Weekly Monday, November 18 - 24, 2013

http://www.thevoicemyanmar.com

The Voice Weekly
ပရိသတ်များအတွက်
အထူးမေတ္တာလက်ဆောင်
ယနေ့ထုတ် The Voice
Saturday သတင်းစာ အခမဲ့ရယူပါ

လမ်းမပေါ်မှ စေတန်နှတ်ဆိုးများ စာ 13



ဆေးပေါင်းခတဲ့ တန်ဆောင်မုန်းညှ စာ 11



TAX

# စားသောက်ဆိုင်ပိုင်ရှင်များကို အခွန်ဘုတ်အဖွဲ့ခေါ်တွေ့မည်

ရန်ကုန်၊ နိုဝင်ဘာ ၁၄

**ရ သင့်ရထိုက်သော အခွန်များ ရရှိစေရန်အတွက် တစ်ဦးတည်းပိုင်စားသောက်ဆိုင်နှင့် ကုမ္ပဏီပိုင်စားသောက်ဆိုင်များကို အခွန်စီစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့က ခေါ်ယူတွေ့ဆုံမည်ဖြစ်ကြောင်း၊ အဆိုပါဘုတ်အဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်က The Voice သို့ ပြောကြားသည်။**

ယင်းသို့တွေ့ဆုံရာတွင် နေရာအခက်အခဲကြောင့် တစ်ဦးတည်းပိုင် စားသောက်ဆိုင် ၁၅ ဆိုင် ခေါ်ယူတွေ့ဆုံမည်ဖြစ်ပြီး နောက်ပိုင်းမှ ကုမ္ပဏီပိုင်စားသောက်ဆိုင်များကို တွေ့ဆုံမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်းရှိ စားသောက်ဆိုင်ကြီးများအားလုံး ခေါ်ယူတွေ့ဆုံမည်ဖြစ်ကြောင်း၊ ၎င်းကပြောဆိုသည်။

"တစ်ဦးတည်းပိုင် စားသောက်ဆိုင် ၁၅ ဆိုင်ကိုတော့ ၁၈ ရက်နေ့ တနင်္လာနေ့ကျရင် အခွန်ဘုတ်အဖွဲ့ရုံးမှာတွေ့မယ်" ဟု ဦးကျော်ကျော်က ဆိုသည်။

ရန်ကုန်မြို့တွင်းရှိ စားသောက်ဆိုင်ကြီးများကိုသာ တွေ့ဆုံမည်ဖြစ်ပြီး ၎င်းတို့ ပေးဆောင်သင့် ပေးဆောင်ထိုက်သော အခွန်ငွေများပေးဆောင်စေရန် ယင်းသို့တွေ့ဆုံခြင်းဖြစ်ကြောင်း၊ အခွန်စီစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ထံမှ သိရသည်။

ပထမဦးဆုံးတွေ့ဆုံမည့်စားသောက်ဆိုင်များတွင် တစ်ဦးတည်းပိုင် စားသောက်ဆိုင်ကြီးများဖြစ်သော နီလာ၊ ရွှေညောင်ပင်၊ ရွှေကောင်းဟော့ပေါ့နှင့် Feel စားသောက်ဆိုင်တို့အပါအဝင် ဆိုင်ကြီး ၁၅ ဆိုင်ပါဝင်မည်ဖြစ်ကြောင်း။ ယင်းနောက်တွေ့ဆုံမည့် ကုမ္ပဏီပိုင် စားသောက်ဆိုင် ၁၅ ဆိုင်တွင် တော်ဝင်ဥယျာဉ်ကဲ့သို့သော စားသောက်ဆိုင်ကြီးများ ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါဘုတ်အဖွဲ့ထံမှ သိရသည်။

စားသောက်ဆိုင်ပိုင်ရှင်များက အခွန်မည်သို့ ထမ်းဆောင်မည်ဆိုသည့် အချက်များနှင့် ရှေ့ဆက်၍ မည်သို့ကောင်းအောင် လုပ်ဆောင်သွားကြမည်ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံစားသောက်ကုန်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်ထွန်းက ပြောကြားသည်။

"စားသောက်ဆိုင်ပိုင်ရှင်တစ်ယောက်အနေနဲ့ ပြောချင်တာက စာ 6



ဓာတ်ပုံ – မြင့်နိုးညီ

စားသောက်ဆိုင်များမှ ပေးဆောင်သင့် ပေးဆောင်ထိုက်သော အခွန်ငွေများကို ပေးဆောင်စေရန်အတွက် တွေ့ဆုံခြင်းဖြစ်သည်ဟုဆိုသည်

POLITICS

## ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် စာချုပ်စာတမ်းထက် ယုံကြည်မှုပိုအရေးကြီးဟု ဘီလ်ကလင်တန်ဆို

ရန်ကုန်၊ နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များတွင် စာချုပ်စာတမ်းများအပေါ်၌ လက်မှတ်ရေးထိုးခြင်းထက် နှစ်ဖက်ယုံကြည်မှု တည်ဆောက်ရေးက ပိုအရေးကြီးကြောင်း၊ အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်က ပြောကြားလိုက်သည်။

ရန်ကုန်မြို့တော်ရှိ မြန်မာငြိမ်းချမ်းရေးစင်တာ၌ နိုဝင်ဘာလ ၁၄ ရက်နေ့က နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်း၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် အမေရိကန် သမ္မတဟောင်းက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးကွဲအများအပြားရှိပြီး ယုံကြည်ကိုးကွယ်မှုလည်း မတူညီသဖြင့် ရေရှည်အတူတကွ သဟဇာတဖြစ်ဖြစ် နေထိုင်နိုင်ရန် နှစ်ဖက်အဖွဲ့အစည်းများကြား ယုံကြည်မှုတည်ဆောက်ရန် လိုအပ်ကြောင်း။ ဒီမိုကရေစီသို့ ကူးပြောင်းရာတွင် လူတစ်ဦးတစ်ယောက်သည် အမြဲတမ်းမှန်ကန်သည့် စာ 6

လားရှိုး ပဋိပက္ခတွင် လူသတ်မှုကျူးလွန်သူ ငါးဦးကို ပြစ်ဒဏ်ချ စာ 7

ဒေါ်အောင်ဆန်းစုကြည်၊ မဟာဗျူဟာနှင့် အာဒိလိဒ်ဖနောင့်များ စာ 26



CUSTOMS

# ယခုဘဏ္ဍာနှစ် အကောက်ခွန်လျာထားချက်ထက် ကျပ် ၂၇ ဘီလီယံကျော် ကောက်ခံရရှိ

ရန်ကုန်၊ နိုဝင်ဘာ ၁၄

**လက်ရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အကောက်ခွန်ကောက်ခံရရှိမှုသည် ကျပ်ငွေ ၁၇၂ ဒသမ ၄၇ ဘီလီယံ ကောက်ခံရရှိပြီးဖြစ်သောကြောင့် ကျပ်ငွေ ၁၄၅ ဘီလီယံ လျာထားချက်ထက် ၂၇ ဘီလီယံ ကျော် ပိုမိုကောက်ခံရရှိပြီးဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်သည်။**




**မော်တော်ယာဉ်တင်သွင်းမှု စီမံချက်နှင့် တရားမဝင်ကုန်စည်များ၊ တားဆီးထိန်းချုပ်ရေးစီမံချက်တို့ကြောင့် လျာထားချက်ထက်ကျော်လွန်ကာ ကောက်ခံရရှိခြင်းဖြစ်သည်ဟု ဆိုသည်**

အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ပုံမှန်အကောက်ခွန်အတွက် ကျပ်ငွေ ၁၃၅ ဘီလီယံနှင့် အခြားသော ထူးခြားစီမံချက် အကောက်ခွန်အတွက် ကျပ်ငွေ ၁၀ ဘီလီယံ ကောက်ခံရရှိရန် လျာထားရာတွင် ယခုနှစ်ဘဏ္ဍာရေးနှစ် မကုန်မီအတွင်းမှာပင် လျာထားချက်ထက် ပိုမိုကောက်ခံရရှိပြီး ဖြစ်သည်။

ပုံမှန်အကောက်ခွန်အတွက် ကျပ်ငွေ ၁၄၉ ဒသမ ၀၂၅ ဘီလီယံနှင့် အခြားသော ထူးခြားစီမံချက်အတွက် ကျပ်ငွေ ၂၃ ဒသမ ၄၄၄ ဘီလီယံ ကောက်ခံရရှိထားသည့်အတွက် လျာထားချက်ထက် ၁၁၈ ဒသမ ၉၄၄ ရာခိုင်နှုန်းကျော်လွန် ကောက်ခံထားပြီးဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန၏စာရင်းအရ သိရသည်။

ပြီးခဲ့သည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် လျာထားချက် ကျပ်ငွေ ၂၁၀ ဘီလီယံရှိပြီး ကောက်ခံရရှိမှု စုစုပေါင်း ကျပ်ငွေ ၄၀၂ ဒသမ ၇၂ ဘီလီယံ၊ ၁၉၁ ဒသမ ၇၅ ရာခိုင်နှုန်း ကောက်ခံရရှိထားသည်။

အကောက်ခွန်များ တိုးတက်ကောက်ခံရရှိခြင်းသည် ၂၀၁၁ ခုနှစ်နှစ်ကုန်ပိုင်းမှစတင်ကာ မော်တော်ယာဉ်တင်သွင်းမှု စီမံချက်ကြောင့်ဖြစ်ပြီး လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်စီမံချက်နှင့် တရားမဝင်ကုန်စည်များ၊ တားဆီးထိန်းချုပ်ရေး စီမံချက်တို့ကြောင့် ယခုကဲ့သို့အကောက်ခွန် လျာထားချက်ကိုကျော်လွန်ကာ ကောက်ခံရရှိခြင်းဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ လက်ရှိဘဏ္ဍာရေးနှစ်အတွင်းတွင် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် တစ်နှစ်သာ လျာထားချက်ပြည့်မီခြင်းမရှိဘဲ ကျန်နှစ်များတွင် လျာထားချက်ထက် ကျော်လွန်ကောက်ခံရရှိထားသည်။

အစိုးရသစ်တက်လာပြီးနောက်ပိုင်းတွင် မော်တော်ယာဉ်တင်သွင်းခွင့် ဖြေလျှော့မှု၊ တရားမဝင်ကုန်စည် စီးဆင်းမှု လျှော့ချရေး တို့ကြောင့် အကောက်ခွန်လျာထားချက်သည် ယခင်နှစ်များထက် ကျပ်ငွေဘီလီယံ ရာကျော်အထိ ရှိလာပြီး အမှန်တကယ် ကောက်ခံရရှိမှုသည်လည်း ပြီးခဲ့သည့် ၂ နှစ်အတွင်း လျာထားချက်ထက် နှစ်ဆနီးပါးကောက်ခံရရှိထားသည်။

လယ်ယာသုံးဆက်စပ်ပစ္စည်း အားလုံးသည် အကောက်ခွန် သုည ရာခိုင်နှုန်းဖြစ်ပြီး အကြီးစားစက်ပစ္စည်း (Heavy Machine) များကို၁ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ အကောက်ခွန်ကောက်ခံလျက်ရှိသည်။

လတ်တလောတွင် အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းများကို နိုင်ငံတကာ အဆင့်ဖြစ်လာရန် အဆင့်မြှင့်တင်သည့်အနေနှင့် ဂျပန်နိုင်ငံ၏အကူအညီဖြင့် MACCS (Myanamr Automated Customs Clearance System) ဖော်ဆောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၂၀၁၅ ခုနှစ်တွင် လက်ရှိကောက်ခံနေသည့် အကောက်ခွန်ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်းထိ လျှော့ချရန်နှင့် ၂၀၁၈ ခုနှစ်တွင် အကောက်ခွန် သုညရာခိုင်နှုန်းထိ လျှော့ချရန် သဘောတူညီထားကြသည်။ ■

**ကျပ်ဘီလီယံ**

| ဘဏ္ဍာရေးနှစ် | လျာထားချက် | ကောက်ခံရရှိမှု | ရာခိုင်နှုန်း |
|---|---|---|---|
| ၂၀၁၀-၂၀၁၁ | ၂၆၃ | ၂၈၃.၀၆ | ၁၀၇.၆၃ |
| ၂၀၁၁-၂၀၁၂ | ၆၉ | ၁၅၈.၀၃ | ၂၂၉.၀၃ |
| ၂၀၁၂-၂၀၁၃ | ၂၁၀ | ၄၀၂.၇၂ | ၁၉၁.၇၅ |
| ၂၀၁၃-၂၀၁၄ | ၁၄၅ | ၁၇၂.၄၇ | ၁၁၈.၉၄၄ |

**မှတ်ချက်။ ။၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ကောက်ခံဆဲဖြစ်သည်။**

TRANSPORT

# SEA Games ကာလ ရန်ကုန်-နေပြည်တော်-မန္တလေး အထူးအမြန်ရထားနှစ်စင်း နေ့စဉ်ပြေးဆွဲမည်

နေပြည်တော်၊ နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံတွင် လာမည့်ဒီဇင်ဘာလ အတွင်းကျင်းပမည့် (၂၇) ကြိမ်မြောက် SEA Games အားကစားပွဲတော်ကာလ အတွင်း ရန်ကုန်-နေပြည်တော်-မန္တလေးခရီးစဉ်ကို အထူးအမြန်ရထားနှစ်စင်းဖြင့် တစ်လကြာ နေ့စဉ်ပြေးဆွဲမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြောကြားသည်။

နေပြည်တော်တွင် ကျင်းပမည့်(၂၇)ကြိမ်မြောက် SEA Games ပွဲတော်ကာလအတွင်း လုံခြုံရေး၊ တိုက်ရိုက်ထုတ်လွှင့်မှုနှင့် သွားလာရေးအခြေအနေကို ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ဆန်းက နိုဝင်ဘာလ ၁၄ ရက်နေ့တွင်ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် မေးမြန်းရာ ၎င်းက ယင်းသို့ ပြန်လည်ဖြေကြားခဲ့ ခြင်းဖြစ်သည်။

အထူးရထားနှစ်စင်းကိုSEA Gamesကာလမတိုင်မီ နိုဝင်ဘာလ ၂၄ ရက်မှစ၍ ပြိုင်ပွဲပြီးဆုံးမည့် ဒီဇင်ဘာ ၂၃ ရက်နေ့အထိ အစုန်အဆန်ပြေးဆွဲမည်ဖြစ်ကြောင်း၊ အဆိုပါရထားသည် ရန်ကုန်မှ ည ၇ နာရီအချိန်တွင် ထွက်ခွာပြီး နေပြည်တော်သို့ နံနက် ၅ နာရီတွင် ရောက်ရှိနိုင်ရန် စီစဉ်ထားကြောင်း၊ ယင်းနောက် မန္တလေးသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိမည်ဖြစ် ကြောင်း ၎င်းကဆက်လက် ရှင်းပြသည်။

SEA Games ကာလအတွင်း ရန်ကုန်-နေပြည်တော် ခရီးစဉ်အတွက် ယာဉ်လိုင်း ၂၃ လိုင်းမှ ယာဉ်အစီးရေ ၄၃၀ စီး၊ နေပြည်တော်-မန္တလေးခရီးစဉ်အတွက် ယာဉ်လိုင်း ၁၄ လိုင်းမှ အစီးရေ ၂၇၆ စီး၊ နေပြည်တော်မြို့တွင်းအတွက် ၃၂၁ စီး၊ ရန်ကုန်မြို့တွင်း ယာဉ်လိုင်း ၃၉၅ လိုင်းမှ အစီးရေ ၆၃၃၈ စီး၊မန္တလေးတွင် ယာဉ်လိုင်း ၄၃ လိုင်းမှ အစီးရေ ၈၅၅ စီး ပြေးဆွဲမည်ဖြစ်ကြောင်း၊ စီးလုံးငှားယာဉ်များကို နေပြည်တော်တွင် ၁၁၁ စီး၊ ရန်ကုန်တွင် ၃၃,၆၆၇ စီး၊ မန္တလေးတွင် ၁၃၅ စီး ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါ ဒုတိယဝန်ကြီးက ပြောကြားသည်။

ထို့ပြင် ရွှေလှေပြိုင်ပွဲကျင်းပမည့် ငွေဆောင်ကမ်းခြေသို့ ပြေးဆွဲမည့် ရန်ကုန်- ပုသိမ်-ငွေဆောင်ခရီးစဉ်အတွက် ခရီးသည်တင်ယာဉ် ၆၄ စီး စီစဉ်ထားပြီး လုံလောက်မှုမရှိပါက ဇရာဝတီတိုင်းဒေသကြီးသို့ လက်ရှိပြေးဆွဲနေသော ခရီးသည်တင် ယာဉ် ၅၁၆ စီးအပြင် တက္ကစီ ၁၅၀ စီးဖြင့် ပြေးဆွဲပေးမည် ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။ ■

SPECIAL REPORT

# ငွေကြေးဖောင်းပွမှု တစ္ဆေ

ရဲငွန်အောင်

**မြန်မာနိုင်ငံစီးပွားရေးစောင့်ကြည့်အစီရင်ခံစာကို ယခုနှစ်နိုဝင်ဘာလဆန်းတွင် ကမ္ဘာ့ဘဏ်က ပထမဆုံးအကြိမ်အဖြစ်တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။ ယင်းအစီရင်ခံစာကို ခြောက်လလျှင်တစ်ကြိမ်ထုတ်ပြန်မည်ဖြစ်သည်။**

နိုဝင်ဘာလ ၆ ရက်နေ့က ထုတ်ပြန်လိုက်သည့် ယင်းအစီရင်ခံစာတွင် သဘာဝဓာတ်ငွေ့၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်တင်ပို့မှု ဖွံ့ဖြိုးလာသောကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်မှုရှိပြီး ၂၀၁၄ ခုနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်နိုင်ကြောင်း ဖော်ပြထားသည်။

သို့သော်လည်း စားသောက်ကုန်ဈေးနှုန်းနှင့် အိမ်၊ ခြံ၊ မြေငှားရမ်းခ စသောကုန်ကျစရိတ်များ မြင့်တက်လာသောကြောင့် ငွေကြေးဖောင်းပွမှုမှာ ယခုနှစ်ဩဂုတ်လအထိ ၇ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။


ဓာတ်ပုံ - မြင့်မိုးညို

**ငွေကြေးဖောင်းပွမှုသည် အထွေထွေကုန်ဈေးနှုန်းနှင့်ဆက်စပ်နေပြီး နိုင်ငံသားများ၏ ဝယ်ယူနိုင်စွမ်းအားကျဆင်းစေကာ အထူးသဖြင့် အခြေခံလူတန်းစားကို ပိုမိုထိခိုက်စေသည်ဟုဆိုသည်**

## စီးပွားရေးတိုးနှုန်းထက် ကုန်ဈေးနှုန်းတက်နှုန်းက မြင့်နေသည့်သဘော

"အဓိကကတော့ ငွေကြေးဖောင်းပွမှုကို ဖြစ်စေမယ့် အကြောင်းရင်းတွေကို မဖြစ်အောင်လုပ်ဖို့ပဲလိုအပ်တာပါ။ IMF (အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့) ကတော့ အဓိကပြောမှာပေါ့။ ဘတ်ဂျက်လိုငွေပြရင်လည်း ငွေကြေးဖောင်းပွမှုဖြစ်တတ်တယ်။ ငွေလဲနှုန်းတန်ဖိုး ကျရင်လည်း ဖြစ်တတ်တယ်။ ငွေကြေးဖောင်းပွမှု ၅ ဒသမ ၅ ရာခိုင်နှုန်းအောက်မှာပဲရှိသင့်တယ်လို့ IMF ကလည်း ပြောထားတယ်"ဟု စီးပွားရေးမူဝါဒဆိုင်ရာ ပညာရှင် ဒေါက်တာအောင်ကိုကိုက ဆိုသည်။

မြန်မာနိုင်ငံမှာ ကုန်ထုတ်လုပ်နိုင်စွမ်းနည်းပါး၍ သွင်းကုန်ပေါ်မှီခိုနေရပြီး ဘဏ္ဍာရေးလိုငွေပြနေသောနိုင်ငံ ဖြစ်သောကြောင့် ကုန်ဈေးနှုန်းတက်ခြင်း၊ မီတာခတက်ခြင်းကဲ့သို့သော ငွေကြေးဖောင်းပွမှုဖြစ်စေနိုင်သော ကိစ္စရပ်များကို ဂရုတစိုက်ထိန်းသိမ်းသင့်သည်ဟု စီးပွားရေးပညာရှင်အချို့က သုံးသပ်သည်။

"Inflation ရယ်၊ ကုန်ဈေးနှုန်းရယ်၊ လုပ်ခလစာရယ်၊ ကုန်ထုတ်လုပ်မှုရယ်က ဆက်စပ်မှုတွေရှိနေနေတယ်။ တစ်ခုတက်ရင် အခြားတစ်ခုက လိုက်တက်မယ်။ Inflation တက်လာရင် ကုန်ဈေးနှုန်းတက်လာမှာ။ ကုန်ဈေးနှုန်းတက်တာကို ထိန်းဖို့ လစာတို့ ကုန်ထုတ်လုပ်မှုတို့ ပိုကုန်တိုတက်လာရမယ်"ဟု စီးပွားရေးမဟာဘွဲ့ရ တစ်ဦးဖြစ်သူ ဦးနိုင်ဦးကဆိုသည်။

ငွေကြေးဖောင်းပွမှုကြောင့်ကုန်ဈေးနှုန်းများတက်လာမည်ကိုစိုးရိမ်ပြီး အခြေခံလူတန်းစားများအတွက် အခက်အခဲများဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြောင်း ၎င်းကဆိုသည်။

ကမ္ဘာ့ဘဏ်ထုတ်ပြန်ချက်တွင် လက်ရှိ ၇ ဒသမ ၃ ရာခိုင်နှုန်းရှိနေသော မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုသည် ထက်မံတိုးတက်လာဖွယ်ရှိနေပြီး စိုးရိမ်ရကြောင်း ဖော်ပြထားသည်။

အစိုးရလိုငွေပြမှု၊ ကုန်သွယ်ရေးမညီမျှမှုနှင့် အိမ်၊ ခြံ၊ မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ ကုန်စည်ဈေးနှုန်းမြင့်တက်မှုများကြောင့် ဖြစ်နိုင်ကြောင်းလည်း စီးပွားရေးပညာရှင်အချို့က သုံးသပ်သည်။

"ငွေကြေးဖောင်းပွမှုကြောင့် တစ်ယူနစ်ထုတ်လုပ်မှုစရိတ်ပိုမြင့်မားစေတယ်။ Total Production Cost (စုစုပေါင်းထုတ်လုပ်မှု စရိတ်) ရော Unit Production Cost (တစ်ခုချင်းအလိုက် ထုတ်လုပ်မှုစရိတ်)ရော မြင့်မားလာတယ်။ မြန်မာနိုင်ငံက ထုတ်ကုန်တွေက ပြည်ပနိုင်ငံတွေက ထုတ်ကုန်တွေကို မယှဉ်နိုင်ဘူး။ ထုတ်လုပ်မှုကုန်ကျစရိတ်တွေ မြင့်မားနေလို့ ယှဉ်ပြိုင်နိုင်စွမ်းနိမ့်သွားတယ်။ ဈေးနှုန်းအတိုင်းအတာ ယှဉ်နိုင်စွမ်းနိမ့်သွားတယ်။ နောက်ပြီး ငွေကြေးဖောင်းပွမှုမြင့်ရင် ငွေတန်ဖိုးကျမယ်။ ငွေလဲနှုန်းကျမယ်"ဟု စီးပွားရေးမူဝါဒပညာရှင် ဒေါက်တာအောင်ကိုကိုက ပြောဆိုသည်။

ပြည်ပလုပ်ငန်းအချို့ပြည်တွင်းတွင် လာရောက်လုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိနေသော်လည်း စီးပွားရေးတည်ငြိမ်မှုရှိနေမှသာ လာရောက်ကြမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

"FDI တွေများများဝင်လာရင်၊ စက်ရုံအလုပ်ရုံတွေများလာရင်၊ ကုန်ထုတ်လုပ်မှုမြင့်လာရင် ကုန်ဈေးနှုန်းတွေကျလာမယ်။ အခုက FDI တွေက လောက်လောက်လားလားမဝင်သေးဘူး။ ထင်သာမြင်သာမဝင်သေးဘူး။ ထုတ်လုပ်မှုတိုးတက်လာရင် ကုန်ဈေးနှုန်းကျလာမယ်။ သူများနိုင်ငံတွေ တက်တာက ၁ ရာခိုင်နှုန်း၊ ၂ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ ကုန်ဈေးနှုန်းထပ်တက်ရင် အခြေအနေပိုဆိုးမယ်"ဟု ကမ္ဘာ့ဘဏ် ဒုတိယဥက္ကဋ္ဌဦးသန်းလွင်က ပြောကြားသည်။

ငွေကြေးဖောင်းပွမှုသည် အထွေထွေကုန်ဈေးနှုန်းနှင့် ဆက်စပ်နေပြီး နိုင်ငံသားများ၏ ဝယ်ယူနိုင်စွမ်းအားကျဆင်းစေကာ အထူးသဖြင့် အခြေခံလူတန်းစားကို ပိုမိုထိခိုက်စေကြောင်း ဒေါက်တာအောင်ကိုကိုက ပြောဆိုသည်။

"အခြေခံလူတန်းစားဆိုတာက ဝင်ငွေအဆင့်နိမ့်တဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ ပုဂ္ဂလိကဝန်ထမ်းတွေကိုဆိုလိုတာ။ ဒါပေမဲ့ ဒီကိစ္စကြီးက နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်တယ်"ဟု ၎င်းကဆိုသည်။

ငွေကြေးဖောင်းပွမှုနှုန်းသည် တိုင်းပြည်စီးပွားရေးတည်ငြိမ်မှု အတွက် အလွန်အရေးပါပြီး ငွေကြေးဖောင်းပွမှုနှုန်း ၇ ရာခိုင်နှုန်းကျော်ရှိနေခြင်းကြောင့် စားသုံးသူများအပါအဝင် ကုန်ထုတ်မှုလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုရှိကြောင်း၊ တောင်ဒဂုံစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းစုတစ်ခုမှ အုပ်ချုပ်မှုဒါရိုက်တာဦးရန်နောင်က သုံးသပ်သည်။

"လွန်ခဲ့တဲ့ ၂ နှစ်လောက်က လက်ဖက်ရည်တစ်ခွက် ၂၀၀ ကနေ အခု ၂၅၀၊ ၃၀၀ ဖြစ်လာပြီ"ဟု ညောင်ပင်လေးဈေးတွင် လက်ကားကုန်ပစ္စည်းရောင်းချသူ ဒေါ်ခင်ဖုန်းက ဆိုသည်။

ငွေကြေးဖောင်းပွမှုကြောင့်
**စာမျက်နှာ ၈ သို့**



EDITORIAL

# အနှစ်သာရနှင့် ပကာသန

မြန်မာနိုင်ငံတွင် ကထိန်ရာသီရောက်လာပြီဆိုသည်နှင့် ဘာသာရေးဗန်းပြ အသံချဲ့စက်များက နေ့မအား၊ ညမနား ဖွင့်တတ်ကြသည်။ ဘာသာရေးဗန်းပြဆိုသည့်အတိုင်း ဘာသာရေး၏ အနှစ်သာရကို လေးနက်စွာ နားမလည်သူများက အသံချဲ့စက်ကျယ်ကျယ်ဖွင့်မှ ဘာသာတရား လေးစားသယောင် ပြနေကြခြင်းဖြစ်သည်။

စင်စစ်အားဖြင့် အခြားဗုဒ္ဓဘာသာနိုင်ငံများတွင် ဘုရားရိပ်၊ ကျောင်းရိပ်စသည့် သာသနာပိုင်နယ်မြေများမှာ ဆူညံသံမကြားရဘဲ များစွာ အေးချမ်းငြိမ်သက်မှုရှိသည်။ ထို့အတူ ဘာသာရေးအခမ်းအနားများကိုလည်း ဆိတ်ဆိတ်ငြိမ်ငြိမ်ကျင်းပကြသည်။ ဘာသာရေးနှင့်မဆိုင်သော အနောက်တိုင်းခေတ်ပေါ် တေးဂီတများ၊ သီဆို၊ တီးမှုတ်၊ ကခုန်ခြင်းမပြုကြပဲ ရိုးရာဂီတကို အသံချဲ့စက်မပါဘဲ ငြိမ့်ညောင်းသံသာစွာ သီဆို၊ တီးမှုတ်ခြင်းသာရှိသည်။

မြတ်ဗုဒ္ဓ၏ ဓမ္မများကိုယ်၌က အေးချမ်းခြင်း၊ တည်ငြိမ်ခြင်းသဘော အပြည့်အဝဆောင်သောကြောင့် ဆူညံမှုများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ထို့အတူ ဗုဒ္ဓသည် အနှစ်သာရသဘောကိုသာ အဓိကထားပြီး ပကာသနကိုအားမပေးပေ။ သာသာနာပြုခြင်းမှာ လူသားတိုင်း၏ စိတ်နှလုံးကို နူးညံ့သိမ်မွေ့စေလိုခြင်း၊ အေးချမ်းတည်ငြိမ်စေလိုခြင်း၊ ကောင်းသောအမူများနှင့် မွေ့လျော်စေခြင်း၊ အမှန်တကယ်လိုအပ်ချက်ရှိနေသော ရဟန်း၊ နေရာ၊ ဌာန၊ လူပုဂ္ဂိုလ်များကို လှူဒါန်း၊ ပေးကမ်း၊ စွန့်ကြဲကာ မှန်ကန်သောဒါနပြုစေလိုခြင်း၊ ကိုယ်ကျင့်သီလ၊ ကျင့်ဝတ်သိက္ခာများ စောင့်ထိန်းလိုက်နာစေလိုခြင်း၊ ဝိပဿနာ ဘာဝနာတရား လက်တွေ့ပွားများ၊ ကျင့်ကြံ အားထုတ်စေလိုခြင်းတို့ ဖြစ်သည်။ ဆိုလိုသည်မှာ မြတ်ဗုဒ္ဓ၏ အစစ်အမှန် အဆုံးအမ ဓမ္မကို ကျွန်ုပ်တို့ကိုယ်စီ၏ စိတ်နှလုံးတွင် ကိန်းအောင်းတည်တံ့ခြင်း တစ်နည်းအားဖြင့် နှလုံးသားတွင် ဘုရားတည်ခြင်းဖြစ်သည်။

သို့သော် ယနေ့ မြန်မာလူမှုပတ်ဝန်းကျင်တွင် ပြုမူနေကြသော ဘာသာရေးကိစ္စများမှာ ဗုဒ္ဓ၏ အစစ်အမှန် ဓမ္မနှင့် ဖီလာပြုနေသည့် အပေါ်ယံရှေ့မှုန်ကြဲကိစ္စတို့က ကြီးစိုးနေရာယူထားသကဲ့သို့ရှိသည်။ ဆိုလိုသည်မှာ အဓိက အနှစ်သာရထက် သာမည ပကာသနဘက်ကို အသားပေးလွန်းနေသည့်သဘောဖြစ်သည်။ ရဟန်းသံဃာများကိုလည်း ဝိနည်းနှင့်မအပ်စပ်သည့် ဝတ္ထုပစ္စည်းများ လွန်ကဲစွာ ဆက်ကပ်လှူဒါန်းလာခြင်းနှင့် ထိုဆက်ကပ်လှူဒါန်းမှုများကို အလှူခံပုဂ္ဂိုလ်များကလည်း လက်ခံနေခြင်းတို့ကလည်း ပကာသနကို သွယ်ဝိုက်အားပေးသကဲ့သို့ ဖြစ်နေသောကြောင့် ဗုဒ္ဓအလိုကျ သာသနာတော်ကြီးအတွက် စိုးရိမ်ဖွယ်ရာဖြစ်သည်။

လူ့အဖွဲ့အစည်းတို့၏ ယဉ်ကျေးမှုနှင့် အတွေးအခေါ်မှာ ထိုလူ့အဖွဲ့အစည်း၏ ဘာသာရေးအဆုံးအမအပေါ်တွင် ယေဘုယျအားဖြင့် အခြေခံသည်။ ထို့အပြင် အခြားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများအပေါ်တွင်လည်း ဘာသာရေးက တစ်နည်းမဟုတ်တစ်နည်း ဩဇာသက်ရောက်မှုရှိတတ်သည်။ ဘာသာတရား၏ အနှစ်သာရများအပေါ် ပကာသနများက ကြီးစိုးထားပါက အခြားနယ်ပယ်အားလုံးကိုလည်း သက်ရောက်မှုရှိလာကာ အကာဦးစားပေး အနှစ်မဲ့ လူ့အဖွဲ့အစည်းအဖြစ်သို့ ရောက်ရှိသွားနိုင်သည်ကို အထူးသတိချပ်သင့်ကြောင်း သတိပေးလိုရင်းဖြစ်သည်။

**အယ်ဒီတာ(၁၄-၁၁-၂၀၁၃)**

The VOICE Weekly

The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)

**Chief Editor** - Kyaw Min Swe, **Editor in-Charge**-Zeya Thu, **Managing Editor**-Kyaw Naing, **Contributor** -Nathan Maung, **Senior Executive Editors** - Kyaw San Min, Khine Cho Zaw Win Tin, Zin Zin Thaw, Thiri Zaw, Nwet Kay Khine, **Senior Editors**-Mya Hnin Aye, Thu Rein Hlaing @ Khunn Thu, **Editorial Secretary**- Aung Soe, **Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han, Hein Tint, **Photo Editor**-Moe Kyaw Lwin, **Foreign Affairs** - Aung Kyaw Soe (Desk Editor), Tin Aye Kyaw, Thant Zin Soe, Aung Nyein Chan, **Editors** - Min Htet San, Aung Bo Bo Shein, Kyaw Swar Soe, Min Myo, Kyi Kyi Lwin, Moe Khine, Kyu Kyu Thin (Moe Myay), **Editorial Assistant**- Swe Nyein Aye, Chan Nyein Phyu, Thiri Win Thu Lwin. **Senior Reporters**-Tin Linn, Pyae Phyo Lin, Aung Myint Htun, Le Yee Myint, **Reporters** - Ei Mon Aung, Ye Zon Aung, Naw Ko Ko, Shwe Sin Oo, Nyan Myo Aung, Kyaw Oo Naing, Aung Aung Tun, Sid Nyein Thu, Zami Oo, Pyae Phyo Aung, Ye Naing Oo, Khine Cherry Htun, Thant Zin Oo, Thin Yadanar Su, Han Thu Tun, Thazin Oo, Kan Zaw, **Photographer**- Ye Pyae Zami, **Mandalay**- Ye Win Naing, Aye Thanda Tun, Win Shwe Yi Oo, Min Min Soe, **Monywa** - Ko Thet, Thi Ha Phone Mo (Magway)

SPECIAL REPORT

# ကလေးအမည်တပ် လူကြီးအကြွေစေ့လောင်းကစားဝိုင်းများ

ကြည်ကြည်လွင်၊ ခိုင်စိုးလင်း၊ ကျော်ဦးနိုင်

**ကလေးကစားကွင်းဟု အမည်တပ်ထားသော်လည်း လူကြီးများသာ တွေ့ရလေ့ရှိသည်။**



arstechnica

ရန်ကုန်မြို့တော်တွင် လူနေမှု အဆင့်အတန်းမြင့်မားလာခြင်းနှင့်အတူ အပန်းဖြေစရာ အဆင့်မြင့်ကလေးကစားကွင်း၊ အဆင့်မြင့်အပန်းဖြေစင်တာများ အများအပြား ပေါ်ထွက်လာသည်။ ရန်ကုန်မြို့တော်၏ လူစည်ကားရာလမ်းမများ၊ အချက်အချာကျသော နေရာများတွင် ဂိမ်းစင်တာများ ဖွင့်လှစ်လာသကဲ့သို့ ဈေးဝယ်စင်တာများတွင် ဈေးဝယ်သူများ၊ စိတ်အပန်းပြေစေရန် အပန်းဖြေဂိမ်းစင်တာ၊ ကလေးကစားကွင်းများပါ ထည့်သွင်း တည်ဆောက်လာသည်။

နာမည်ကျော်ကလေးကစားကွင်း၊ အပန်းဖြေကစားကွင်းများတွင် ရရှိလာသော ကူပွန်၊ အကြွေစေ့များကို လက်ဆောင်ပစ္စည်းများလဲလှယ်ကာ အပျော်တမ်းကစားနည်းများ ဆောင်ရွက်မှုများ ရှိသော်လည်း အချို့သော ကလေးကစားကွင်း၊ အပန်းဖြေစင်တာများသည် အဆင့်မြင့်အကြွေစေ့ဂိမ်းစက်များ အများစု နေရာယူလေ့ရှိသည်။

နည်းပညာ တိုးတက်လာမှုကြောင့် အကြွေစေ့ ဂိမ်းစက်များတွင် အကြွေစေ့များ ထည့်သွင်းရန်မလိုဘဲ ကစားလိုသော ငွေပမာဏကို ဂဏန်းရိုက်ထည့်ကာ ဆော့ကစားနိုင်ပြီး အနိုင်အရှုံးကို အဆိုပါ စက်က တွက်ချက်ပေးသည် အထိပင်ဖြစ်လာသည်။ အကြွေစေ့ ဂိမ်းကစားနည်းများမှာ သီးစုံ၊ ငါးမန်း၊ ဂဏန်းထိုးသော ကစားနည်းများနှင့် အခြားသော ကစားနည်းအမျိုးပေါင်း ၂၀ ကျော်ခန့်ရှိသည်။

အပန်းဖြေအဆင့်မြင့် ကစားကွင်းများ၊ ကလေးကစားကွင်း (Amusement Centre) ဟု အမည်တပ်ထားသောနေရာများတွင် ကလေးများထက် ဆယ်ကျော်သက်၊ လူလတ်ပိုင်းနှင့် လူကြီးပိုင်းများ အများစုကို တွေ့မြင်ရသည်။

"ပထမပိုင်းတွေတော့ နိုင်သေးတယ်။ နောက်ပိုင်းလိုက်ရင်းလိုက်ရင်းနဲ့ ကုန်သွားတာ" ဟု တာမွေမြို့နယ်တွင် နေထိုင်သူ အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးက ပြောကြားသည်။

အကြွေစေ့ဂိမ်းများကြောင့် အခြားသူ၏ ပစ္စည်းကို လောဘဖြင့် အလွယ်ရယူလိုသောစိတ်၊ ဂိမ်းဆော့ကစားရာတွင် ရှုံးလာပါက မိမိပိုင်ပစ္စည်းများ၊ မိသားစုဝင်များ၏ တန်ဖိုးကြီးပစ္စည်းများကို ရောင်းချပေါင်နှံကစားသူများရှိလာရာ မိသားစုတွင် အတွင်းရန်သူ ရှိသကဲ့သို့ပင် ဖြစ်ကြောင်း သင်္ဃန်းကျွန်း မြို့နယ်၊ ငမိုးရိပ်ရပ်ကွက်တွင် နေထိုင်သူ တက္ကသိုလ်ကထိကဆရာမ တစ်ဦးက ပြောကြားသည်။

"ဈေးထားတော့ ကလေးကစားကွင်းတဲ့၊ ကလေးကစားဖို့က ဟန်ပြပဲ။ အထဲမှာ လူကြီးတွေချည်းပဲ" ဟု ကျောက်တံတားမြို့နယ်တွင် တံဆိပ်တုံးလုပ်ငန်းလုပ်ကိုင်သူ အသက် ၄၀ ကျော် အမျိုးသားတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော်ရှိ ကလေးကစားကွင်း (Amusement Centre) များတွင် ကစားကွင်း ဝန်ထမ်းတစ်ဦးက အကြွေစေ့ ကစားသူများထံမှ အကြွေစေ့ဝယ်ခြင်း၊ ရောင်းခြင်းများဆောင်ရွက်ပေးသည်။

ကစားကွင်းကောင်တာတွင် တစ်စေ့လျှင် ကျပ် ၁၀၀ ဖြင့် ရောင်းချသော အကြွေစေ့သည် ၎င်းထံတွင် ၉၅ ကျပ်ဖြင့် ဝယ်ယူနိုင်ပြီး ကစားသူက ပြန်ရောင်းလိုပါက ကျပ် ၉၀ ဖြင့် လက်ခံဝယ်ယူသည့် လောင်းကစားဆန်လာသောငွေ ပေးငွေယူမှုများအထိ လုပ်ကိုင်လာသည်။

"ဒီအကြွေစေ့ဂိမ်းတွေကြောင့် ဘဝပျက်သူပျက်၊ လင်မယားကွဲ၊ ကားပါကုန်တဲ့ သူတွေရှိတယ်" ဟု ပန်းဘဲတန်းမြို့နယ်တွင် နေထိုင်သူ အသက် ၂၇နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောကြားသည်။

ယင်းကစားကွင်း၊ အပန်းဖြေနေရာများကို လာရောက်ကစားသူများ၊ အပန်းဖြေရန် အတွက်သာ တရားဝင်လိုင်စင်ဖြင့် ခွင့်ပြုထားသော်လည်း ယင်းနောက်ကွယ်တွင် မမြင်နိုင်သော လောင်းကစားပုံသဏ္ဌာန်မျိုးစုံဖြင့် လုပ်ကိုင်မှုများလည်း ရှိသည်။

"ဆိုင်ထဲမှာ ကောင်တာက အလုပ်မရှုပ်ဘူး။ ဂိမ်းစက်နားက ဝန်ထမ်းကောင်မလေးတွေက စာရွက်တွေနဲ့ ရေးမှတ်လိုက် သော့နဲ့ ပိုက်ဆံထည့်လိုက် ငွေကြေးစာရင်းမှတ်လိုက်နဲ့ အလုပ်တွေ ရှုပ်နေတာပဲ။ မပြီးသာ ထိုးနေကြတာ ဘယ်လို အကျိုးအမြတ်တွေ ရှိတယ်၊ ဘယ်လိုတွေရသလဲဆိုတာ၊ တစ်ခါတလေ လာကြည့်သူအနေနဲ့ မသိနိုင်ဘူး" ဟု သိမ်ကြီးဈေး (စီ)ရုံတွင် ဖွင့်လှစ်ထားသော ဂိမ်းစင်တာတစ်ခုကို ရောက်ရှိခဲ့သူ အသက် ၃၀ အမျိုးသားတစ်ဦးက ပြောကြားသည်။

ဂိမ်းစင်တာ၊ အပန်းဖြေ ကစားကွင်း၊ ကလေးကစားကွင်းများကို တာဝန်ရှိသူများက ကလေးများ ပျော်ရွှင်စွာကစားရန်၊ လူကြီးများ စိတ်အပန်းဖြေရန်အတွက် ခွင့်ပြုထားသော်လည်း ကစားကွင်းအမည်ခံကာ လောင်းကစားဆန်သော ကစားနည်းများကို ဆောင်ရွက်ရန်မသင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ခေတ်မီကလေးကစားကွင်းများ၊ အပန်းဖြေကစားကွင်းများ အမည်ခံကာ လောင်းကစားဆန်သည့် အကြွေစေ့ ဂိမ်းကစားမှုများသည် လူငယ်များ အတွက် အကျင့်စာရိတ္တပိုင်းဆိုင်ရာ ယိုယွင်းမှုများ ဖြစ်စေနိုင်ခြင်း၊ တို့ကြောင့် ကြပ်မတ်စွာ ထိန်းချုပ်သင့်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ် မဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်က ပြောကြားသည်။

ရန်ကုန်မြို့တော်တွင် ဖွင့်လှစ်ထားသော ကလေးကစားကွင်း၊ အပန်းဖြေ ကစားကွင်းစင်တာများ၊ လုပ်ကိုင်ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ စီမံဌာနက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကလေးကစားကွင်း၊ အပန်းဖြေကစားကွင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ကို စိစစ်ထုတ်ပေးလျက်ရှိကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး

**စာမျက်နှာ 5 သို့**

## စာမျက်နှာ 4 ကလေးအမည်တပ် လူကြီးအကြွေစေ့ လောင်းကစားဝိုင်းများ မှ အဆက်

ကော်မတီ၊ စီမံရေးရာဌာနထံမှ သိရှိရသည်။

အပန်းဖြေကစားကွင်း၊ ကလေးကစားကွင်းစင်တာများ၊ လုပ်ကိုင်ရာတွင် ဖွင့်လှစ်မည့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ဂိမ်းစက်ပစ္စည်းများ တရားဝင်တင်သွင်းလာမှု စာရွက်စာတမ်းများ။ ယင်းအဖွဲ့မှ မြေပြင်တွင် ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းတည်နေရာ မီးသတ်၏ ထောက်ခံချက်၊ လျှပ်စစ်၊ ကျန်းမာရေးဌာန လုပ်ငန်းတည်နေရာနှင့် အနီးဆုံး ပတ်ဝန်းကျင် ၁၀ ဦး၏ ထောက်ခံချက်၊ လုပ်ငန်းနှင့် သက်ဆိုင်သော ဌာနဆိုင်ရာများ၏ ထောက်ခံချက်များပါဝင်ကာ မြို့နယ်ရုံးတွင် လျှောက်ထားရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (Y.C.D.C)၊ စီမံရေးရာဌာနထံမှ သိရှိရသည်။

လျှောက်ထားရာတွင် အသုံးပြုသော ကလေးကစားကွင်း၊ စက်ပစ္စည်းများသည် လောင်းကစားပြုသော စက်မဟုတ်ကြောင်းကို တာဝန်ခံရမည်ဖြစ်ပြီး၊ လောင်းကစားပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည် ဖြစ်ကြောင်းနှင့် လိုင်စင်ပိတ်သိမ်းသည် အထိ ဆောင်ရွက်ရမည်ကို ဝန်ခံသိရှိကြောင်း၊ လျှောက်ထားသူဘက်က ဝန်ခံချက်ရေးသား၊ လျှောက်ထားရမည် ဖြစ်ကြောင်း (Y.C.D.C) စီမံရေးရာ ဌာနထံမှ သိရှိရသည်။

လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားမှုကို မြေပြင်တွင် ကွင်းဆင်းစစ်ဆေးပြီးနောက် ခရိုင်ရုံးမှ ထပ်မံစိစစ်ပြီး Y.C.D.C၊ စီမံရေးရာဌာနထံ တင်ပြရကြောင်း။ လုပ်ငန်းလိုင်စင်ပေးရန် စီမံဌာနမှတစ်ဆင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ အစည်းအဝေးတွင်ခွင့်ပြုရန် သင့်မသင့်ဆုံးဖြတ်ပြီး၊ တိုင်းဒေသကြီးအစိုးရထံ ထပ်မံတင်ပြကာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ချထားပေးသော လုပ်ငန်းများဖြစ်ကြောင်း၊ Y.C.D.C စီမံရေးရာဌာနထံမှ သိရှိရသည်။

အပန်းဖြေကစားကွင်းစင်တာ၊ ကလေးကစားကွင်းများလုပ်ငန်း၊ လိုင်စင်ပေးရန် လိုအပ်ပါကစစ်ဆေးမှုများကို ထပ်မံဆောင်ရွက်ပြီး လတ်တလောတွင် အပန်းဖြေကစားကွင်းစင်တာသုံးခုကို လုပ်ငန်းလိုင်စင်ချပေးရန် တိုင်းဒေသကြီးအစိုးရက ပြန်လည်စိစစ်ရန် အကြံပြုချက်ကြောင့် ပြန်လည် စိစစ်လျက်ရှိကြောင်း။ အပန်းဖြေကစားကွင်းစင်တာ လုပ်ငန်းလိုင်စင်ပေးရန် အဆင့်ဆင့်စစ်ဆေး အတည်ပြုရသောကြောင့် နှစ်ပတ်မှ ၄၅ ရက်ခန့်ကြာမြင့်ကြောင်း၊ ယင်းဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"သူတို့က စက်တွေပြပြီး ဒါကို ဒီလိုဆော့ရတယ်သာ ပြောပေမယ့် သူတို့ပြောတာပဲသိတာ။ စက်အကြောင်း၊ ဒီစက်က ဘယ်လိုလောင်းကစားနည်းနဲ့ လုပ်ရတယ်ဆိုတာ သွားစစ်တဲ့သူတွေ ကိုယ်တိုင်နားမလည်နိုင်တာမျိုးရှိတယ်" ဟု ၎င်းက ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားသော အပန်းဖြေကစားကွင်းနှင့် ကလေးကစားကွင်းဆိုင်များမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်သော်လည်း ဆိုင်အတွင်း ငွေကြေးလောင်းကစား ပါဝင်လာပါက သက်ဆိုင်ရာရဲစခန်းနှင့် တိုင်းရဲတပ်ဖွဲ့ရုံးသို့ တိုင်ကြားနိုင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဒီဆိုင်တွေကြောင့် ကျောင်းသားတွေ လောင်းကစားလုပ်တတ်ပြီး ပျက်စီးလာကြတယ်။ ခေတ်မီအပန်းဖြေ အဆင့်မြင့်ကစားကွင်းတွေကို တိုင်းဒေသကြီး ခွင့်ပြုမိန့်နဲ့ ဖွင့်လှစ်တာမှန်ပေမယ့် စည်ပင်က လိုင်စင်ထုတ်ပေးပြီးမှ တိုင်းဒေသကြီးကို မူသဘောအရခွင့်ပြုမိန့်တင်တာ။ သတ်မှတ်ချက် စည်းကမ်းတွေကို မလိုက်နာဘဲ လောင်းကစားပြုလုပ်လာတယ်ဆိုရင် ရဲက ဖမ်းရမှာပဲ" ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ခေတ်မီကလေးကစားကွင်း၊ ခေတ်မီအပန်းဖြေကစားကွင်း၊ လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင် ထုတ်ပေးထားသည်မှာ ၃၉ ခုသာရှိကြောင်း ယင်းဌာနထံမှ သိရှိရသည်။

သို့သော် အကြွေစေ့လောင်းကစားစက်များမှာ ဆင်ခြေဖုံးမြို့နယ်များတွင် ရာနှင့်ချီ ရှိနိုင်ကြောင်း မြို့ခံအချို့ကဆိုသည်။

အကြွေစေ့ ဂိမ်းဆိုင်အများစုမှာ ရပ်ကွက်များတွင် Network ဂိမ်းဆိုင်အဖြစ် လုပ်ငန်းလိုင်စင်ယူပြီး ဆိုင်များဖွင့်ကာ ပြင်ပမှ ဆိုင်အတွင်း လွယ်ကူစွာ မမြင်နိုင်စေရန် ခန်းဆီးလိုက်ကာများကို တံခါးပေါက် အပြည့်တပ်ဆင်ထားပြီး ဂိမ်းစက်များမှ အသံများအပြင်သို့ မကြားနိုင်စေရန် စီမံထားကြောင်း၊ အဆိုပါဂိမ်းဆိုင်များ အနီးတွင် ရဲတပ်ဖွဲ့ဝင်များနှင့် သတင်းပေးများ စီနင်းသော မော်တော်ဆိုင်ကယ်များကို မကြာခဏ တွေ့ရှိရသောကြောင့် သက်ဆိုင်ရာမြို့နယ် အာဏာပိုင်များနှင့် အပေးအယူ ပြုလုပ်ပြီး ဖွင့်လှစ်နေသည်ဟု ယူဆကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောကြားသည်။

ရန်ကုန်တိုင်းအတွင်း၊ ရန်ကင်း၊ တာမွေ၊ မင်္ဂလာတောင်ညွှန့်၊ လသာမြို့နယ်တို့တွင် အဆိုပါဂိမ်းဆိုင်များကို အများဆုံး ဖွင့်လှစ်ထားသည်ကို တွေ့ရှိရပြီး၊ အဆိုပါ ဂိမ်းစက်များမှာ တရုတ်နိုင်ငံမှ ဝင်ရောက်လာသော ကာစီနို လောင်းကစား၊ စက်များဖြစ်ကြောင်း။ ဂိမ်းစက်များကို ကွန်ပျူတာ ဆော့ဖ်ဝဲများဖြင့် ပြုပြင်ထားပြီး၊ လောင်းကစားငွေ ပမာဏကိုကြည့်ကာ စက်ကို အနိုင်အရှုံးအခွင့်အရေးများ ပြုပြင်ပြောင်းလဲနိုင်ကြောင်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်




ရဲစခန်းမှ ရဲအရာရှိ တစ်ဦးကဆိုသည်။

အကြွေစေ့ဂိမ်းဆိုင်များတွင် ရုပ်ရည်လှပသော မိန်းကလေးဝန်ထမ်းများကို ခန့်ထားပြီး၊ လာရောက် ကစားသူများကို အချို့ဆိုင်များတွင် ဘီယာ၊ အချိုရည်၊ စီးကရက်များကို အခမဲ့ဝန်ဆောင်မှုပေးကာ မပြန်ချင်အောင် ဆွဲဆောင်ကြောင်း၊ ပုဇွန်တောင်မြို့နယ်တွင်းရှိ ဂိမ်းဆိုင်အနီးတွင် နေထိုင်သူ အမျိုးသားတစ်ဦးက ပြောကြားသည်။

"တရားဝင် လောင်းကစားပြုလုပ်ခွင့်ရထားတာကျနေတာပဲ။ ဆိုင်ထဲမှာ ကျောင်းသားတွေနဲ့ ရပ်ကွက်ထဲက လူတွေ ကစားနေကြတာ နိုင်ငံခြားဇာတ်လမ်းခွေ တွေထဲက ကာစီနိုကြီးတွေ ကျနေတာပဲ" ၎င်းက ဆိုသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသည် စည်ပင်သာယာ နယ်နိမိတ်တွင်း လုပ်ငန်းလုပ်ကိုင်ခွင့်ကိုသာ ချထားပေးခြင်းသာ ဖြစ်ပြီး အပန်းဖြေကစားကွင်း ၁၀ ခုအနက် တစ်ခုသာ လောင်းကစားဆန်သော လုပ်ကိုင်မှုများရှိနိုင်ကြောင်း။ ခေတ်မီကစားကွင်း၊ အပန်းဖြေကစားကွင်းများတွင် မသမာသောနည်းဖြင့် လောင်းကစားဆန်သော ဆော့ကစားမှုများသည် ရဲအရေးပိုင်ဖြစ်သောကြောင့် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးဖော်ထုတ် အရေးယူသင့်ကြောင်း၊ မြို့တော်စည်ပင်စီမံရေးရာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဖမ်းချင်ရင် လမ်းဘေးဖဲဝိုင်းတောင်ဖမ်းသေးတာပဲ။ တကယ်ဖမ်းချင်ရင် မလွတ်ဘူး" ဟု ဗိုလ်တထောင်မြို့နယ်တွင် နေထိုင်သူ အစိုးရဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ အပန်းဖြေကစားကွင်း၊ ကလေးကစားကွင်းများသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လိုင်စင်ထုတ်ပေးထားခြင်းကြောင့် ဆိုင်တွင်းဝင်ရောက် စစ်ဆေးရန်မှာ အခက်အခဲများရှိကြောင်း၊ လိုင်စင်ထုတ်ပေးသော ဌာနအနေနှင့် စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်ခြင်းရှိမရှိကို ရှောင်တခင် စစ်ဆေးပြီး၊ စည်းကမ်းဖောက်ဖျက်ပါက ရဲတပ်ဖွဲ့ကို အမှုဖွင့် တိုင်ကြားသင့်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယခုနှစ်ဇန်နဝါရီလမှ အောက်တိုဘာလကုန်အထိ ရန်ကုန်တိုင်းဒေသကြီးတွင် တရားမဝင် အကြွေစေ့လောင်းကစားမှု ၁၈မှု၊ အကြွေစေ့ ဂိမ်းစက် ၂၁၆လုံး၊ ဖမ်းမိသူ ၁၆၉ဦး၊ ကို ဖမ်းဆီးအရေးယူထားကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ စာရင်းများအရ သိရှိရသည်။

ရဲတပ်ဖွဲ့ဝင်များမှာ လုံခြုံရေးတာဝန်၊ ဒုစရိုက်နှိမ်နင်းရေးတာဝန်များကို ထမ်းဆောင်နေရသောကြောင့် အကြောင်းစုံမသိရှိနိုင်ဘဲ ကစားကွင်းအမည်ခံ လောင်းကစားပြုလုပ်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ၊ ကလေးမိဘများက သတင်းပေး တိုင်ကြားပါက ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

"လောင်းကစားပုံစံ လုပ်ရဲတယ်ဆိုတော့ သူမှာပိုင်တဲ့သူတွေရှိလိမ့်မယ်။ လိုင်စင်နဲ့ဆိုတော့ ဖမ်းဖို့က မလွယ်ဘူး" ဟု ကျောက်တံတားမြို့နယ် ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ကလေးကစားကွင်းများမှာ တရားဝင်ခွင့်ပြုလိုင်စင်ရထားသောကြောင့် ဆိုင်အတွင်း၊ လောင်းကစားပြုလုပ်ခြင်း။ အပျော်ကစားခြင်းကို လူထုက တိုင်ကြားနိုင်မှသာ ရဲတပ်ဖွဲ့ဝင်များက သိရှိရကြောင်း။ ကလေးငယ်များ၏ အုပ်ထိန်းသူ မိဘများက သတင်းပေးတိုင်ကြားကြပြီး ကလေးငယ်များက အိမ်ရှိပိုက်ဆံများကို မိဘမသိအောင် ခိုးယူပြီး ဆော့ကစားခြင်းများလည်း ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးကရှင်းပြသည်။

"ဂိမ်း (အကြွေစေ့) ဆိုင်မှာ ဝင်ကစားသူ အများစုက ရှုံးတာများတယ်။ ပိုက်ဆံမလောက်လို့ ဆက်ကစားချင်သေးတယ်ဆိုရင် တန်ဖိုးရှိတဲ့ပစ္စည်းပါခဲ့ရင် ဆိုင်ရှင်ဆီမှာ အပေါင်တင်ပြီး ကစားလို့ရတယ်။ ကျွန်တော့်သူငယ်ချင်း တစ်ယောက်ဆို ရှုံးတာကို ဆက်ကစားရင်းဆိုင်ကယ်နဲ့ ဟန်းဖုန်းပါ အိမ်ပြန်ပါမလာတော့ဘူး" ဟု ပုဇွန်တောင်မြို့နယ် ညောင်တန်းအိမ်ရာတွင် နေထိုင်သူ ကိုချိုကြီးက ပြောကြားသည်။

ဂိမ်းစက်များမှာ တရုတ်နိုင်ငံမှ အများဆုံး တင်သွင်းပြီး ယခင်ဝယ်ယူစဉ်ကတည်းက စက်များကိုပြင်ဆင်ထားသဖြင့် ဆိုင်ရှင်က အနိုင် ၅၀ ရာခိုင်နှုန်းယူဆောင်ထားပြီး၊ ရန်ကုန်သို့ရောက်ရှိချိန်တွင် စက်များကို ထပ်မံ ပြင်ဆင်သောကြောင့် နိုင်ခြေရာခိုင်နှုန်းနည်းကြောင်း၊ တောင်ဥက္ကလာပ တွင် အကြွေစေ့လုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ဆွေမျိုးတော်စပ်သူတစ်ဦးက ရှင်းပြသည်။

ဂိမ်းစင်တာများတွင် အကြွေစေ့များကို ပြန်မလဲပေးဟု ဆိုသော်လည်း နောက်ကွယ်တွင် ပြန်လဲပေးနေမှုများရှိသည်ကို ကြားသိရပြီး ယင်းကဲ့သို့ ပြုလုပ်နေမှုများကို ပြည်သူလူထုက သိရှိပါက သတင်းပေးတိုင်ကြားသင့်ကြောင်း၊ တရားလွှတ်တော်ရှေ့နေ ဦးကျော်ဟိုး ကဆိုသည်။

"အကြွေစေ့နဲ့ ဂိမ်းဆော့ရုံလောက်နဲ့တော့ လောင်းကစားမှု မမြောက်ပါဘူး။ အကြွေစေ့ကို ငွေနဲ့ပြန်လဲပေးတယ်ဆိုရင် လောင်းကစားမှုမြောက်တယ်။ ဒါတွေကို ရဲတွေက ဖော်ထုတ်ရမယ်" ဟု ၎င်းကဆိုသည်။

လောင်းကစားဟုဆိုရာတွင် ၁၉၈၆ ခုနှစ် လောင်းကစား၊ အက်ဥပဒေအရ

စာမျက်နှာ 8 သို့

The VOICE Weekly

The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)

Publisher - Daw Khin Kywe Oo (4099),Finance - Pe Aung Zin(Genernal Manager), San Thida (Manager), Htet Htet Nyein (Deputy Manager), Saw Thandar Aye (Assistant Manager, HR), Marketing - Kyaw Than (Manager), Phyu Phyu Thi (Deputy Manager), Min Aung, Pyae Phyo Aung, Nu Nu Nge, Shwe Sin Tun, Thein Aung Htut (Designer), Production - Aung Kyaw Sann (Manager) , Soe Win Zaw
DTP - Ma Khine (Manager), Cho Cho Zin, Khin Mar Myint, Kyi Chan Hnin,
Distribution - Htet Khaung (Manager), Khin Myo Chit (Deputy Manager), Jack Too Too, Htet Aung,
Receptionist - Su Eindray Oo, Lai Yee Oo Web Administrator - Kyaw Htun Khine,
Web Team- thevoicewebteam@gmail.com, Website - www.thevoicemyanmar.com,
Office -No (458-460), 4th Floor (E), Corner of 31st Street and Mahabandula Road, Pabaedan Township, Yangon.
Tel: 01 - 242424, 389210, 389211, 372905.
Marketing - 01 242424, 09 51 76835, 01 11220284 , Distribution - 09 42 1006579, Hot Line (News) - 09 73248886,09 73174086.
E-mail-Admin; Chief Editor : c-editor@thevoicemyanmar.com, News Room : newsroom@thevoicemyanmar.com,
Press- Hnit Thit Oo Printing House Nawaday Cinema Compound , MayangoneTsp,Yangon.

# ခရီးမတွင်သေးတဲ့ ပညာရေးဥပဒေ

သတင်းဆောင်းပါး - လှဲ့ရည်မြင့်

**ဒီမိုကရေစီအစိုးရအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနည်းတူ အဓိကကျလှသော အမျိုးသားပညာရေးဥပဒေအတွက် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့က အသီးသီးရေးဆွဲလျက်ရှိရာလာမည့် ၂၀၁၄ ခုနှစ်တွင် အစိုးရအဖွဲ့များဘက်က ရေးဆွဲနေသော ဥပဒေမူကြမ်းကို အပြီးသတ်ပြီး လာမည့်ရွေးကောက်ပွဲအပြောင်းအလဲမတိုင်ခင် ပြဋ္ဌာန်းသွားနိုင်ရန်စီစဉ်နေကြောင်း ပညာရေးဖောင်ဒေးရှင်းအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးသန်းဦးက ပြောကြားသည်။**



ဓာတ်ပုံ-အောင်နိုင်

ပညာရေးနယ်ပယ်အတွင်း စိုးရိမ်ပူပန်နေကြသော အဆိုပါအကောင်အထည်ဖော်မှုပြီးဆုံးရေးနှင့်ပတ်သက်၍ ပထမဆုံးအကြိမ် ၎င်းက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် အစိုးရအပြောင်းအလဲဖြစ်လာလျှင် လက်ရှိဆောင်ရွက်နေသော ပညာရေး မြှင့်တင်မှုများကို သက်ရောက်မှုရှိနိုင်သည့်အပြင် ပညာရေးကဏ္ဍအတွက် အခြေခံအုတ်မြစ်ပျောက်ဆုံးမည်ကို ပူပန်မိသည့်အတွက် ယင်းသို့စီစဉ်ရခြင်းဖြစ်ကြောင်း နိုဝင်ဘာလ ၁၂ ရက်နေ့က ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ကျင်းပသော ပညာရေးဆွေးနွေးပွဲတွင် နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းထံ ဦးသန်းဦးက တင်ပြသည်။

သို့သော် ဒုတိယသမ္မတကမူပြည်သူလူထုနှင့် ပညာရေးဝန်ထမ်းများ၏ အမျိုးသားပညာရေးဥပဒေပေါ် ပူးပေါင်းဆောင်ရွက်လျှင် ရေရှည် တည်မြဲနိုင်ပါလိမ့်မည်ဟု စိုးရိမ်ဖွယ်မရှိနိုင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

အုပ်ချုပ်မှုစနစ်နှင့် စီမံခန့်ခွဲမှုစနစ်အားနည်းချက်ကြောင့် ရာထူးတစ်ခုနှင့် တစ်ခုအရွေ့ ဌာနတစ်ခုနှင့် တစ်ခုအပြောင်း၊ အုပ်ချုပ်သူအရာရှိအပြောင်းအရွှေ့တွင် လက်ရှိလုပ်ငန်းစဉ်များကို စနစ်တကျလွှဲပြောင်းမှု အားနည်းခဲ့သည့်အတွက် လူပြောင်းလျှင် မူဝါဒအပြောင်းအလဲများပါ ကြုံတွေ့ရလေ့ရှိသည်။

အထူးသဖြင့် ပညာရေးစီမံကိန်းများ၌ ယင်းကဲ့သို့ အလွှဲအပြောင်းကာလမှာ အလွန်အရေးပါပြီး မူဝါဒမကြာခဏပြောင်းလဲပါကရေရှည် ပညာရေးစနစ်တစ်ခုလုံးအတွက် ထိခိုက်နိုင်ပြီး ခိုင်မာသောပညာရေးမူဝါဒနှင့် အမျိုးသားဥပဒေများလိုအပ်ကြောင်း လုပ်သက်နှစ်နှစ်ဆယ်ကျော်ရှိပညာရေးဝန်ထမ်းတစ်ဦးက သတိပေးပြောကြားသည်။

လက်ရှိအမျိုးသားပညာရေးဥပဒေကို ရေးဆွဲရာတွင် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီနှင့် နိုင်ငံတော်သမ္မတ၏တိုက်တွန်းမှုနှင့် ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး ကော်မတီတို့သည် အချိတ်အဆက်နည်းပါးသည့် အပြင်ဥပဒေတစ်ရပ်တည်းကို နှစ်ဖွဲ့ခွဲရေးဆွဲနေကြသောကြောင့် မည်သည့်ဥပဒေသည် အတည်ပြုခံရနိုင်ဖွယ်ရှိသည်ကိုလည်း မှန်းဆရန်ခက်ခဲနေသည်။

ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီကရေးဆွဲခဲ့သော အမျိုးသားပညာရေး ဥပဒေမူကြမ်းကို အောက်တိုဘာလ ၇ ရက်နေ့က လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲတွင် ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့သည်။

ယင်းဥပဒေမူကြမ်းပါ အချက်အများစုမှာ ပညာရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေသော အရပ်ဘက်အဖွဲ့အစည်းများ တောင်းဆိုခဲ့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့် အရည်အသွေးတိုးမြှင့်ရေး အချက်အလက်များနှင့် ကိုက်ညီမှုရှိသည်။ သို့သော် ယခုအချိန်ထိပြည်သူလူထုထံ တရားဝင် ချပြခြင်းမရှိသေးချေ။

ဥပဒေရေးဆွဲနေစဉ် ကာလအတွင်း လက်တလောပညာရေးပြောင်းလဲမှုများဖြစ်သည့် စာမေးပွဲစနစ်၊ သင်ရိုးညွှန်းတမ်း၊ ဆရာ၊ ဆရာမများအရည်အသွေးမြှင့်မားရေးတို့အတွက် ပညာရေးဝန်ကြီးဌာနတာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နေကြသော်လည်း လက်တွေ့အသုံးချရမည့် ပညာရေးအသုံးစရိတ်အတွက်မူ စိန်ခေါ်မှုများ ကျန်ရှိနေသေးသည်။

သို့သော် အဓိကအုတ်မြစ်ဖြစ်သော အမျိုးသားပညာရေးဥပဒေကိုကဏ္ဍစုံလွှမ်းခြုံနိုင်ရန်နှင့် အချိန်တိုအတွင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလျင်စလို ဆုံးဖြတ်လုပ်ကိုင်လျှင် မှားသွားမည်ကိုလည်းစိုးရိမ်သောကြောင့် လက်တွေ့ကျကျ ချင့်ချိန်ဆောင်ရွက်ကြရန် နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းကပြောကြားသည်။

ယင်းကြောင့် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင် နှစ်ခုကအမျိုးသားပညာရေးဥပဒေရေးဆွဲရေးကို သီးခြားလုပ်ဆောင်နေသော်လည်းလာမည့်နှစ်တွင် ပြည်သူလူထုလက်ထဲကို ယင်းဥပဒေမူကြမ်းနှစ်ခုလက်ဝယ် ရောက်ရှိလာတော့မည်။

မည်သည့် ဥပဒေကိုပြည်သူလူထု ရွေးချယ်မည်၊ မည်သည့် ဥပဒေမူကြမ်းအတည်ဖြစ်မည်ကို စောင့်ဆိုင်းရဦးမည်။

တစ်ဖက်တွင်လည်း အကြောင်းအမျိုးမျိုးကြောင့် အမျိုးသားပညာရေးဥပဒေအတည်ပြုမှု နောက်ကျပြီးလွှတ်တော်ကိုယ်စားလှယ် အပြောင်းအလဲဖြစ်လာလျှင် ယင်းဥပဒေ၏ အလားအလာက တစ်မျိုးပြောင်းလဲသွားပေဦးမည်။

ယင်းအခြေအနေဖြစ်ပေါ်လာပါက အဆိုပါ ဥပဒေကိုပင် ထပ်မံရေးဆွဲမည့် အခြေအနေတစ်ခုပေါ်ပေါက်လာနိုင်ကြောင်း ပညာရေးဝန်ထမ်း အသိုင်းအဝိုင်းက သုံးသပ်ကြသည်။

"အခုပညာရေးဥပဒေအပေါ်မြင်တွေ့နေရတာ အားရစရာမရှိဘူး" ဟုလုပ်သက်ရင့် ပညာရေးဝန်ထမ်းတစ်ဦးက ပြောကြားသည်။ ■

လှဲ့ရည်မြင့်

---

## မျက်နှာဖုံး ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် စာချုပ်စာတမ်းမှအဆက်

ဆုံးဖြတ်ချက် များသာ ချမှတ်နိုင်မည်မဟုတ်သည်ကိုလည်း နားလည်ရမည်ဖြစ်ကြောင်း သမ္မတကလင်တန်က ပြောကြားသည်။

"ဒီမိုကရေစီကို သွားတဲ့အခါမှာ မတူကွဲပြားမှုတွေကို မကြောက်ရွံ့ဖို့လည်းလိုပါတယ်" ဟု သမ္မတဟောင်းက ဆိုသည်။

နိုင်ငံရေးတွင် အပေးအယူလုပ်၍ ဆွေးနွေးညှိနှိုင်းသွားရခြင်းကို သူ၏ အတွေ့အကြုံများအရ ရှင်းပြခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များတွင် စာချုပ်စာတမ်းများအပေါ်၌ အဓိကအာရုံစိုက်မနေဘဲ နှစ်ဦးနှစ်ဖက် အဓိကအရေးကြီးသည့် ယုံကြည်မှုတည်ဆောက်ရန်ကို သမ္မတဟောင်းကလင်တန်က ထောက်ပြကြောင်း၊ တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် စေမျိုးဆက်ခေါင်းဆောင် ဦးကိုကိုကြီးက ပြောကြားသည်။

"တကယ်လေးနက်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို သွားမယ်ဆိုရင် ယုံကြည်မှုမရှိဘဲ ဘာမှဆက်လုပ်လို့မရဘူး" ဟု ၎င်းက မှတ်ချက်ပြုသည်။

အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်၏ခရီးစဉ်မှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ လာရောက်ခြင်းဖြစ်ပြီး ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများတွင် ကလင်တန်ဖောင်ဒေးရှင်းနှင့်အတူ အကူအညီများပေးအပ်ရန် အဓိကဆွေးနွေးမည်ဖြစ်ကြောင်း၊ မြန်မာငြိမ်းချမ်းရေးစင်တာမှ ဒေါက်တာကျော်ရင်လှိုင်က ဆိုသည်။

နိုဝင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာသည့် အမေရိကန်သမ္မတဟောင်းမှာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၌ သမ္မတဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့နှင့် သီးခြားတွေ့ဆုံခဲ့သည့်အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်မြို့နေအိမ်၌ ဆက်တိုက်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီရေးနှင့် ပဋိပက္ခဖြစ်ပွားသည့်ဒေသများ၌ ဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ဆွေးနွေးကြောင်း၊ သမ္မတရုံး၏ ထုတ်ပြန်ချက်အရသိရသည်။ ■

## မျက်နှာဖုံး စားသောက်ဆိုင်ပိုင်ရှင်များကိုအခွန်ဘုတ်အဖွဲ့ခေါ်တွေ့မည်မှအဆက်

ဘယ်သူပဲဖြစ်ဖြစ် သတ်မှတ်ထားတဲ့အခွန်စည်းမျဉ်း၊ စည်းကမ်းတွေအတိုင်း တစ်ပြေးညီ အခွန်ဆောင်စေချင်ပါတယ်။ စားသောက်ဆိုင်သေးသေးလေးမှ အခွန်ဆောင်ရမယ်ဆိုရင် မကောင်းပါဘူး။ နောက်ပြီး ကျွန်တော်တို့ စားသောက်ဆိုင်တွေက အခွန် ၅ ရာခိုင်နှုန်း ပေးဆောင်နေတယ်ဆိုတာ စားသုံးသူတွေ ကျယ်ကျယ်ပြန့်ပြန့် သိဖို့လိုပါတယ်" ဟု ၎င်းကပြောဆိုသည်။

ယင်းသို့ အပေါ်မှနေ၍ အောက်အထိ တစ်ပြေးညီအခွန်ပေးဆောင်မှသာ နိုင်ငံတော်အတွက် အခွန်များပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး အခွန်ထမ်းပြည်သူများမှလည်း လူတန်းစားမရွေး အခွန်ပိုမိုပေးဆောင်လာကြမည်ဖြစ်ကြောင်း ဦးကျော်မြတ်ထွန်းက ရှင်းပြသည်။ ■

---

သတင်းကိုစွဆက်သွယ်လိုပါက...
ဖုန်း - ၀၉ ၇၃၂ ၄၈၈၈၆၊ ၀၉- ၇၃၀၆၄၅၉၂

LAW ENFORCEMENT

# လားရှိုးပဋိပက္ခတွင် လူသတ်မှုကျူးလွန်သူငါးဦးကို ပြစ်ဒဏ်ချ

လားရှိုး၊ နိုဝင်ဘာ ၁၄

**လူတစ်ဦးသေဆုံးခဲ့သော ရှမ်းပြည်နယ်လားရှိုးမြို့တွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများတွင် လူသတ်မှုကျူးလွန်သူငါးဦးကို လားရှိုးခရိုင်တရားရုံးက နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ထောင်ဒဏ်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း၊ တရားရုံးမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**




လားရှိုးမြို့တွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခဒုတိယမြောက်နေ့ဖြစ်သည့် မေလ ၂၉ ရက်နေ့က လူအုပ်စုဖြင့်ဝိုင်းရိုက်မှုကြောင့်ဦးမြင့်ဝင်းဆိုသူသေဆုံးခဲ့ပြီး ၎င်း၏အမျိုးသမီးမှာ ဒဏ်ရာရရှိခဲ့ကြောင်း။ ယင်းပြစ်မှုကို ကျူးလွန်သည်ဟုဆိုကာ လူလေးဦးကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ - ၁၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရ အလုပ် နှင့် ထောင်ဒဏ် ခုနစ်နှစ် သီးခြားစီကျခံစေရန်ချမှတ်ခဲ့ပြီး၊ ပြစ်မှုကျူးလွန်သူနောက်တစ်ဦးကို အလုပ်နှင့်ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့ကြောင်း၊ ၎င်းကဆိုသည်။

ယင်းလူသတ်မှုတွင် ပြစ်မှုကျူးလွန်ခဲ့သည်ဟုယူဆရသူလေးဦးကို ဆက်လက်ဖမ်းဆီးရမိရန် ဆောင်ရွက်နေကြောင်း၊ လားရှိုးမြို့မှ ရဲတပ်ဖွဲ့စခန်းထံမှ သိရှိရသည်။

လားရှိုးမြို့တွင် နှစ်ရက်ကြာ ဖြစ်ပွားခဲ့သည့် ပဋိပက္ခများတွင် ပါဝင်ပတ်သက်မှုဖြင့် ဖမ်းဆီးခံရသူ ၆၁ ဦးအနက် ၃၀ ဦးကို ဇွန်လ ၁၁ ရက်နှင့် ၁၃ ရက်၌ ပြစ်ဒဏ်ချမှတ်ခဲ့ပြီး၊ ပဋိပက္ခကိုအစပြုစေခဲ့သော အမျိုးသမီးတစ်ဦးကို ဓာတ်ဆီလောင်းမီးရှို့သူကို ထောင်ဒဏ် ၂၆နှစ် ချမှတ်ခဲ့ကာ ဒေသခံ ၂၉ ဦးကို ခြေချုပ်မိန့်နှင့် ခြောက်လပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဂျာမေဗလီ မီးရှို့မှု၊ အစ္စလာမ်မိဘမဲ့ကျောင်းမီးရှို့မှု၊ လားရှိုးဓာတ်ပုံတိုက်ကိုဖျက်ဆီး၍ ပစ္စည်းများခိုးယူမှုစသည့် အမှုဖြင့် ဖမ်းဆီးခံထားရသူ ၂၂ ဦးကို ဇွန်လ ၇ ရက်နေ့နှင့် ၈ ရက်နေ့တို့တွင် တရားစွဲဆိုခဲ့ပြီး၊ ပဋိပက္ခအတွင်း လမ်းမပေါ်တွင် ဓားကိုင်ဆောင်သွားလာသူ ငါးဦးကို ဇွန်လအစပိုင်းတွင် တရားစွဲဆိုကာ ကြားနာစစ်ဆေးလျက်ရှိသည်။

လားရှိုးမြို့တွင် မေလ ၂၈ ရက်နှင့် ၂၉ ရက်နေ့တို့တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် လူတစ်ဦးသေဆုံးကာ ငါးဦးဒဏ်ရာရရှိခဲ့သည်။ ■နေမျိုးနွယ်

## တစ်ပတ်အတွင်း မန္တလေးသတင်းတိုများ

\- မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် ၂၄×၂၅လမ်း၊ ၆၃×၆၄လမ်းကြား၊ မြသီတာလမ်းသွယ်ရှိ The Voice နေ့စဉ်ထုတ်သတင်းစာတိုက် (Living Color Media ) တွင် စက်တင်ဘာလ ၅ ရက်နေ့တွင် ဖောက်ထွင်းခံခဲ့ရမှုနှင့်ပတ်သက်၍ ခိုးမှုကျူးလွန်လေ့ရှိသူ မသင်္ကာသူများကို စုံစမ်းစစ်ဆေးလျက်ရှိပြီး၊ နှစ်လကျော်ကြာသည်အထိ တရားခံကို မဖော်ထုတ်နိုင်သေးကြောင်း၊ အောင်မြေသာစံမြို့နယ် အမှတ်(၁)ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးနှင့် အဆိုပါ မန္တလေးရုံးတာဝန်ခံများထံမှ သိရသည်။

"မသင်္ကာတဲ့သူတွေတော့ မတွေ့သေးဘူး။ ခိုးမှုနဲ့ဖမ်းမိတဲ့သူ သုံးဦးကိုတော့ ဒီအမှုနှင့်ဆက်စပ်မလားဆိုပြီး၊ စစ်ဆေးပါတယ်။ စစ်ဆေးရသလောက်တော့ ဆက်စပ်မှုမရှိဘူးလို့ သိရပါတယ်" ဟု အဆိုပါရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရုံးခန်းပိတ်ချိန်ညပိုင်းတွင် အပြင်သို့သတင်းစာဖြန့်ချိရေးအတွက် နေ့စဉ်သွားရောက်လေ့ရှိပြီး၊ အဆိုပါစက်တင်ဘာလ ၅ ရက်နေ့ နံနက် ၆ နာရီခန့်က သတင်းစာတိုက်သို့ဖြန့်ချိရေးဝန်ထမ်းများ ပြန်လည်ရောက်ရှိချိန်တွင် ခြံတံခါးအားခတ်ထားသော သော့မှာမတွေ့ရဘဲ ပွင့်နေသည်ကိုတွေ့ကြောင်း။ ရုံးခန်းတံခါးသော့အားဖွင့်ပြီး အတွင်းသို့ကြည့်ရှုရာ ကွန်ပျူတာတင်ထားသော စားပွဲအံဆွဲတံခါးပျက်နေကာ အတွင်းတွင်ထည့်ထားသော ငွေကျပ် ၉၆၇,၄၃၀ကျပ်ခန့် ပျောက်ဆုံးသွားခဲ့ကြောင်း၊ မန္တလေးရုံးဖြန့်ချိရေးတာဝန်ခံ ကိုဂျက်တူးတူးထံမှ သိရသည်။ ■

\- မြန်မာ့စက်မှုလက်မှုလုပ်ငန်းတွင် ကျွမ်းကျင်မှု သင်တန်းသားများ မွေးထုတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် စက်မှုဝန်ကြီးဌာနက နိုင်ငံခြားနည်းပညာအထောက်အပံ့ဖြင့် ဖွင့်လှစ်ထားသည့် စက်မှုသင်တန်းကျောင်းခြောက်ကျောင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ စီမံခန့်ခွဲမှုပြုလုပ်နိုင်ရေးလွှဲပေးရန် စီစဉ်နေကြောင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ပြောကြားသည်။

လွှဲပေးရန်ရှိသည့် သင်တန်းကျောင်းခြောက်ကျောင်းမှာ ဆင်တဲသင်တန်းကျောင်း၊ (ပဲခူး)၊ သာဂရသင်တန်းကျောင်း၊(ပဲခူး)၊ မန္တလေးသင်တန်းကျောင်း၊ (မန္တလေး)၊ ပခုက္ကူသင်တန်းကျောင်း၊ (မကွေး)၊ မကွေးသင်တန်းကျောင်း၊ (မကွေး)၊ မြင်းခြံသင်တန်းကျောင်း၊ (မန္တလေး) တို့ဖြစ်သည်။ ■

# စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားတဲ့ ဒိန်းမတ်

မင်းမော်လှမြင့်(YSO,PKU)



**ဒိန်းမတ်နိုင်ငံအကြောင်းပြောတော့မယ်ဆိုရင် သူ့နိုင်ငံရဲ့စာကြည့်တိုက်တွေအကြောင်းချန်ထားလို့ မရလောက်အောင် ပြည်သူ့စာကြည့်တိုက်လုပ်ငန်းကို အထူး အလေးထားဆောင်ရွက်တာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတိုင်းဟာ စာကြည့်တိုက်နဲ့မစိမ်းကြပါဘူး။ အများ ပြည်သူအတွက် စာကြည့်တိုက်ကို ၁၇၉၃ မှာ ဒိန်းမတ်နိုင်ငံရဲ့မြို့တော် ကိုပင်ဟေဂင်မှာ စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရပါတယ်။ ကိုပင်ဟေဂင်မြို့မှာယခုရှိတဲ့ ရိုင်ရယ် စာကြည့်တိုက်ဟာဆိုရင် စကင်ဒီနေဗီယန်နိုင်ငံတွေထဲမှာ အကြီးဆုံးစာကြည့်တိုက် ဖြစ်တဲ့အပြင် အမျိုးသားစာကြည့်တိုက်နဲ့ ကိုပင်ဟေဂင်တက္ကသိုလ်ရဲ့စာကြည့်တိုက် လည်း ဖြစ်ပါတယ်။**

## ဒိန်းမတ်နိုင်ငံအမျိုးသားစာကြည့်တိုက်

နိုင်ငံတစ်နိုင်ငံရဲ့အသိပညာဖွံ့ဖြိုးမှုမှာ စာကြည့်တိုက်လုပ်ငန်းက အရေးပါတဲ့ကဏ္ဍမှာရှိနေတာကြောင့် ဒိန်းမတ်နိုင်ငံရဲ့အောင်မြင်မှုရနေတဲ့ ပြည်သူ့စာကြည့်တိုက်လုပ်ငန်းကို လက်လှမ်းမီသရွေ့တင်ပြလိုက်ရခြင်းပါ။ ကျွန်တော်တို့နိုင်ငံမှာလည်း စာကြည့်တိုက်တွေ ရှိသင့်သလောက်တော့ ရှိပြီးဖြစ်နေပေမယ့် ပြည်သူအများစုက စာကြည့်တိုက်နဲ့စိမ်းနေကြသေးတာကို တွေ့ရပါတယ်။

ဒိန်းမတ်နိုင်ငံမှာတော့အဲဒီလိုမဟုတ်ဘဲ မူလတန်းကျောင်းသားမှအစ သက်ကြီးရွယ်အိုအဆုံး စာကြည့်တိုက်ကိုသွားကြတာတွေ့ရပါတယ်။ စာကြည့်တိုက်ကို မသွားမဖြစ်အောင်လည်း စာသင်ကျောင်းတွေက ညွှန်ပေးကြပါတယ်။ ဥပမာ - အတန်းထဲမှာ အဖွဲ့လိုက်ဆောင်ရွက်ကြရမယ့် သုတေသနလုပ်ငန်းလေးတွေ ချပေးတဲ့အခါမှာ ကျောင်းစာကြည့်တိုက်နဲ့တင် မလုံလောက်တော့ဘဲ ပြည်သူ့စာကြည့်တိုက်တွေမှာ အဖွဲ့လိုက်သွားရောက်ရှာဖွေငှားရမ်းကြရပါတော့တယ်။ ပြောရရင်ဒိန်းမတ်မှာ နေထိုင်ဖို့လာရောက်ကြတဲ့ နိုင်ငံခြားသားတွေတောင် စာကြည့်တိုက်နဲ့ မကင်းနိုင်ကြပါဘူး။

ဒိန်းမတ်ကသူ့စာသူ့စကားကိုအလွန်တန်ဖိုးထားတဲ့ နိုင်ငံဖြစ်တာနဲ့ အညီ မြို့ကြီးတိုင်းမှာလည်း ဒိန်းမတ်ဘာသာစကားကျောင်းတွေဖွင့်လှစ်ထားပါတယ်။ ယေဘုယျအားဖြင့်ပြောရရင် ဒိန်းမတ်ကိုနေထိုင်ဖို့ သို့မဟုတ် အလုပ်လုပ်ဖို့ ရောက်လာတဲ့ သံတမန် ဝန်ထမ်းကလွဲရင်ကျန်တဲ့နိုင်ငံခြားသားမှန်သမျှ ဒိန်းမတ်ဘာသာသင်တန်းကျောင်းကို မဖြစ်မနေတက်ရောက်ရမှာ ဖြစ်ပါတယ်။

ကုန်ကုန်ပြောရရင် ရုရှား၊ ယူကရိန်း၊ ဖင်လန်၊ ပိုလန် စတဲ့နိုင်ငံတွေက ဒိန်းမတ်နိုင်ငံကို အိမ်အကူအလုပ် လုပ်ဖို့ရောက်လာတဲ့ မိန်းကလေးတွေတောင် တစ်ပတ်မှာ သုံးရက် အဲဒီကျောင်းကို တက်ရပါတယ်။ အလုပ်ရှင်ကလည်း ခွင့်ပြုပေးရပြီး ကျောင်းသွားဖို့ ခရီးစရိတ်ကို မြို့နယ်အာဏာပိုင်အဖွဲ့အစည်းက ထောက်ပံ့ပေးပါတယ်။ ပြောလိုတာက ကျောင်းစတက်လို့ စာစဖတ်နိုင်တဲ့အဆင့်လောက်ရောက်ပြီဆို ဖတ်ရလွယ်ကူတဲ့ဝတ္ထုစာအုပ်ပါးလေးတွေကိုစာကြည့်တိုက်မှာသွားရောက်ငှားရမ်းကြရမှာပဲ ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေကိုလည်း စာကြည့်တိုက်ကို လေ့လာရေးခရီး ပို့ပေးလေ့ရှိကြပါတယ်။

## ပြည်သူ့စာကြည့်တိုက်များ

ဒိန်းမတ်နိုင်ငံရဲ့ကျောင်းတိုင်းမှာ ကိုယ်ပိုင်စာကြည့်တိုက်တွေရှိကြသလို မြို့လေးတိုင်းမှာလည်း မြို့နယ်အာဏာပိုင်အဖွဲ့အစည်းက ဖွင့်လှစ်ထားတဲ့ ပြည်သူ့စာကြည့်တိုက်တွေရှိပါတယ်။ မည်သူမဆို ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပြီး ဒိန်းမတ်မှာ တရားဝင်နေထိုင်ခွင့်ရထားတဲ့သူတိုင်း စာကြည့်တိုက်ပစ္စည်းတွေကို မိမိမှာရှိတဲ့ အဝါရောင်ကတ်ပြားနဲ့လည်း ငှားရမ်းနိုင်ပါတယ်။ ဒိန်းမတ်မှာ နိုင်ငံသားရော မီတင်းနေထိုင်သူများကိုပါ အဲဒီအဝါရောင်ကတ်ပြား ထုတ်ပေးထားပြီး ကျန်းမာရေးပိုင်းဆိုင်ရာကိစ္စများနဲ့စာကြည့်တိုက်ကငှားရမ်းတဲ့ကိစ္စတွေမှာ အသုံးပြုနိုင်ပါတယ်။

စာကြည့်တိုက်များကိုလည်း မြို့ရဲ့အချက်အချာကျတဲ့နေရာများမှာဖွင့်လှစ်ထားလေ့ရှိပြီး အသွားအလာ အဆင်ပြေတဲ့နေရာများမှာ ထားရှိလေ့ရှိပါတယ်။ ကျွန်တော်နေထိုင်တဲ့ Gribskov ဂရစ်စကို့မြို့နယ်မှာ လူဦးရေ လေးသောင်းဝန်းကျင်ရှိပြီးတော့ ပြည်သူ့စာကြည့်တိုက် ခြောက်လုံးရှိပါတယ်။ တချို့ကိုကျောင်းဝန်းထဲမှာပဲ တွဲဖွင့်ထားတာပါ။ ပြည်သူ့စာကြည့်တိုက်များကို သက်ဆိုင်ရာမြို့နယ်၊ အာဏာပိုင်အဖွဲ့အစည်းရဲ့လက်အောက်မှာ ထားရှိပါတယ်။ နိုင်ငံတော်ကနှစ်စဉ်မြို့နယ်အားလုံးကို အဲဒီမြို့နယ်ရဲ့ ဝင်ငွေ၊ ထွက်ငွေအတိုင်းအတာအလိုက် အသုံးစာရိတ်များချပေးလေ့ရှိပြီး အဲဒီ မြို့နယ်အာဏာပိုင်အဖွဲ့ကတစ်ဆင့် ပြည်သူ့စာကြည့်တိုက်အတွက် အသုံးစရိတ်များသတ်မှတ်ပေးကာ စာကြည့်တိုက်လုပ်ငန်းကိုလည်းပတ်စေတာပါ။

၂၀၀၈ ခုနှစ်ဝန်းကျင်ကစလို့ဒိန်းမတ်နိုင်ငံရဲ့စီးပွားရေးအကျပ်အတည်းကြောင့် စာတိုက်တွေ၊ ဆေးရုံအချို့တွေ ဟိုတယ်၊ ဘဏ် အချို့တွေ ပိတ်လိုက်ရ၊ ပေါင်းလိုက်ကြရပေမယ့် ဝင်ငွေပြေပလောက်အောင် မရှိဘဲ ထွက်ငွေသာများတဲ့ပြည်သူ့စာကြည့်တိုက်တစ်လုံးမှပိတ်လိုက်တာ၊ ပေါင်းလိုက်တာမျိုး မရှိဘဲ အရှိန်အဟုန်မပျက်ဆက်လက်လည်ပတ်စေတာဟာသတိပြုစရာ အလွန်ကောင်းပါတယ်။

ကျွန်တော်တို့နိုင်ငံလို ကိုယ်ထူကိုယ်ထစာကြည့်တိုက်တွေထောင်စရာမလိုအောင် ပြည်သူ့စာကြည့်တိုက်များဟာ ကျောင်းသား၊ ပြည်သူတွေအတွက်လုံလောက်မှုရှိတာတွေ့ရမှာပါ။ တကယ်တမ်းပြောရရင်လည်း အဲဒီစာကြည့်တိုက်တွေလည်ပတ်နေတဲ့အသုံးစရိတ်ဟာ ပြည်သူတွေဆီက စည်းကြပ်ထားတဲ့ဝင်ငွေခွန်၊ ပြည်သူ့ဘဏ္ဍာငွေများကပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီနိုင်ငံကသူတွေဟာ မိမိကိုယ်ပိုင်စာကြည့်တိုက်ကို သွားရသလိုမျိုး ယုံကြည်မှုအပြည့်နဲ့စာကြည့်တိုက်တွေကိုဝင်ထွက်သွားလာကြတာကို တွေ့မြင်ရပါတယ်။

စာကြည့်တိုက်ဝန်ထမ်းများဟာလည်း လာသမျှသူတွေကိုလိုအပ်တဲ့အကူအညီပေးဖို့အဆင်သင့်ဖြစ်နေကြပြီး စာကြည့်တိုက်ပညာဒီပလိုမာ ရရှိထားကြသူများဖြစ်ကြပါတယ်။ ပြည်သူတွေဟာ မိမိမှာရှိတဲ့ အဝါရောင်ကတ်ပြားနဲ့ မိမိနဲ့သက်ဆိုင်ရာမြို့နယ်ရဲ့ပြည်သူ့စာကြည့်တိုက်မှာသာမက တစ်နိုင်ငံလုံးမှာရှိတဲ့ မည်သည့်မြို့နယ်ပြည်သူ့စာကြည့်တိုက်မှာမဆို မှတ်ပုံတင်ပြီး အခမဲ့ငှားရမ်းမှုပြုလုပ်နိုင်ကြပါတယ်။



နိုင်ငံတော်ကနေ လုံလောက်မှုရှိတဲ့ လစာကိုသတ်မှတ်ပေးထားတာကြောင့် ပြည်သူတွေဟာ စာအုပ်တွေကိုဝယ်ဖတ်နိုင်တဲ့အပြင် အလကားငှားဖတ်လို့ရအောင်လည်း ပြည်သူ့စာကြည့်တိုက်တွေမှာ စာအုပ်မျိုးစုံကို ထားရှိပေးထားပါတယ်။ ဒါကြောင့်လည်းပဲ ဒီနိုင်ငံမှာစာအုပ်အငှားဆိုင်မရှိခဲ့ပါဘူး။ ကျွန်တော်တို့တုန်းကတော့ စာအုပ်အငှားဆိုင်ရှိပေလို့ပဲ စာအုပ်တွေဖတ်နိုင်ခဲ့တာပါ။

## ပြည်သူ့စာကြည့်တိုက်၏ ဝန်ဆောင်မှုနှင့်ဆွဲဆောင်မှု

ပြည်သူ့စာကြည့်တိုက်တွေမှာထူးခြားတာတစ်ခုက ကလေးသူငယ်တွေအတွက် သီးသန့်နေရာတစ်ခုထားရှိပေးထားတာပါပဲ။ သူတို့စိတ်ဝင်စားတဲ့ စာအုပ်တွေ၊ ပုံပြင်၊ ကာတွန်းတွေ၊ ရုပ်ရှင်တွေ၊ Playstation တွေထားပေးတဲ့အပြင် ကစားစရာတွေပါ ထားရှိပေးထားပါတယ်။

စာကြည့်တိုက်ရဲ့ စာဖတ်ခန်းမှာ နေ့စဉ်ထုတ်သတင်းစာများ၊ မဂ္ဂဇင်း၊ ဂျာနယ်များကို ဖတ်ရှုနိုင်ကြပြီး အင်တာနက်အသုံးပြုနိုင်ကြပါတယ်။ စာအုပ်များ၊ မျက်လုံးချို့ယွင်းနေသူများအတွက် နားထောင်စာအုပ်များ(CD)၊ တေးဂီတ CD၊ LD ချပ်များ၊ Documentary များငှားရမ်းမည်ဆိုပါက အရေအတွက်အကန့်အသတ်မရှိဘဲ တစ်လကြာငှားရမ်းနိုင်ပါတယ်။ ရုပ်ရှင်DVD၊ Video ခွေများ၊ ငှားရမ်းမယ်ဆိုရင်တော့ စာကြည့်တိုက်ကိုလိုက်လို့ တစ်ပတ်ကနေ နှစ်ပတ်အထိငှားရမ်းကြည့်ရှုနိုင်ကြပါတယ်။ တစ်ကြိမ်ငှားရင်ရုပ်ရှင် လေးကားကနေ ဒီထက်ပိုငှားလို့ရတဲ့စာကြည့်တိုက်တွေလည်းရှိပါတယ်။ ငှားရမ်းခြင်းကိုတော့ ကိုယ်တိုင်သွားရောက်ပြုလုပ်ရမှာဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်ပြီး အငှားသက်တမ်းတိုးချင်ရင်တော့ အွန်လိုင်းကတိုးလို့ရအောင် စာကြည့်တိုက်တိုင်းမှာ ကိုယ်ပိုင်အင်တာနက် စာမျက်နှာတွေထားရှိပေးထားပါတယ်။ တခြားသူတစ်ဦးကမှာ မထားတဲ့ပစ္စည်းဆိုရင် သက်တမ်းတိုးလို့ရပါတယ်။

အလွန်ကောင်းတဲ့ဝန်ဆောင်မှုတစ်ခုကိုပြောရမယ်ဆိုရင်တော့ မိမိနဲ့သွားရလာရတာ အဆင်ပြေတဲ့စာကြည့်တိုက်မှာ ဖတ်ချင်၊ ကြည့်ချင်တဲ့ စာအုပ်၊ ရုပ်ရှင်မရှိရင်လည်း အဲဒီစာကြည့်တိုက်မှာပဲ လူကိုယ်တိုင်သော်လည်းကောင်း၊ အွန်လိုင်းမှသော်လည်းကောင်းမှာထားလို့ ရပါတယ်။ ပြည်သူ့စာကြည့်တိုက်ချင်း ဆက်သွယ်တဲ့ အထူးကောင်းမွန်တဲ့ ကွန်ရက်ရှိတာကြောင့် ရှိတဲ့စာကြည့်တိုက်ကနေလှမ်းမှာပေးတာပါ။ လာယူလို့ရပြီဆိုရင်အကြောင်းကြားပါတယ်။ ငှားရမ်းခြင်းတွေ၊ အင်တာနက်အသုံးပြုခြင်းနဲ့ ကျန်တဲ့ဝန်ဆောင်မှုတွေအားလုံး အခမဲ့ဖြစ်ပါတယ်။

ပစ္စည်းပြန်အပ်ရမယ့်ရက် ကျော်လွန်ရင် ဒဏ်ကြေးပေးဆောင်ရပါမယ်။ ပစ္စည်းပျက်စီး၊ ပျောက်ရှခဲ့ရင်တော့ ပစ္စည်းတန်ဖိုးကို အပြည့်အဝပေးလျော်ရမှာပဲဖြစ်ပါတယ်။ မိမိမငှားဖူးသေးတဲ့မြို့နယ်က စာကြည့်တိုက်ဆိုရင် ပထမဆုံးအကြိမ် အဝါရောင်ကတ်ပြားကိုမှတ်ပုံတင်ပြီး နောက်အကြိမ်တွေမှာ လုပ်စရာမလိုတော့ဘဲ စက်ကနေပဲမိမိဘာသာငှားလို့ရသွားပါပြီ။

## ဝန်ထမ်းတွေမရှိဘဲ ကိုယ့်ဘာသာ တံခါးဖွင့်ဝင်လို့ရတဲ့ Hornbaek က စာကြည့်တိုက်

စာကြည့်တိုက်ဖွင့်ချိန်တွေမှာ ဝန်ထမ်းတွေရဲ့ကူညီမှုကို အပြည့်အဝရရှိမှာဖြစ်ပြီး တချို့မြို့နယ်စာကြည့်တိုက်တွေမှာ တရားဝင်စာကြည့်တိုက်ဖွင့်ချိန်ကျော်လို့ ဝန်ထမ်းများပြန်သွားကြပေမယ့်လည်း မိမိဘာသာအဝါရောင်ကတ်ပြားနဲ့ ဖွင့်ဝင်ပြီး စက်မှာအပ်လို့၊ ငှားလို့ရအောင်စီစဉ်ပေးထားပါတယ်။

ကျွန်တော်သွားနေတဲ့ Hornbaek ဆိုတဲ့မြို့လေးကစာကြည့်တိုက်ဆိုရင် သာမန်နေ့ဆို ညနေ ၄ နာရီကျော်ရင် ဝန်ထမ်းတစ်ဦးမှမရှိတော့ပါဘူး။ ဒါပေမဲ့ မိမိကတ်ပြားနဲ့ ည ၉ နာရီအထိနေလို့

စာ 23 သို့

# နေအိမ်အကျယ်ချုပ် လွတ်မြောက်ပြီးနောက် သုံးနှစ်အကြာ

မင်းထက်စံ၊ အောင်ထက်

**“ပြေး လာတဲ့ ခြေသံတွေ ကြားရတယ်။ တဒုံးဒုံးအသံတွေ ကြားလိုက်ရတယ်။ သံဆူးကြိုးတွေ ဖယ်လိုက်ပြီဆိုတာ သိလိုက်တယ်”ဟု ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်ညနေက နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာစဉ် အခြေအနေတို့ကို ပြုံးရွှင်စွာဖြင့် ပြန်ပြောင်းပြောပြသည်။**

ယနေ့သည် ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့် သုံးနှစ်မြောက်နေ့ဖြစ်သည်။

ခရမ်းရောင်ဝမ်းဆက် ဝတ်ဆင်ထားသော အသက် ၆၈ နှစ် အရွယ် သူ(မ)တက်တက်ကြွကြွဖြင့် ပြည်သူ့လွှတ်တော်အတွင်း ဝင်ရောက်လာသည်။ ယခု သူ(မ)အမတ်တစ်ဦးအဖြစ် တိုင်းပြည်ရေးရာကိစ္စများကို ဝင်ရောက်ဆောက်ရွက်လျက် ရှိနေပြီဖြစ်သည်။

## လွန်ခဲ့သည့် သုံးနှစ်အချိန်

၂၀၁၀ ပြည့်နှစ် ပါတီစုံ ရွေးကောက်ပွဲအပြီး ငါးရက်မြောက်နေ့ နိုဝင်ဘာ ၁၂ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်တော့မည်ဖြစ်သောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးနှင့် သူ့နေအိမ်တည်ရှိရာ တက္ကသိုလ်ရိပ်သာလမ်းတို့တွင် ထောင်ချီသော လူအုပ်ကြီးက စောင့်ဆိုင်းနေကြသည်။

တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ် ၅၄ တည်ရှိရာ လမ်းထိပ်တွင်တော့ သံဆူးကြိုးများ ကာထားဆဲ။ အချိန်ကား ညနေပိုင်းသို့ ရောက်ချေပြီ။ သတင်းတစ်ခုက ထွက်ပေါ်လာသည်။ ဒေါ်အောင်ဆန်းစုကြည် ယနေ့မလွတ်ပါဟူ၍ ဖြစ်သည်။ နိုဝင်ဘာ ၁၃ ရက်နေ့ လွတ်မည်ဖြစ်ပြီး ပြန်ကြရန် တာဝန်ရှိသူများက ပြောကြားသော်လည်း တက္ကသိုလ်ရိပ်သာလမ်းထိပ်တွင် လူအုပ်ကြီးက စောင့်ဆိုင်းနေကြဆဲ ဖြစ်သည်။ တချို့က ညအိပ်စောင့်ကြသူများပင် ရှိသည်။

နိုဝင်ဘာ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်ပုံ ကိုင်ဆောင်ထားသော လူအုပ်ကြီးသည် တက္ကသိုလ်ရိပ်သာလမ်းထိပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့တွင် မတ်တတ်ရပ် တစ်ဖုံ၊ ထိုင်တစ်လှည့် စောင့်နေကြသည်။

အချိန်ကား တဖြည်းဖြည်းကုန်လာပြီ။ နေပူကြီးထဲတွင် လူအုပ်ကြီးမှာ ချွေးတလုံးလုံးဖြင့် စောင့်ဆိုင်းနေကြဆဲ။

ညနေပိုင်း အချိန်သို့ ရောက်ရှိလာချေပြီ။ အချိန်ကား ၆ နာရီ ၃၇ မိနစ်။ တက္ကသိုလ်ရိပ်သာ လမ်းထိပ်ရှိ သံဆူးကြိုးပိတ်ထားသည်များ ဖယ်ရှားလိုက်သည်။

‘ဒေါ်အောင်ဆန်းစုကြည် လွတ်ပြီ’ ‘အမေစု ချမ်းသာပါစေ။ ကျန်းမာပါစေ’ဟူသော အသံများ ဟိန်းခနဲ ထွက်လာသည်။

အတားအဆီးများ ဖယ်ရှားလိုက်သည်နှင့် ထောင်ချီသော လူအုပ်ကြီးသည် တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ခြံအမှတ် ၅၄ ရှိရာသို့ သူထက်ငါ ဦးအောင် ပြေးဝင်ကြသည်။ ခလုတ်တိုက်သူတိုက်၊ လဲသူလဲကြသည်။

တက္ကသိုလ်ရိပ်သာလမ်းတွင် အော်ဟစ်နေကြသော လူအုပ်ကြီးကို ဒေါ်အောင်ဆန်းစုကြည်က နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့် နှုတ်ခွန်းဆက် ၁၅ မိနစ်ခန့် ပြောဆိုခဲ့ပြီး နေအိမ်အတွင်းသို့ ဝင်သွားခဲ့သည်။

သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့တွင် စောင့်ဆိုင်းနေသော လူအုပ်ကြီးမှာ နေအိမ်သို့ ချီတက်လာသည့်အတွက် ဒေါ်အောင်ဆန်းစုကြည်က ဒုတိယအကြိမ် နှုတ်ဆက်မိန့်ခွန်း ပြန်ပြောသည်။

ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်သည့်အချိန် နေအိမ်ရှေ့သို့ ရောက်ရှိခဲ့သည့် အမျိုးသမီးတစ်ဦးက ‘မိန့်ခွန်းပြောတဲ့အချိန် မျက်ရည်တောင်ကျမိတယ်’ ဟု ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်ကို ၁၉၈၉ ခုနှစ်တွင်တစ်ကြိမ်၊ ၂၀၀၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၂၀၀၁ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၃ ခုနှစ်တွင် တစ်ကြိမ် ထိန်းသိမ်းခံခဲ့ရပြီး ၂၀၁၃ ...


ဓာတ်ပုံ - မင်းထက်စံ

ခုနှစ် နိုဝင်ဘာလတွင် လွတ်မြောက်လာခြင်းဖြစ်သည်။

အမျိုးသားဒီမိုကရေစီ အင်အားစုပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က “အန်တီစု နေအိမ်အကျယ်ချုပ်က လွတ်လာတာဟာ ပြည်သူတွေအတွက် ဒီမိုကရေစီရောင်ခြည်သန်းလာတာပါ” ဟု မှတ်ချက်ပေးသည်။

နှစ်ပေါင်း ၂၀ နီးပါးနေအိမ်အကျယ်ချုပ်ခံရသော ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့်အချိန် အံ့သြစရာဖြစ်စေသည့် အကြောင်းကို အောက်ပါအတိုင်း ရယ်လျက်ပြောပြသည်။

“ခြံရှေ့ရောက်တော့ ခုကိုင်နေကြတဲ့ တယ်လီဖုန်းလေးတွေနဲ့ ဓာတ်ပုံတွေရိုက်ကြတယ်။ မမြင်ဖူးဘူးလေ။ ဘာမှန်းမသိတော့ အံ့သြတာပေါ့” ဟူ၍ဖြစ်သည်။

ထိုအံ့သြစကားကို ပြောပြခဲ့ချိန် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ဖြတ်သန်းလာခဲ့သည်မှာ သုံးနှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။

## ဖြတ်သန်းခဲ့တာ သုံးနှစ်ကြာ

ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ပြီး ရက်ပိုင်းအကြာတွင် ရွေးကောက်ပွဲကော်မရှင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသည့်အတွက် တရားစွဲဆိုခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအတွင်းတွင်လည်း တရားဝင်မှတ်ပုံတင်ရေး မတင်ရေးတို့ကို အငြင်းပွားခဲ့ကြသော်လည်း ပါတီကို တရားဝင်မှတ်ပုံတင်ဖြစ်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ယင်းနောက် ကြားဖြတ်ရွေးကောက်ပွဲဝင်ရေး မဝင်ရေးအငြင်းပွားကြပြန်သည်။ ကြားဖြတ်ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်လိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ပထမဆုံး မဲဆွယ်စည်းရုံးရေးခရီးစဉ်အဖြစ် ထားဝယ်မြို့နယ်သို့ သွားရောက်ခဲ့သည်။ ထို့နောက် မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ကိုယ်စားပြုယှဉ်ပြိုင်မည့် ကော့မှူးမြို့နယ် စသဖြင့် စည်းရုံးရေးခရီးစဉ်များ သွားရောက်ခဲ့သည်။

၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်သည် ကော့မှူးမြို့နယ်မဲဆန္ဒနယ်တွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၄၃ နေရာ မဲအပြတ်အသတ်ဖြင့် အနိုင်ရခဲ့သော်လည်း လွှတ်တော်တက်ရေး မတက်ရေး အငြင်းပွားကြပြန်သည်။ လွှတ်တော်တက်ကြရန် ဆုံးဖြတ်ပြီး လွှတ်တော်တွင်ကျမ်းကျိန်ကာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

၂၄ နှစ်ကြာ နေအိမ်အကျယ်ချုပ် အကြိမ်ကြိမ် ကျခံခဲ့ပြီးနောက် ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် ၂၀၁၂ ခုနှစ်မေလတွင် ထိုင်းနိုင်ငံသို့ ပထမဆုံးအကြိမ်သွားရောက်ခဲ့သည်။ ပြီးနောက် ဥရောပ ငါးနိုင်ငံခရီးစဉ်၊ အမေရိကန်ခရီးစဉ်၊ အိန္ဒိယခရီးစဉ်၊ ဂျပန်ခရီးစဉ်၊ တောင်ကိုရီးယားခရီးစဉ်တို့ကို သွားရောက်ခဲ့သည်။

လက်ရှိတွင် ပြည်သူ့လွှတ်တော်၏ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဒေါ်အောင်ဆန်းစုကြည်က တာဝန်ယူထားသည်။

ဒေါ်အောင်ဆန်းစုကြည်က ပြည်တွင်းခရီးစဉ်များအပြင် ပြည်ပခရီးစဉ်များတွင်လည်း ဖွဲ့စည်းပုံ

စာ 23 သို့


ဓာတ်ပုံ - မြင့်မိုးညို

# ဆေးပေါင်းခတဲ့ တန်ဆောင်မုန်းည

ဆွေငြိမ်းအေး၊ သီရိ

**'တန်ဆောင်မှသ ဆေးပေါင်းခသည့် မင်များ၊ မင်းမည်း မဲဇလီ' ဟု တန်ဆောင်မုန်းတွင် မဲဇလီပင်ကို ဆေးပေါင်းခသောအပင်အဖြစ် ရှေးစာဆိုတို့က ညွှန်းဆိုခဲ့ကြသည်။ မဲဇလီရွက်သည် နတ်ပြည်တွင် နတ်များစားလေ့ရှိသည့် မဉ္ဇူသကနတ်ပန်းနှင့် ဆင်တူသောကြောင့် တန်ဆောင်မုန်းလပြည့်နေ့ညတွင် မဲဇလီရွက်ကိုသုပ်စားခြင်းဖြင့် အသက်ရှည်အနာကင်းနိုင်သည်ဟု ယူဆကြသည်။**

တန်ဆောင်မုန်းလတွင် သာမညဖလ အခါတော်နေ့ပွဲတော်၊ တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်းကပ်လှူဒါန်းပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲများကျင်းပပြီး တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ကို စောရနက္ခတ်နှင့် ယှဉ်သောနေ့ ဖြစ်သည်ဆိုသော ဆိုရိုးစကားတို့ကြောင့် ရပ်ထဲရွာထဲတွင် အပျော်သဘောဖြင့် သူခိုးကြီးည (ကျီးမနိုးပွဲ) ကျင်းလေ့ရှိသည်။

တန်ဆောင်မုန်းလသည် မြတ်စွာဘုရားကို ကထိန်သင်္ကန်း (မသိုးသင်္ကန်း) ဆက်ကပ်လှူဒါန်းကြသည့် အချိန်အခါဖြစ်ပြီး ရှေးအစဉ်အဆက် ယုံကြည်မှုအရ ကြတ္တိကာနက္ခတ်ကို ပူဇော်သောအားဖြင့် ဆီမီးထွန်းညှိပူဇော်ရာမှ မြတ်စွာဘုရားကို ရည်မျှော်၍ ဆီမီးထွန်းညှိပူဇော်လာကြသည့် အချိန်အခါလည်းဖြစ်သည်။

တန်ဆောင်မုန်းလသည် မိုးအကုန်ဆောင်းအကူးဖြစ်၍ ကောင်းကင်တစ်ဝန်း ကြည်လင်သန့်ရှင်း၍ နက္ခတ်အပေါင်းစုံလင်လှသည့်အတွက် ဗေဒင်နက္ခတ် တတ်ကျွမ်းသူများက တန်ဆောင်မုန်းလပြည့်ညတွင် စုပေါင်း၍ နက္ခတ်ကြည့်ခြင်း၊ အင်းဆေးဖော်ခြင်းများ လုပ်ဆောင်ကြပြီး ဆေးဆရာများကလည်း တန်ဆောင်မုန်းလပြည့်နေ့တွင် ဆေးပေါင်းခသည့်အတွက် ဆေးဖော်စပ်ခြင်းများ ပြုလုပ်ကြသည်။

ယခင်အစိုးရလက်ထက်တွင် လူစုလူဝေးနှင့် စုဝေးပြုလုပ်သည့်ပွဲများကို ကန့်သတ်ထားခဲ့သည့်အတွက် နက္ခတ်ကြည့်ခြင်း၊ အင်းဆေးဖော်ခြင်း၊ ဆေးဖော်ခြင်းအလေ့များသည် အထိုက်အလျောက် ပျောက်ကွယ်ခဲ့ရပြီး တန်ဆောင်မုန်းလပြည့်နေ့ညတွင် လောကီအတတ်ပညာပိုင်းတတ်ကျွမ်းသူများ စုပေါင်း၍ ဆေးဖော်ခြင်း၊ အဆင့်တက်ခြင်း၊ နက္ခတ်ကြည့်ခြင်းများ ပြုလုပ်ကြသည့် ယင်းဖြစ်စဉ်များကို ကြုံတွေ့ခဲ့ရဖူးသည်ဟု အငြိမ်းစားကျောင်းဆရာတစ်ဦးက ပြောကြားသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ဆေးပေါင်းခသည်ဟုဆိုကြသော်လည်း တန်ဆောင်မုန်းလပြည့်နေ့တိုင်းဆေးပေါင်းမခကြောင်း၊ တနင်္လာဂြိုဟ်ခေါ်လမင်း ပြိဿရာသီနှင့် တနင်္ဂနွေဂြိုဟ်ခေါ် နေမင်း ဗြိစ္ဆာရာသီတွင် တည်ရှိမှသာ ဆေးပေါင်းခသော တန်ဆောင်မုန်းညအဖြစ် သတ်မှတ်နိုင်ကြောင်း၊ ယခု ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကျရောက်မည့် တန်ဆောင်မုန်းလပြည့်နေ့သည် အမှန်တကယ် ဆေးပေါင်းခသောညဖြစ်ကြောင်း နက္ခတ်သိပ္ပံအဖွဲ့၏ အမှုဆောင်အရာရှိချုပ် ဦးဇေယျကိုက ပြောကြားသည်။

"မြန်မာနိုင်ငံအတွက် ဒီနှစ်တန်ဆောင်မုန်းလပြည့်နေ့မှာ စစ်မှန်တဲ့ ဆေးပေါင်းခမှု ဖြစ်တယ်။ ဒီနှစ် မြန်မာနိုင်ငံရန်ကုန်မြို့ပေါ် တည့်တည့်ပေါ်မှာ လဖြတ်မယ်။ လဖြတ်လမ်းကြောင်းပေါ်မှာရှိနေတဲ့ မြို့တွေမှာ ဆေးဖက်ဝင် မဲဇလီဖူးတွေ သုပ်စားရင် ပိုပြီးဆေးဖက်ဝင်မှာပါ။ တောရွာတွေမှာတော့ တကယ့်လစထွက်တဲ့ ၇ နာရီလောက်မှာ လရောင်ကျတဲ့ မဲဇလီဖူးကို လတ်လတ်ဆတ်ဆတ်ခူးပြီးရင် နက္ခတ်ချိန်ဖြစ်တဲ့ ၉ နာရီ ၄၆ စက္ကန့်မှာ ရေနွေးဖျော ဒါမှမဟုတ်ပြုတ်ပြီး ညသန်းခေါင်ချိန်မှာပြုတ်စားရင် မြို့ကလူတွေထက်ပိုပြီး ဆေးဖက်ဝင်မှာပါ။ မြို့ဘက်ကလူတွေကျတော့ မနက်ကတည်းက ဝယ်ထားတဲ့ မဲဇလီဖူးကို နက္ခတ်ချိန်မှာ ပြုတ်၊ ရေနွေးဖျော်ပြီး ညသန်းခေါင်ကျမှ သုပ်စားရင်ပိုပြီး အာနိသင်ရမှာပါ" ဟု ဦးဇေယျကိုက ရှင်းပြသည်။

မြန်မာနိုင်ငံ ရန်ကုန်မြို့နည်းတူ ဆေးပေါင်းခသည့် အခြားမြို့များမှာ မအူပင်၊ ပုသိမ်၊ ဘားအံ၊ သုံးခွ၊ သထုံစသည့်မြို့များဖြစ်သည်ဟု ဦးဇေယျကို၏ အဆိုအရ သိရှိရသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ကြတ္တိကာ နက္ခတ်နှင့် စန်းယှဉ်သည့်အချိန် ဆေးပင်များကို စောင့်ရှောက်ကြသည့် နတ်များက မဲဇလီပင်ကို စောင့်ရှောက်ရသော နတ်မင်းထံသို့လာရောက် ခစားကြရပြီး နတ်သဘင်ပွဲကို ကျင်းပကြသည့်အတွက် ရှေးလူကြီးများက မဲဇလီဖူးသည် ဆေးစွမ်းထက်မြက်သည်ဟု ယုံကြည်ကြကြောင်း၊ ရှေးတိုင်းရင်းဆေးဆရာများသည် တန်ဆောင်မုန်းလပြည့်နေ့ညအချိန် လရောင်အောက်တွင် မိမိတို့ဖော်စပ်ထားသောဆေးများကို သိဒ္ဓိတင်ခြင်း၊ ပူဇော်ပသခြင်းများ ပြုလုပ်ခဲ့ကြသည်ဟု ဆေးကျမ်းစာအုပ်များတွင် ဖော်ပြထားသည်။

ထိုကဲ့သို့ မြန်မာ့တိုင်းရင်းဆေးဆရာကြီးများက တန်ဆောင်မုန်းလပြည့်နေ့တွင် ပြုလုပ်လေ့ရှိသော သိဒ္ဓိတင်ခြင်း၊ ပူဇော်ပသခြင်းများကို ယနေ့ထက်တိုင် မြန်မာ့တိုင်းရင်းဆေးဆရာကြီးအချို့က အစဉ်အလာမပျက် ပြုလုပ်နေကြဆဲဟု တိုင်းရင်းဆေးဆရာအသိုင်းအဝိုင်းထံမှ သိရှိရသည်။

"၁၄ ရက်နေ့မနက်မှာ ပွဲထိုးတယ်။ ၁၅ ရက်နေ့မှာ ဘုရားစွမ်းတော်ကပ်တယ်။ မဲဇလီဖူးသုပ်တို့၊ သတ်သက်လွတ် လက်ဖက်သုပ်တို့သုပ်ပြီးလာတဲ့တပည့်တပန်းတွေကိုကျွေးတယ်။ သိဒ္ဓိတင်တာတို့ ဘာတို့လုပ်တယ်။ ရင်းနှီးတဲ့တပည့်တပန်းတွေဆိုရင်တော့ အဆောင်တို့၊ စမလက်ဖွဲ့တို့ ဘာတို့ပေးတယ်။ အရင်လို အကြီးကြီးလုပ်ဖြစ်တော့တာ မဟုတ်ပေမယ့် အစဉ်အလာမပျက်လုပ်ဖြစ်ပါသေးတယ်" ဟု တိုင်းရင်းဆေးဆရာ ဦးစိုးမြင့်က ပြောပြသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မဲဇလီဖူးသုပ်စားခြင်းများအပြင် ဗေဒင်ဆရာများကလည်း အဖွဲ့အစည်းအလိုက် လူအများအပြားကို အခမဲ့ဗေဒင်ဟောခြင်း၊ အဆောင်လက်ဖွဲ့များ ပေးဝေခြင်း၊ ဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် နက္ခတ်ကြည့်ပွဲများ ပြုလုပ်နေကြဆဲဖြစ်သည်။

မန္တလေးမြို့၃၉လမ်း၊ ၈၂ လမ်းနှင့် ၈၄ လမ်းကြား ရှိ ပေါင်းလဲ ရွှေသာလျောင်းကျောင်းတိုက်အတွင်း ဒေါက်တာမင်းသိခ်၏ ညွှန်ကြားချက်အရ တန်ဆောင်မုန်းလပြည့်နေ့တိုင်း ဗေဒင်အခမဲ့ဟောပေးခြင်း၊ ဆီမီးတစ်ထောင်ပူဇော်ခြင်း၊ ဆေးပေါင်းများဝေခြင်း၊ ယတြာချေပေးခြင်းများပြုလုပ်ခဲ့သည်မှာ ငါးနှစ်ရှိပြီဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း အစဉ်အလာမပြတ် ကျင်းပမည်ဖြစ်ကြောင်း အဆိုပါပွဲ ပြုလုပ်ကျင်းပကြမည့် မင်းသိခ်၏တပည့်များက ပြောပြသည်။

"ဒီပွဲကို လာတဲ့ဧည့်သည်တွေကို ကောက်ညှင်းပေါင်း၊ မနောမယလက်ဖက်ရည်နဲ့ ဧည့်ခံပါမယ်။ အခမဲ့ဗေဒင် ဟောပြောပေးတာ၊ ဆေးဖော်ပွဲလာပရိသတ်တွေကိုယတြာချေပေးတာ၊ ယတြာလက်ဆောင်တွေ ဝေငှတာတွေ ပြုလုပ်ပေးသွားမှာပါ။ ပြီးတော့ ဗဟုသုတ ဖြစ်ဖွယ်ရာ အိမ်တစ်အိမ်ရဲ့ ရှောင်ရန်၊ ဆောင်ရန်တွေကို သိရှိနိုင်ဖို့ ပြောပြတာတွေ ပြုလုပ်ပေးသွားမှာပါ" ဟု မင်းသိခ်၏ တပည့်တစ်ဦးက ဆိုသည်။

အလားတူ ရန်ကုန်မြို့တွင်လည်း မြို့နယ်အလိုက် ဆေးဖော်ပွဲများ ကျင်းပဆဲဖြစ်သည်ဟု မင်းသိခ်၏ တပည့်များက ဆိုကြသည်။

"လုပ်တဲ့ အဖွဲ့တွေကတော့ အများကြီးရှိတယ်။ ကျွန်တော်တို့က တောင်မြောက်လမ်းဆုံက မြို့ဦးစေတီမှာ ဆေးဖော်ပွဲလုပ်မှာ။ အဘရှိစဉ်က နည်းတွေ အတိုင်းပေါ့။ ည ၁၁ နာရီနောက်ပိုင်းမှာ စပြီး မနက် ၃ နာရီအထိဆေးဖော်ပြီး လာတဲ့သူတွေကို ဝေပေးမှာပါ" ဟု ဆရာမင်းသိခ်၏ တပည့်တစ်ဦးဖြစ်သူ ဆရာအောင်ချစ်မင်းက ပြောပြသည်။

ခေတ်သစ်အချိန်အခါတွင်လည်း တန်ဆောင်မုန်းလပြည့်နေ့တွင် ဈေးရောင်းပွဲတော်၊ အရောင်းမြှင့်တင်ရေးပွဲတော်များ ပြုလုပ်လေ့ရှိပြီး ခေတ်သစ်ပွဲတော်နှင့် ခေတ်ဟောင်းပွဲတော် တွဲဖက်ကျင်းပမှုများလည်းရှိသည်။

ပျော်ပွဲရှင်ပွဲနှင့် ဂီတမိတ်ဆက်ပွဲများ ကျင်းပလေ့ရှိသည့် Happy World အပန်းဖြေ ကလေးကစားကွင်း၏ Happy Zone တွင်လည်း နှစ်စဉ်ပြုလုပ်နေကျ ဆေးဖော်ပွဲနှင့် ဒါနပြုပွဲများပြုလုပ်သွားမည်ဟု မနောမယဂျာနယ်မှ ဆရာဇင်ယော်နီကက ပြောပြသည်။

"အရင်နှစ်တွေတုန်းက ရွှေဘုန်းပွင့်မှာ ပြုလုပ်ခဲ့တယ်။ အခုတော့ Happy Zone မှာ ပြုလုပ်တဲ့ပွဲမှာ ပရိသတ်တွေလည်း ပိုများများလာလို့ရတယ်။ အဲဒီနေ့မှာ အခမဲ့ဗေဒင်ဟောပေးမယ်၊ ဆေးတော်ကြီး ဖော်ထားတာတွေဝေမယ်၊ မနောမယလက်ဖက်ရည်တိုက်မယ်။ အဲဒီနေ့မှာ လာမယ့်ပရိသတ်တွေကို ဗေဒင်ဟောကြားပေးမယ့် ဆရာတွေရာနဲ့ချီပြီးရှိနေမှာပါ။ မျက်နှာပွင့်၊ လာဘ်လာဘ ရှင်စေတဲ့အဆောင်တွေလည်း ဝေမှာပါ။ ဒီနှစ်တော့ ထူးထူးခြားခြားအဖြစ် အခမဲ့ဟောပေးတယ်ဆိုပေမယ့် စေတနာအရ လှူတဲ့အလှူငွေတွေကို လက်ခံမှာ ဖြစ်ပါတယ်။ ပြီးတော့ အလှူတွေကို သာရေး နာရေး တစ်ခုခုမှာ လှူပေးမှာပါ" ဟု ဆရာ ဇင်ယော်နီက ဆိုသည်။

ထိုကဲ့သို့ ဗေဒင်ယတြာ ကျွမ်းကျင်သူများက ၎င်းတို့တတ်ကျွမ်းသည့်ပညာအလိုက် တန်ဆောင်မုန်းလပြည့်နေ့ကို ဆင်နွှဲကြ သကဲ့သို့ တစ်ဦးတစ်ယောက်ချင်းစီလည်း ဆေးပေါင်းခ သည့်ညကို ဆင်နွှဲကြသည်။

အိမ်ရှင်မတစ်ဦးဖြစ်သူ ဒေါ်ထွန်းကလည်း "အိမ်မှာတော့ တန်ဆောင်မုန်းလပြည့်နေ့ဆို မဲဇလီဖူးတွေသုပ်ပြီး အိမ်နီးနားချင်းတွေကို ဝေလေ့ရှိတယ်။ ရှေးလူကြီးတွေ ပြောကြတယ်လေ။ တန်ဆောင်မုန်းလပြည့်နေ့က ဆေးပေါင်းခတယ်။ အဲဒီနေ့မှာ မဲဇလီဖူးသုပ်စားရင် ၉၆ ပါး ရောဂါပျောက်ကင်းစေတယ်လို့ ပြောကြတယ်လေ။ ဒါကြောင့် လပြည့်နေ့လည်းဖြစ်၊ ဆေးပေါင်းခတဲ့နေ့လည်းဖြစ်တဲ့ ဒီလိုနေ့မှာ မဲဇလီဖူးကို မသုပ်ဖြစ်တဲ့သူတွေ၊ သုပ်ဖို့သတိမရတဲ့သူတွေ၊ မအားလပ်တဲ့ သူတွေအတွက် အလှူလုပ်ပြီး ဒါနပြုတဲ့သဘောပါပဲ" ဟု ဆိုသည်။

"မနှစ်က မြောက်ဥက္ကလာက သူငယ်ချင်းတွေခေါ်လို့ တန်ဆောင်မုန်းလပြည့်နေ့မှာ လုပ်တဲ့ နက္ခတ်ကြည့်ပွဲ ရောက်ခဲ့တယ်။ အဲဒီပွဲလုပ်တဲ့အဘွားက နက္ခတ်ကြည့်ပေးပြီး ခုနှစ်ရက်သားသမီးတွေ ကြုံရမယ့်ကိစ္စအဆိုးအကောင်းတွေကို ပြောပြတယ်။ ကျွန်မအတွက်တော့ အဘွားပြောပြတာတွေက မှန်တယ်။ ပြီးတော့ မဲဇလီဖူးတွေသုပ်စားကြတယ်။ အဲဒီပွဲကို မြောက်ဥက္ကလာက လူတွေတင် မကဘူး။ တခြားဒီပွဲကိုသိတဲ့ ရွှေပြည်သာ ဘက်ကလူတွေလည်းလာကြတယ်။ ဒီနှစ်လည်း အဆင်ပြေရင်သွားဖြစ်မှာပါ ယုံကြည်မှုအရရော ပြီးတော့သူငယ်ချင်းတွေနဲ့ အတူသွားရတာမို့လို့ပါ" ဟု တာမွေမြို့နယ်နေ အသက် ၂၆ နှစ် အရွယ် မဝါလေးက ပြောသည်။

"မဲဇလီဖူးသုပ်ကို တန်ဆောင်မုန်းလပြည့်နေ့မှာ အမြဲလိုလို သုပ်စားဖြစ်တယ်။ ဆေးပေါင်းခတယ် ဆိုတာမျိုးထက် အဲဒီနေ့မှာ သုပ်စားရတာ တခြားနေ့တွေထက် ပိုစားကောင်းသလိုပဲ။ အိမ်နီးနားချင်းတွေကို လည်းဝေဖြစ်တော့လေ။ ဆေးပေါင်းခတယ်ဆိုတာကတော့ ကြားဖူးတာတော့ သူ့အချိန်နဲ့သူ သုပ်စားမှ အစွမ်းထက်တာလို့ကြားဖူးတာပဲ။ ကျွန်မတို့ကတော့ ည ၁၂ နာရီအထိ စောင့်သုပ်စားတာမျိုးမဟုတ်ပါဘူး။ အချိန်စောစောပဲ သုပ်ပြီးလိုက်ဝေလိုက်တာပဲ" ဟု မခင်မျိုးဆွေက ရှင်းပြသည်။

မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့အရရော ယုံကြည်မှုအရ ပြုလုပ်လေ့ရှိသည့် အစဉ်အလာဓလေ့များအနက် ဆေးပေါင်းခသည်ဆိုသော တန်ဆောင်မုန်းလပြည့်နေ့တွင် မဲဇလီဖူးသုပ်စားသည့်ဓလေ့သည် နောင်နှစ်ပေါင်းများစွာတိုင်အောင် တည်တံ့နေမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။ ■

ဆွေငြိမ်းအေး၊ သီရိ



ဓာတ်ပုံ-မြင့်မိုးညို

## တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပမည့်ပွဲတော်များ

| ပွဲတော်အမည် | နေရာ | ပြုလုပ်မည့် အစီအစဉ်များ |
|---|---|---|
| တန်ဆောင်တိုင်လပြည့်နေ့ပျော်ပွဲရှင်ပွဲကြီး | ကန်တော်ကြီး(မျှော်စင်ကျွန်း) | Sea Games အကြိုလှုံ့ဆော်မှု စင်တင်တေးဂီတ ဖျော်ဖြေပွဲ |
| ဆေးတော်ကြီးဖော်ပွဲနှင့် ဒါနပြုပွဲ | Happy Zone (ပြည်သူ့ရင်ပြင်အနီး၊ မြေနီကုန်း) | အခမဲ့ ဗေဒင်ဟောပေးခြင်း၊ ဆေးဖော်ပေးခြင်း၊ မနောမယလက်ဖက်ရည်တိုက်ခြင်း။ |
| ဆေးတော်ကြီးဖော်ပွဲနှင့် ဒါနပြုပွဲ | ပေါင်းလဲရွှေသာလျောင်းကျောင်းတိုက် ၃၉လမ်း၊ ၈၂ လမ်းနှင့် ၈၄ လမ်းကြား၊ မန္တလေးမြို့ | အခမဲ့ ဗေဒင်ဟောပေးခြင်း၊ ဆေးဖော်ပေးခြင်း၊ မနောမယလက်ဖက်ရည်တိုက်ခြင်း။ |
| ဆေးတော်ကြီးဖော်ပွဲနှင့် ဒါနပြုပွဲ | မြို့ဦးစေတီ၊တောင်မြောက်လမ်းဆုံ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။ | အခမဲ့ ဗေဒင်ဟောပေးခြင်း၊ ဆေးဖော်ပေးခြင်း၊ ကောက်ညှင်းပေါင်းကျွေးခြင်း၊ ယတြာပေးခြင်း၊ |
| ဆေးတော်ကြီးဖော်ပွဲနှင့် ဒါနပြုပွဲ | အနောက်ရွှေနံ့သာဘုရား၊ ပဲခူးမြို့ | အခမဲ့ ဗေဒင်ဟောပေးခြင်း၊ ဆေးဖော်ပေးခြင်း၊ |
| နက္ခတ်ပွဲ | သုနန္ဒာ (၅) လမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ | အခမဲ့ ဗေဒင်ဟောပေးခြင်း၊ ဆေးဖော်ပေးခြင်း၊ မယ်ဇလီဖူးသုပ်ကျွေးခြင်း။ |

# မန္တလေးနှင့် ခြိမ်းခြောက်ခံလာရသော ရေသယံဇာတ

ရဲဝင်းနိုင်

**မြို့ပြအလျင်အမြန်တိုးချဲ့လာမှု၊ လူဦးရေတိုးပွားလာမှုနှင့် စက်မှုထွန်းကားလာမှုတို့၏ အကျိုးသက်ရောက်မှုများတွင် ရေသယံဇာတဆုံးရှုံးလာမှုသည်လည်း စိန်ခေါ်မှုအသစ်အဖြစ် ကြုံတွေ့နေရပြီဖြစ်သည်။ ထိုစိန်ခေါ်မှုသည် မန္တလေးမြို့တော်တွင်လည်း ဖြစ်ပေါ်နေပြီဖြစ်သည်။**

မန္တလေးမြို့တော်တွင် တစ်နှစ်ထက်တစ်နှစ် လူနေမှုစနစ်နှင့် မြို့ပြဖွံ့ဖြိုးလာသည်နှင့်အမျှ မြေအောက်ရေ ထုတ်ယူသုံးစွဲမှု များပြားလာပြီး မြေအောက်ရေ တူးဖော်ရရှိမှုမှာ တစ်နေ့တခြား ဆုတ်ယုတ်လာခြင်းကြောင့် တိုးပွားလာသည့်မြို့တော်လူဦးရေ၏ ရေသုံးစွဲမှုပမာဏအတွက် မလုံလောက်မှုများနှင့် များပြားလာသော မြေအောက်ရေ ထုတ်ယူသုံးစွဲမှုများကြောင့် ကြုံတွေ့ရမည့် နောက်ဆက်တွဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအတွက် စိုးရိမ်မှုများ ပေါ်ပေါက်လာကြောင်း မြို့ခံများက တူညီစွာပြောကြားကြသည်။

မန္တလေးမြို့တွင် ရေသုံးစွဲမှုသည် နေ့စဉ်ဂါလန် သန်း ၅၀ ခန့်ရှိပြီး မန္တလေးမြို့နေ ပြည်သူလူထုအတွက် ရေရယူ သုံးစွဲနေရာတွင် ဆည်တော်ကြီး ဆည်ရေ၊ တူးဖော်ရသည့် မြေအောက်ရေ၊ ဧရာဝတီမြစ်ရေတို့ကို အဓိအားကိုးသုံးစွဲနေရကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ စာရင်းများအရ သိရှိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်နှင့် မဟာအောင်မြေမြို့နယ်တို့အတွင်းတွင် နေ့စဉ် ရေဂါလန် ၂၉ သန်းခန့် ပေးဝေလျက်ရှိကြောင်း၊ မန္တလေးမြို့တော်စည်ပင်ယာယာရေးကော်မတီ ရေဖြန့်ဖြူးရေးဌာနမှ ဌာနမှူး ဦးသန်းဦးက ပြောကြားသည်။

ယင်းသို့တစ်ရက်ရေဂါလန် ၂၉ သန်း ရေပေးဝေရာတွင် ဧရာဝတီမြစ်ရေမှ ရေဂါလန် ငါးသန်း၊ ဆည်တော်ကြီး (ကျုံးရေ) နှစ်သန်းနှင့် ဧရာဝတီမြစ်ကမ်းဘေးနှင့် အရှေ့ဘက်ကပ်လျက်ရှိသော စက်ရေတွင်း ၂၇ တွင်းမှ ရေဂါလန် ၂၄ သန်း ပေးဝေလျက်ရှိကြောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။

ထိုကဲ့သို့ ရေဂါလန်အမြောက်အမြား ဖြန့်ဝေပေးနေသော်လည်း မန္တလေးမြို့တော်နေရာအများအပြားတွင် စက်ရေတွင်းတူးဖော်မှုမှာလည်း တစ်နေ့ထက်တစ်နေ့ မြင့်တက်လျက်ရှိသည်။

မန္တလေးတွင် ပုဂ္ဂလိက စက်ရေတွင်း အသုံးပြု၍ မြေအောက်ရေထုတ်ယူသုံးစွဲနေရာတွင် အခက်အခဲများ ကြုံတွေ့လာရပြီး အထူးသဖြင့် ရေကောင်းရေသန့်ရရန် ရေတွင်းအနက်ပေ ပိုမိုတူးယူလာရကြောင်း စက်ရေတွင်းတူးသူများထံမှ သိရှိရသည်။

"သိသိသာသာဖြစ်လာတာတော့ ၂ နှစ်လောက်ရှိပြီ။ အရင်က ပေ ၈၀ လောက်တူးရင် ရေ ရတဲ့အနေထားကနေ အခုနောက်ပိုင်း ရေကြော ဝေးလာတော့ ပေ ၁၀၀ ကျော် ပေ ၁၂၀ ကျော် လောက်တူးမှ ရေ ရတော့တယ်။ မြေအောက်ရေကြော ဆုတ်လာတယ် လို့ပြောလို့ရတယ်။ နွေဆိုရင်တော့ပိုသိသာလာတယ်" ဟုရေတွင်းတူးလုပ်ငန်းလုပ်သက် ၁၅ နှစ်ရှိသူ ပြည်ကြီးတံခွန်မြို့နယ်မှ ဦးဖိုးငွေက ရှင်းပြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြေအောက်ရေတွင်းများ ထုတ်ယူသုံးစွဲခွင့်ပြု လျက်ရှိရာ ချမ်းအေးသာစံမြို့နယ်တွင် ရေတွင်း ၂၀၇၉ တွင်း၊ ချမ်းမြသာစည်မြို့နယ်တွင် ၄၆၉၃ တွင်း၊ မဟာအောင်မြေမြို့နယ်တွင် ၂၅၄၈ တွင်း၊ အောင်မြေသာစံမြို့နယ် ၃၉၁၆ တွင်း စုစုပေါင်း ရေတွင်း ၂၁,၈၄၇ တွင်း ခွင့်ပြုပေးထားသည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။

မြေအောက်ရေထုတ်ယူမှုများလာခြင်းကြောင့် ရေရှည်တွင် မြေအောက်ရေ ရှားပါးမှု ပြဿနာ ကြုံတွေ့ရမည့်အပြင် မန္တလေးမြို့ မြေအောက်တွင် ဂလိုင်အပေါက်ကြီးများ ဖြစ်လာနိုင်သဖြင့် ငလျင်ကြော နီးကပ်သော မန္တလေးမြို့တွင် တိုက်တာအဆောက်အအုံများ ပြိုကျနိုင်သည့် အန္တရာယ်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ပညာရှင်များက သတိပေးပြောကြားသည်။

မန္တလေးမြို့၏ အောက်ခံ မြေဆီလွှာကို အုပ်စု သုံးမျိုးခွဲခြားနိုင်ပြီး ပထမအုပ်စုတွင် အဓိက သဲ (sand)၊ သဲမှုန် (Silf)၊ ရွှံ့စေး (clay) အနည်းငယ်ပါဝင်ကြောင်း၊ ပထမအုပ်စု မြေဆီလွှာကို မန္တလေး အနောက်ပိုင်း ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက်တွင် အများဆုံးတွေ့ရကြောင်း၊ ပထမအုပ်စု မြေဆီလွှာများသည် စေးကပ်မှုမရှိဘဲ မြေအောက်ရေပြင်တိမ်ခြင်း၊ စစ်ကိုင်းပြတ်ရွေ့ကြောနှင့်နီးခြင်းတို့ကြောင့် မြေလှုပ်ရှားစဉ် ရေဝနေသော အောက်ခံမြေသားအရည်ကဲ့သို့ ခေတ္တဖြစ်သွားခြင်း (Soil Liquefaction)နှင့် ကြုံတွေ့ရတတ်ကြောင်း၊ ယင်းသို့ဖြစ်ပါက မြေပြင်ပေါ်ရှိ ခိုင်ခံ့သော တိုက်တာများပင် တုံးလုံးလဲနိုင်ကြောင်း၊ ဘူမိဗေဒပညာရှင်ဒေါက်တာဇော်မြင့်နီက "မန္တလေးဒေသ သဘာဝပတ်ဝန်းကျင်အခြေအနေ" ဆောင်းပါးတွင် ရေးသားထားသည်။

မန္တလေးမြို့၏ အောက်ခံ ဒုတိယ မြေဆီလွှာအုပ်စုမှာ ရွှံ့စေးဖြစ်ပြီး ရေထိလျှင်ပွကာနေပူလျှင်ကျုံ့နိုင်သောမြေအမျိုးအစားဖြစ်ကြောင်း၊ အဆောက်အအုံနှင့် လမ်းဖောက်လုပ်ရန်အတွက် ပြဿနာရှိသဖြင့် သတိထားရမည့် မြေဆီလွှာအမျိုးအစားဖြစ်ကြောင်း ဒေါက်တာဇော်မြင့်နီ၏ အဆိုအရ သိရှိရသည်။

တတိယမြေဆီလွှာ အုပ်စုမှာ ရွှံ့စေးဆန်သော သဲမှုန်၊ သဲ ပါဝင်သော မြေဆီလွှာအမျိုးအစားဖြစ်ပြီး မန္တလေးအရှေ့ဘက်ပုသိမ်ကြီးတွင် တွေ့နိုင်ကြောင်း၊ ယင်းမြေဆီလွှာတွင် ရေအစိုဓာတ် မှာ ၁၀ ဒသမ ၇ ရာခိုင်နှုန်း မှ ၂၄ ဒသမ ၉ ရာခိုင်နှုန်းထိရှိပြီး ပြောင်းလဲမှုများသဖြင့် အထူးဂရုစိုက်ရမည် ဖြစ်ကြောင်း၊ မန္တလေးဒေသတွင် မြေပေါ် ရေသယံဇာတများဖြစ်သည့် မြစ်ချောင်းအင်းအိုင်များသည် သောက်သုံးရေနှင့်စိုက်ရေးပျိုးရေးအတွက် အသုံးဝင်ကြောင်း၊ အထူးသဖြင့် ဧရာဝတီနှင့် ဒုဋ္ဌဝတီမြစ်တို့၏ ရေပမာဏသည် အနာဂတ်ရေထောက်ပံ့ရေးအတွက် လုံလောက်ကြောင်း ဒေါက်တာဇော်မြင့်နီ၏ အဆိုအရ သိရှိရသည်။

မြေဆီလွှာပုံစံ သုံးမျိုးဖြင့် ဖွဲ့စည်းထားသော မန္တလေးမြို့တော်တွင် မြေအောက်ရေ ထုတ်ယူသုံးစွဲမှု များပြားခြင်းသည် ငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်များ၊ ကျရောက်ပါက အဆောက်အအုံများ ပြိုလဲနိုင်သည့် ကပ်ဘေးဆိုးကျရောက်နိုင်သည်ဟု ပညာရှင် များက ဆိုသည်။


ဓာတ်ပုံ-မြင့်မိုးညီ

မန္တလေးမြို့နေလူထုအတွက် မြို့ရေပေးဝေမှုကို ဆန်းစစ်ရာတွင် မြေအောက်ရေထုတ်ယူမှု လျှော့ချနိုင်ရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေးအေဂျင်စီ (JICA)က ရေကောင်းရေသန့်ရရှိမှုအနည်းဆုံးဖြစ်သော ပြည်ကြီးတံခွန်မြို့နယ်အတွင်းတွင် ရေအရင်းအမြစ်များ၊ ရေပေးဝေရေး လမ်းကြောင်းများနှင့် အသုံးပြုရမည့်နည်းလမ်းများကို ယခု နိုဝင်ဘာလဆန်းတွင် လေ့လာခဲ့သည်။

ပြည်ကြီးတံခွန်မြို့နယ်သည် နွေရာသီရောက်သည့်အချိန်တွင် မြေအောက်ရေ ရှားပါးမှုဒဏ်ကို အများဆုံးခံရပြီး ရေတစ်စည်လျှင် ၁၀၀၀ ကျပ်ခန့် ဈေးကြီးပေး ဝယ်ယူသုံးပြုနေရသည့် မြို့နယ်ဖြစ်သည်။

မြေအောက်ရေ ထုတ်ယူမှု လျှော့ချရေး စီမံချက်အရ ပြည်ကြီးတံခွန်မြို့နယ်အတွက် မြေအောက် ရေပိုက်လိုင်းများမှ ရေပေးဝေရေးလုပ်ဆောင်မည်ဖြစ်ပြီး မြစ်ရေတင်စီမံကိန်းမှတစ်ဆင့် ရရှိလာသော မြစ်ရေများကို မြေအောက်ပိုက်လိုင်းမှ ရေပေးဝေသွားမည်ဖြစ်ကြောင်း၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ရေသုံးစွဲမှုပမာဏမှာ တစ်ရက်လျှင် ရေဂါလန် ငါးသန်းကျော်ရှိကြောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။

မန္တလေး ရေသယံဇာမြစ်တစ်ခုဖြစ်သည့် ဒုဋ္ဌဝတီမြစ်ရေကို အသုံးပြုနိုင်ရေး JICA က အကူအညီပေးရန် ကမ်းလှမ်းထားပြီး ယင်းမြစ်ရေတင်စီမံကိန်းဖြင့် ရေပေးမည်ဆိုပါက စက်မှုဇုန်အပါအဝင် ပြည်ကြီးတံခွန် မြို့နယ်အတွင်း နေထိုင်သူပြည်သူများအတွက် ရေဖူလုံမည်ဟု မန္တလေးစည်ပင်ထံမှ သိရှိရသည်။

မန္တလေးမြို့တွင် မြေအောက်ရေ ထုတ်ယူမှုများပြားလျက်ရှိသည့်အပြင် တစ်ဖက်တွင် မြို့ပြ၏ ဖွံ့ဖြိုးမှုကို အခြေခံသော ကွန်ကရစ် အဆောက်အအုံများနှင့် ကွန်ကရစ်လမ်း ခင်းထားမှုများကြောင့် မြေဆီလွှာက မိုးရေကို စုပ်ယူနိုင်မှုအားနည်းလာကြောင်း၊ ယင်းအားနည်းမှုသည် နောက်ဆက်တွဲ ပြဿနာများ ကြုံတွေ့နိုင်ကြောင်း မန္တလေးမှ သဘာဝပတ်ဝန်းကျင်ပညာရှင်တစ်ဦးက မှတ်ချက်ပြုသည်။

ယင်းအပြင် မန္တလေးမြို့ ဝန်းကျင်ရန်ကင်းတောင်၊ စိန်ခနောက်တောင်၊ မြခနောက်တောင် ကျွဲနဖားတောင်၊ ဖယောင်းတောင် စသည့်တောင်တန်းများတွင် သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်နေကြောင်း၊ သဘာဝပတ်ဝန်းကျင်ပညာရှင်အချို့က ဆိုသည်။

"သစ်တောတွေ ပြုန်းလာတာနဲ့ ဆက်စပ်တယ်ဆိုတာမှန်ပေမယ့် မန္တလေးရဲ့ မြေအောက်ရေ ပြဿနာက စိုးရိမ်ဖွယ် မရှိသေးပါဘူး။ မန္တလေးရဲ့မြေအောက်ရေကြော ပြောင်းလဲမှုမှာ အဓိက ကျတာက ဧရာဝတီမြစ်နဲ့ပဲ တိုက်ရိုက် ပတ်သက်နေပါတယ်" ဟု မန္တလေးမြို့တော်စည်ပင်ယာယာရေးကော်မတီ ရေဖြန့်ဖြူးရေးဌာနမှ ဌာနမှူး ဦးသန်းဦးက ပြောကြားသည်။

မန္တလေးမြို့ရေပေးဝေရေး မြေအောက်ရေ သုံးစွဲမှု လျှော့ချပြီး ရေလုံလောက်စွာရရှိနိုင်ရေးအတွက် နည်းပညာနှင့် ငွေကြေးလိုအပ်နေကြောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် မန္တလေးလူထုအတွက် ရေရရှိရေး ဆောင်ရွက်ရာတွင် မြေအောက်ရေ ထုတ်ယူသုံးစွဲရေးကို လျှော့ချနေပြီး မြေပေါ်ရေအရင်းမြစ်များကိုသာ အဓိကဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရာရှိများက ဆိုသည်။

အာဖရိကနှင့် အာရှရှိမြို့ပြ လူဦးရေတိုးတက်မှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၃၀ ပြည့်နှစ်အတွင်း နှစ်ဆတိုးတက်လာမည့် အနေအထားရှိပြီး မြို့ပြနေထိုင်မှုအင်အားများလာခြင်း ကြောင့် လူဦးရေ ၈၂၇ ဒသမ ၆ သန်းသည် သောက်သုံးရေ မလောက်ငမှုကိုကြုံတွေ့ရဖွယ်ရှိနေသည်ဟု ကုလသမဂ္ဂက ထုတ်ပြန်ထားသည်။

ကမ္ဘာ့လူဦးရေ၏ ၁၈ ရာခိုင်နှုန်းမှာ ရေကောင်းရေသန့်မရရှိမှု၊ လူဦးရေ ၂ဒသမ ၂သန်းမှာ ရေနှင့်ပတ်ဝန်းကျင်တို့နှင့် ဆက်စပ်သောရောဂါများကြောင့် သေဆုံးနေရကြောင်း၊ အာရှ-ပစိဖိတ်ဒေသရှိ မြို့ပြအများစုတွင် သောက်သုံးရေရရှိမှုမှာ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အတွင်း တိုးတက်လာသော်လည်း အာရှနိုင်ငံများဖြစ်သော မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် နီပေါနိုင်ငံတို့တွင် မြို့ပြလူဦးရေ၏ ရေကောင်းရေသန့်ရရှိမှုမှာ ၃ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ကမ္ဘာပေါ်တွင် ရေသယံဇာတ ထုထည်ပမာဏသည် ၁ ဒသမ ၄ ဘီလီယံ ကုဗကီလိုမီတာခန့်ရှိသည့်အနက် ကမ္ဘာ့ ရေချိုအရင်းအမြစ် သည် ၃၅ သန်း ကုဗကီလိုမီတာ ရှိပြီး ရေသယံဇာတထုထည် စုစုပေါင်း၏ ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိသည်ဟုကုလသမဂ္ဂက ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်သုံးစွဲနိုင်သော မြေအောက်ရေအရင်းအမြစ် ကုဗကီလိုမီတာပေါင်း ၄၉၅ ရှိပြီး အဆိုပါ ပမာဏ၏ ၁၀ ရာခိုင်နှုန်းခန့်သည် စက်ရုံအလုပ်ရုံများနှင့် အများပြည်သူတို့သောက်သုံးနေကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)၏ စစ်တမ်းများအရ သိရသည်။

မည်သို့ဆိုစေ မြို့ပြများတွင် မြေပေါ်ရေသယံဇာတများဖြစ်သည့် မြစ်ချောင်း အင်းအိုင်များမှ သောက်ရေ သုံးရေ အသုံးပြုမှုထက် မြေအောက်ရေကို အလွန်အကျွံထုတ်ယူပါက ယင်း၏သက်ရောက်မှုများကို နောင်အနာဂတ်တွင် ကြုံတွေ့လာတော့မည်ဖြစ်သည်။ မန္တလေးမြို့တွင် မြေအောက်ရေသုံးစွဲမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်နေသော မန္တလေးအခြေစိုက် စိမ်းရောင်စို Activities အဖွဲ့မှ အတွင်းရေးမှူးဦးမောင်မောင်ဦးက ယခုကဲ့သို့ ပြောဆိုသည်။

"မန္တလေးမှာ မြေအောက်ရေထုတ်ယူသုံးစွဲမှုက အင်မတန်မှကြောက်စရာကောင်းနေပြီ"

ရေသယံဇာတစီမံခန့်ခွဲမှုကို စနစ်တကျမလုပ်ဆောင်ပါက မန္တလေးမြို့ပြနေလူထုအတွက် ရေသယံဇာတထုတ်ယူသုံးစွဲမှုမှာ နောင်အနာဂတ်တွင် ပြဿနာများ ကြုံတွေ့လာနိုင်ပြီး ခြိမ်းခြောက်လာသော ထိုအန္တရာယ်ကို လူတိုင်း သတိမူဆင်ခြင်လိုက်နာဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။ ■

ရဲဝင်းနိုင်

စင်ကာပူနိုင်ငံကို ဦးဆောင်တည်ထောင်ခဲ့သူ နိုင်ငံပြုသခမိန် လီကွမ်ယူး၏ အင်တာဗျူးများနှင့် လက်ရွေးစင်အတွေးအမြင်များကို Graham Allison နှင့် Robert D.Blackwill တို့က Ali Wyne နှင့်အတူ ပူးတွဲပြုစုထားသည့် LEE KUAN YEW The Grand Master's Insights on China, The United States, and the World စာအုပ်မှ CHAPTER 3. The Future of U.S- China Relations ကို ဘာသာပြန်တင်ပြထားပါသည်။

**အယ်ဒီတာ**

# ယူအက်စ်-တရုတ် ဆက်ဆံရေး၏အနာဂတ်

ဘာသာပြန်သူ - ကောင်းထက်ဝင်း (ရန်ကုန်တက္ကသိုလ်)

**ယခင်တစ်ပတ်မှအဆက်**

**တရုတ်နိုင်ငံရှန်းထလာမှုကိုကိုင်တွယ်ဖြေရှင်းဖို့ ယူအက်စ်ရဲ့ပေါ်လစီတွေ လက်တွေ့လုပ်ရပ်တွေကို ဘယ်လိုချိန်ညှိသင့်သလဲ။**

ပျက်စီးယိုယွင်း၊ အားနည်း၊ အကျင့်ပျက်၊ အသုံးမကျဆိုတဲ့ အထင်သေးစိတ်နဲ့ ကာလရှည်ကြာ ရှုံ့ချစက်ဆုပ်ခံ၊ ဘေးဖယ်ခံခဲ့ကြရတဲ့ အာရှက လူမျိုးတစ်မျိုးက သူ့ကို ကမ္ဘာတစ်ခုလုံးကမဟုတ်ဘဲ ပစိဖိတ်ဒေသ အနောက်ပိုင်းကသာ အဖယ်ရှားပစ်တာ ခံရမယ့် အမေရိကားအတွက်တော့ စိတ်ခံတော်ရေးရာအရ လက်ခံဖို့ အလွန်ခက်ခဲပါတယ်။ အမေရိကန်တွေရဲ့ယဉ်ကျေးမှု စိတ်ကြီးဝင်စိတ်ကြောင့် ဒီလိုအလိုက်သင့် စိတ်ထားပြင်ရတာ အခက်ဆုံးပဲ။ ပုဂ္ဂလိကတစ်ဦးချင်းအရေး ဦးစားပေးမှုနဲ့ လွတ်လွတ်လပ်လပ် အနှောင်အဖွဲ့မရှိထုတ်ဖော်ပြောဆိုခွင့်ဆိုတဲ့ သူတို့အတွေးအခေါ် အယူအဆတွေက တစ်လောကလုံးအတွက် မှန်တယ်လို့ အမေရိကန်တွေက ယုံကြည်ကြတယ်။ ဒါပေမဲ့ ဒီလိုမဟုတ်ဘူး။ ဘယ်တော့မှ မဟုတ်ဘူး။ တကယ်တော့ အမေရိကန်လူ့အဖွဲ့အစည်း ဒီလောက်ကြာတဲ့အထိ ဒီလိုအောင်မြင်မှုတွေရနေတာ ဒီအတွေးအခေါ်အယူအဆတွေ၊အခြေခံသဘောတရားတွေကြောင့်မဟုတ်ဘူး။ ပထဝီနိုင်ငံရေးအရ အတော်အသင့် ကံကောင်းတာ၊ အရင်းအမြစ်တွေနဲ့ ဝင်ရောက်အခြေချလာသူတွေရဲ့ လုံ့လဝီရိယ စွမ်းအားတွေကြွယ်ဝတာ၊ ဥရောပက နည်းပညာနဲ့ အရင်းအနှီးတွေ အလျှံပယ်စီးဝင်လာတာတွေကြောင့် အောင်မြင်မှုရခဲ့တာ။ ဒါ့အပြင် ကမ္ဘာ့ပင်လယ်ပြင်ကျွံ့တွေ အမေရိကန်ကမ်းခြေနဲ့ဝေးနေအောင် ကျယ်ပြောတဲ့ သမုဒ္ဒရာကြီးနှစ်စင်းက ထိန်းထားပေးလိုက်သေးတယ်။

အမေရိကန်တွေဟာ နောက်ဆုံးမှာ သူတို့ရဲ့ ပြိုင်ဘက်ကင်းအဆင့်အတန်းကို တရုတ်နိုင်ငံနဲ့ ဝေမျှယူကြရတော့မှာ။

ယူအက်စ်က တရုတ်နိုင်ငံ ရှန်းထလာမှုကို မတားဆီးနိုင်ဘူး။ ပိုကြီးကျယ်လာတဲ့ တရုတ်နိုင်ငံနဲ့အတူ ယှဉ်တွဲနေရုံပဲရှိတော့တယ်။ ဘယ်နိုင်ငံမှ သူ့အနေအထားကို စိန်ခေါ်လောက်အောင် မကြီးမားခဲ့ဖူးတာကြောင့် ယူအက်စ်အတွက် ဒါဟာလုံးဝအသစ်အဆန်းဖြစ်နေပါလိမ့်မယ်။ တရုတ်နိုင်ငံက အနှစ် ၂၀ နဲ့ ၃၀ အတွင်း ဒီလိုလုပ်နိုင်စွမ်းရှိလာလိမ့်မယ်။

ကမ္ဘာ့အင်အားမျှခြေထဲက တရုတ်ဖယ်ထုတ်ပစ်လိုက်တဲ့ အရွယ်ပမာဏက လာမယ့်အနှစ် ၃၀ နဲ့ ၄၀ အတွင်း ကမ္ဘာက တွေ့ရမယ့် အင်အားမျှခြေအသစ်တစ်ခု လောက်ကိုရှိတယ်။ ဒါကို တခြားပလေယာ အကြီးစားတစ်ခုလောက်အဖြစ် ဟန်ဆောင်လို့မဖြစ်ဘူး။ ကမ္ဘာ့သမိုင်းမှာ အကြီးဆုံး ပလေယာ။

ယူအက်စ်ကွန်ဂရက်က ဘယ်လွတ်လပ်တဲ့ကုန်သွယ်ရေးသဘောတူညီချက်ကိုမဆို ဆန့်ကျင်တယ်။ နောက်လာမယ့် ကွန်ဂရက်က အက်ဖ်-တီ-အေ (လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်) တွေ ဆက်ဆန့်ကျင်နေမယ်ဆိုရင် တန်ဖိုးရှိတဲ့ အချိန်တွေ ဆုံးရှုံးသွားမယ်။ ဒီတော့ နောက်ထပ်ပြန်ကြိုးစားဖို့အချိန်က တရားလွန်နောက်ကျနေလိမ့်မယ်။ လောင်းကြေးဘယ်လောက်အထိ မြင့်နေတယ်ဆိုတာအပြင် အမေရိကန်ဈေးကွက်နဲ့ တရုတ်ဈေးကွက်ကြားမှာ တည်ငြိမ်ပြီး သာတူညီမျှရှိတဲ့ ဆက်ဆံရေးအလားအလာက ပိုပိုပြီးအကျပ်တွေ့လာနေပြီဆိုတာ ကွန်ဂရက်ကို သဘောပေါက်နားလည်အောင် အသိပေးကြရမယ်။ နှစ်စဉ် သူ့အိမ်နီးချင်း တိုင်းပြည်တွေက တရုတ်ဆွဲဆောင်ယူလိုက်တဲ့ ပို့ကုန်တွေ၊ သွင်းကုန်တွေက အဲဒီဒေသက ယူအက်စ်ဆွဲဆောင်ယူတာထက် ပိုများတယ်။ အက်ဖ်တီ-အေ (လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်) မရှိဘဲနဲ့ကို ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်နဲ့ အာဆီယံနိုင်ငံတွေက တရုတ်နိုင်ငံ စီးပွားရေးထဲ ပေါင်းစည်းသွားကြလိမ့်မယ်။ ဒီရလဒ်မျိုးမထွက်အောင် တားဆီးရမယ်။




**တရုတ်နိုင်ငံရှန်းထလာမှုကိုကိုင်တွယ်ဖြေရှင်းရာမှာ အမေရိကန်ပြည်ထောင်စုက ဘယ်လိုပေါ်လစီတွေ လက်တွေ့လုပ်ရပ်တွေကို ရှောင်ရှားသင့်သလဲ။**

စကတည်းက တရုတ်ကို ရန်သူလို မဆက်ဆံပါနဲ့။ ဒီလိုမဟုတ်ရင်တော့ တရုတ်က အာရှပစိဖိတ်ဒေသမှာ ယူအက်စ်ကို ချေမှုန်းဖို့ တန်ပြန်နည်းဗျူဟာ ဖော်ထုတ်လာလိမ့်မယ် တကယ်တော့ ဒီလိုနည်းဗျူဟာကို တရုတ်က ဆွေးနွေးနေနှင့်ရော့မယ်။ ပစိဖိတ်ဒေသ အနောက်ပိုင်းမှာ ကြီးစိုးလွှမ်းမိုးဖို့ နှစ်နိုင်ငံအကြား မလွဲမသွေ ပြိုင်ဆိုင်မှုရှိလာမယ်။ ဒါပေမဲ့ ပဋိပက္ခအဆင့်အထိရောက်လာဖို့ အကြောင်းတော့မရှိဘူး။

အမေရိကန်လူ့အခွင့်အရေးအုပ်စုတွေက တရုတ်နိုင်ငံကို ရန်စပုတ်ခတ်နေကြတာ၊ လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ ဒုံးပျံနည်းပညာလွှဲပြောင်း ပေးမှုတွေကြောင့် ယူအက်စ်အစိုးရနဲ့ ကွန်ဂရက်က အထူးအခွင့်အရေးပေးခံရတဲ့ နိုင်ငံအဆင့်အတန်း ဆုံးရှုံးသွားမယ်ဆိုပြီး ခြိမ်းခြောက်နေကြတာနဲ့ တခြားပိတ်ဆို့အရေးယူမှုတွေက တန်ဖိုးထားပုံတွေ၊ သမိုင်းကြောင်းတွေ၊ ယဉ်ကျေးမှုတွေ မတူခြားနားတာကို လျစ်လျူရှုလိုက်တာပဲ။ ယူအက်စ်-တရုတ် ဆက်ဆံရေးရဲ့ မဟာဗျူဟာမြောက် စဉ်းစားရမယ့် အချက်တွေကို အမေရိကန်ပြည်တွင်းရေး အစီအစဉ်လောက် အရေးမပါဘူးလို့ သဘောထားလိုက်တာပဲ။ ဒီလိုစည်းစနစ်မကျတဲ့ ချဉ်းကပ်ပုံက တရုတ်နိုင်ငံကို ယူအက်စ်ရဲ့ ရေရှည်ရန်ဘက်အဖြစ် ပြောင်းလဲပစ်လိုက်နိုင်တဲ့ အန္တရာယ်ရှိတယ်။ ဆတ်ဆတ်ထိမခံ တတ်တာလျှော့ပြီး တရုတ်နိုင်ငံယဉ်ကျေးမှုပကတိအနေအထားတွေကို ပိုနားလည်ပေးတာက ထိပ်တိုက်ရင်ဆိုင် ဆက်ဆံမှု လျော့ပါးရေးဆီ ဦးတည်သွားနိုင်တယ်။

ဆိုဗီယက်ယူနီယံ ပြိုကွဲသွားတာနဲ့အတူ ယူအက်စ်-တရုတ် ဆက်ဆံရေးက ဘုံခြိမ်းခြောက်မှုမှာ အခြေပြုထားတာ မဟုတ်တော့ဘူး။ ယူအက်စ်အနေနဲ့ တရုတ်နိုင်ငံနဲ့ ပတ်သက်တဲ့ နှစ်ပါတီစလုံးရဲ့သဘောထားပေါ်လစီကို ရွေးချယ်ဆုံးဖြတ်ဖို့ ရှိနေသေးတယ်။ တရုတ်နိုင်ငံကတော့ ဆူပါပါဝါနိုင်ငံတစ်နိုင်ငံဖြစ်လာမယ့် အလားအလာရှိနေတယ်။ အမေရိကန် စိတ်ဝင်စားတာက ဆူပါပါဝင်နိုင်ငံတစ်နိုင်ငံတည်းရှိတဲ့ လက်ရှိအနေအထားအတိုင်း ထိန်းထားဖို့ပဲ။ ဒါပေမဲ့ နှစ်ပေါင်း ၃၀ အတွင်း တရုတ်ရဲ့တိုးတက်မှုက ဒီပြိုင်ဘက်ကင်း အနေအထားကို စိန်ခေါ်လာနိုင်တယ်။ တရုတ်အပေါ်ထားတဲ့ယူအက်စ်ရဲ့ပေါ်လစီမှာ တိုက်ရိုက်မသက်ဆိုင်တဲ့ အကြောင်းအချက်တွေက စေ့ဆော်ပေးနေတယ်။ ဥပမာအားဖြင့် တီအန်နမင် အရေးအခင်းအကြောင်း၊ ပလူပျံနေတဲ့ မီဒီယာသတင်းပေးပို့ချက်တွေ၊ ဖိနှိပ်မှုဘေးက ထွက်ပြေးခဲ့ကြတဲ့ အစိုးရနဲ့ သဘောကွဲလွဲသူတွေရဲ့ အတိဒုက္ခတွေ၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ အထူးအခွင့်အရေးပေးခံရတဲ့ နိုင်ငံအဆင့်အတန်း၊ တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးနဲ့ ဒလိုင်းလားမား၊ ကုလသမဂ္ဂမှာ လွတ်လပ်တဲ့အဖွဲ့ဝင်နိုင်ငံဖြစ်ရေး ထိုင်ဝမ်ရဲ့တောင်းဆိုမှုစတာတွေပေ့ါ။ တရုတ်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ စည်းလုံးညီညွတ်မှုကို စိန်ခေါ်တဲ့ကိစ္စတွေက တရုတ်ရဲ့ရန်မူချင်စိတ်ကိုနှိုးဆွပေးလိုက်လိမ့်မယ်။ ဒီလိုကိစ္စမျိုးတွေအပေါ် အာရုံစိုက်နေတာဟာ ယူအက်စ်ရဲ့ပေါ်လစီက တရုတ်ကို ထိန်းချုပ် ထားပြီး လျင်မြန်လှတဲ့ သူ့စီးပွားရေး တိုးတက်မှုကို နှေးကွေးသွားအောင် ဒါမှမဟုတ် အဆုံးသတ်သွားအောင် လုပ်နေတာလို့ အဓိပ္ပာယ်သက်ရောက်နေတယ်။



ကြီးမားလှတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေက တရုတ်နိုင်ငံကို တံခါးဖွင့်ပေးလိုက်ပြီ။ ယူအက်စ်ရဲ့ ပေါ်လစီရည်မှန်းချက်က တင်းကျပ်မှုဖြေလျှော့ရေးဆိုရင် လုပ်ရမယ့်နည်းလမ်းက ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ဖို့ပဲ။ ဒီလိုလုပ်ရမယ့်အစား အထူးအခွင့်အရေးပေးခံရတဲ့ နိုင်ငံအဆင့်အတန်းကို ပယ်ဖျက်ပြီး ဒီအစီအစဉ်ကို လမ်းချော်အောင်လုပ်ဖို့ ယူအက်စ်က ခြိမ်းခြောက်တယ်။ နိုင်ငံခြားရေးဌာနက တရုတ်နိုင်ငံ လူ့အခွင့်အရေး အစီရင်ခံစာကို ကျောင်းအုပ်ဆရာကြီးတစ်ယောက်က ကျောင်းသားလေးတစ်ယောက်ရဲ့ နှစ်ပတ်လည်အစီရင်ခံစာ မိဘတွေဆီ ပို့ဖို့ ရေးသလို ရေးဆွဲပြုစုတယ်။ ဒါကို အမေရိကန်တွေ ကျေနပ်အားရနေပေမယ့် တရုတ်တွေကတော့ သိမ်ငယ်မိမှာပဲ။ ဒါပေမဲ့ ဒါ့ကြောင့်ဖြစ်လာမယ့် ရေရှည်အကျိုးဆက်တွေအတွက် အရှေ့အာရှသားတွေက စိတ်ကသိကအောက်ဖြစ်ကြရတယ်။

တခြားဘယ်နိုင်ငံထက်မဆို တရုတ်နိုင်ငံကို နိုင်ငံတကာအသိုင်းအဝိုင်းထဲ ပေါင်းစည်းပေးနိုင်တာက ယူအက်စ်ပဲ။ တရုတ်နိုင်ငံ ဒီမိုကရေစီပိုပြီး ထွန်းကားအောင် လုပ်စေချင်တဲ့ အမေရိကန်ရဲ့ဆန္ဒကို ထုတ်ဖော်ပြောဆိုရာကနေ ပြဿနာစပေါ်တော့တာပဲ။ တရုတ်က ဒါကိုမကျေနိုင် မချမ်းနိုင်ဖြစ်ပြီး ဒါ့သူ့ပြည်တွင်းရေးကိစ္စတွေကို ဝင်ရောက်စွက်ဖက်တာဆိုပြီး ဆန့်ကျင်ကန့်ကွက်တယ်။ အမေရိကန်လူ့အဖွဲ့အစည်းက သဘောထားအမျိုးမျိုး၊ အဖွဲ့အစည်းအဖုံဖုံ စုံလွန်းတယ်။ အကျိုးစီးပွားတွေကလည်း အပြားပြား များလွန်းတယ်။ ဒါ့ကြောင့် တရုတ်ပြည်အပေါ် တစ်ခုတည်းသော ဒါမှမဟုတ် တညီတညွတ်တည်းသော အမြင်ရဖို့ ခက်တယ်။ တစ်ခါတလေ အမေရိကားမှာ အကျယ်တဝင့်ပြောဆိုဆွေးနွေးတဲ့ အသုံးအနှုန်းကြောင့် တရုတ်တွေအဖို့ ထိတွေ့မှုဆိုတာ ယူအက်စ်အနေနဲ့ တိုက်ပွဲထဲက ထိတွေ့မှုကို ဆိုလိုတာမဟုတ်လောက်ဘူးလား။ ဟုတ်လောက်သလားလို့ တွေးရတဲ့အထိ ဖြစ်လာတယ်။ ယူအက်စ်က တရုတ်ကို ဖြိုခွင်းမပစ်ချင်ပါဘူး။ အဲဒီလိုလုပ်မယ့်အစား ကမ္ဘာ့လုံခြုံရေးနဲ့ တည်ငြိမ်ရေး ပြဿနာတွေကို ဆွေးနွေးဖို့ပိုလိုလားပါတယ်ဆိုတာ တရုတ်နိုင်ငံယုံကြည်လာအောင် ဖျောင်းဖျရမယ်။

**ကောင်းထက်ဝင်း (ရန်ကုန်တက္ကသိုလ်)**

# အသင့်စားမုန့်

လဲ့ရည်မြင့်

**နယ်**စပ်ဂိတ်များမှတစ်ဆင့် ဈေးကွက်အတွင်း တရားမဝင် ဝင်ရောက်နေသော စားသောက်ကုန်များနှင့် ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချနေသော ဘေးအန္တရာယ်ရှိ စားသောက်ကုန်များကြောင့် ကလေးသူငယ်များ၏ ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်ကြရသည်။ ယင်းကြောင့် စားသောက်ကုန် လုံခြုံစိတ်ချမှု ပညာပေးရေး၌ ကိုယ်တိုင် ကိုယ်ကျ ပါဝင်ဆောင်ရွက်နေကြသော မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ မုန့်တိုက်ပွဲ ဦးဆောင်သူ ဒေါက်တာ ကျော်ဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးဒေါက်တာထွန်းဇော်တို့ကို ဆက်သွယ်မေးမြန်း ဖော်ပြလိုက်ပါသည်။

## "အရေးယူမှုပိုင်းက အားနည်းတာမဟုတ်ဘူး။ မရှိသလောက်ကို ဖြစ်နေတာ"

### ဒေါက်တာကျော်ဆွေနှင့်တွေ့ဆုံခြင်း

**Voice : ကလေးသူငယ်တွေအတွက် အန္တရာယ်ရှိတဲ့ အသင့်စားမုန့်ပြဿနာက အခုအချိန်မှာ ပိုကြီးမားလာနေတဲ့ အခြေအနေ ဖြစ်နေပါတယ်။ အဲဒီပြဿနာကို ကိုင်တွယ်ဖြေရှင်းသင့်တဲ့ နည်းလမ်းတွေများ ရှိပါသလား။**

**Dr.KS :** အမှန်ကတော့ မုန့်ဈေးကွက်ကို သန့်စင်သော မုန့်ဈေးကွက် ဖြစ်စေချင်တယ်။ မုန့်ထုတ်လုပ်ရောင်းချသူတွေကလည်း စားသုံးသူကို အရည်အသွေး အာမခံချက်ပေးနိုင်တဲ့ ဈေးကွက်ပေါ့။ စားသုံးသူတွေကလည်း ဒီမုန့်ကို စိတ်ချယုံကြည်စွာနဲ့ ဝယ်စားနိုင်တဲ့ အခြေအနေမျိုး ဖြစ်စေချင်တယ်။ အခုလက်ရှိ မုန့်ဈေးကွက်အခြေအနေက စားသုံးသူကိုလုံးဝ အာမခံချက်ပေးတဲ့ မုန့်ဈေးကွက် မဟုတ်ဘူး။ မုန့်ထုတ်လုပ်တာကအစ ထည့်ချင်တာတွေ ထည့်တယ်။ ဈေးနှုန်းချိုချိုနဲ့ ရောင်းရအောင် အရည်အသွေးဆိုလည်း ခိုတယ်။ အရောင်လှအောင် ဆိုးဆေးတွေ ထည့်ကြတယ်။ ဒါက စားသုံးသူကို မညှာတာပါ။ စားသုံးသူက ပိုက်ဆံပေးလည်း စားရသေးတယ်။ သူတို့ကျွေးသမျှ အဆိပ်တွေကို စားသုံးသူက စားနေရသလို ဖြစ်နေတယ်။ စားသုံးသူက သူတို့ကို ဘာမှပြန်ပြောလို့မရဘူး။ ပြန်ပြောမယ်ဆိုရင်လည်း မုန့်ထုတ်လုပ်တဲ့ရက်မပါဘူး။ သက်တမ်းကုန်ဆုံးတဲ့ရက်မပါဘူး။ တကယ်တမ်း စားသုံးသူကို တာဝန်ခံတဲ့ ထုတ်လုပ်သူဆိုရင် စံသတ်မှတ်ထားတဲ့ အချက်ငါးချက်ကို ထည့်ပေးရမယ်။ သူတို့ပစ္စည်းကို သူတို့ အာမခံရမယ်။ ဒီလိုအာမခံမပေးရင် စိတ်ချယုံကြည်စွာနဲ့ စားလို့မရဘူး။ အရင်ကတော့ မုန့်ထုတ်လုပ်တဲ့သူတွေကို တိုက်တွန်းတယ်။ အာမခံချက်မရှိအောင် ဒီပစ္စည်းတွေ မထုတ်လုပ်ကြပါနဲ့ပြောတယ်။ ပြောပေမယ့် လက်မခံဘူး။ နားမထောင်ဘူး။ ထပ်ထပ်ပြီး ထုတ်လုပ်နေတုန်းပဲ။ အဲဒါ ဘာကြောင့်လဲဆိုတော့ ဒီပစ္စည်းတွေက အကျိုးအမြတ်ရလို့ဖြစ်တယ်။ နားမထောင်လို့လည်း ကျွန်တော်တို့ဘက်က အရေးယူလို့မရဘူး။ ကျွန်တော်တို့ဆီမှာ ဥပဒေမရှိဘူး။ အရေးယူပိုင်ခွင့်အာဏာလည်း ပေးမထားဘူး။ ဒါကြောင့် ဒါတွေပြုပြင်ဖို့က စားသုံးသူတွေဘက်က ပြန်ကိုင်တွယ်နေရတယ်။ စားသုံးသူတွေက ဒီအချက်တွေကိုဆောင်ရွက်ပေးပါ။ ဒီလို ဆောင်ရွက်မပေးဘူးဆိုရင် ဝယ်မစားဘူးဆိုတဲ့ လှုပ်ရှားမှုကိုဖော်ဆောင်လိုက်တာ။ ဒီလိုဆိုထုတ်လုပ်သူက သူဘာသာ ပြန်သုံးသပ်ပြီး အသိတရားရလာမယ်။ အဲဒီတော့မှ ထုတ်လုပ်သူရဲ့ စံသတ်မှတ်ချက်တွေ



အတိုင်းထည့်ပေးလာမယ်ဆိုရင် ပြန်ဝယ်စားကြမှာ။ အဲဒီတော့မှ သန့်ရှင်းတဲ့မုန့်ဈေးကွက်ဖြစ်မှာ။ အခုက ပြည်တွင်းထုတ်တဲ့မုန့်ပဲဖြစ်ဖြစ်၊ နိုင်ငံခြားဖြစ်မုန့်ပဲဖြစ်ဖြစ် စိတ်ချယုံကြည်စွာနဲ့ ဘယ်လိုမှစားလို့မရဘူး။ မုန့်ထုတ်လုပ်တဲ့သူ၊ ရောင်းတဲ့သူက အာမခံမထားဘူး။ နောက်ပြီး FDA ကလည်း အာမခံမထားဘူး။ ဒီမုန့်စားရင် ဘာမှမဖြစ်ပါဘူးလို့ အာမခံမထားဘူး။ ဒီတော့ ဘယ်သူကမှ အာမမခံထားတဲ့ မုန့်တွေကို ပိုက်ဆံပေးဝယ်စားနေရတာ ဘယ်လို စိတ်ချယုံကြည်လို့ ရမလဲ။

**Voice : နိုင်ငံတစ်ဝန်း စားသုံးရန် မသင့်မုန့်ဝင်ရောက်မှု ၊ ထုတ်လုပ်မှုတွေများလာတာ ဘယ်သူ့ဆီမှာ တာဝန်အရှိဆုံးထင်သလဲ။**

**Dr.KS :** အများကြီး ရှိပါတယ်။ ဒါပေမဲ့ FDA ဘက်ကိုလည်း ကိုယ်ချင်းစာပါတယ်။ နိုင်ငံခြားတိုင်းပြည်တွေနဲ့ အစားအသောက်နဲ့ဆေးဝါးကို ကောင်းမွန်စွာ ထိန်းချုပ်နိုင်တဲ့ နိုင်ငံတွေကို နမူနာယူရမယ်။ ဥပမာ - အမေရိကတို့၊ ဥရောပတိုက်က နိုင်ငံတွေ၊ တောင်ကိုရီးယားတို့ဆို သူတို့နိုင်ငံကို ဝင်လာတဲ့ ကုန်ပစ္စည်းတွေကို ဘယ်လိုနည်းစနစ်နဲ့ ကိုင်တွယ်ကြလဲ။ ထိန်းချုပ်ကြလဲ။ လေ့လာရမယ်။ အဲဒီလေ့လာတာတွေကို ပြန်ပြီး ကိုယ့်နိုင်ငံနဲ့ကိုက်ညီတာကို ရွေးလုပ်ရမယ်။ အခုက လုံးဝကို ထိန်းချုပ်မှု မရှိဘူး။ ဝင်သမျှ အစားအသောက်က FDA က လုံးဝမဆိုင်သလို ဖြစ်နေတယ်။ ဒါပေမဲ့ FDA ကို ကိုယ်ချင်းစာကြည့်တော့ သူမှာ ကျန်းမာရေး အသုံးစရိတ်လုံလောက်အောင် မရှိဘူး။ FDA အတွက် လုံလောက်တဲ့ အသုံးစရိတ်က အရေးကြီးဆုံးလို့ မြင်တယ်။ ဒီလို အသုံးစရိတ်တွေ ချပေးရင် ဓာတ်ခွဲခန်းတွေ ဆောက်လုပ်လာမယ်။ တစ်နိုင်ငံလုံးအနှံ့ ဓာတ်ခွဲခန်းတွေ ဖွင့်လှစ်ဖို့ လိုမယ်။ FDA ဓာတ်ခွဲခန်းက ရန်ကုန်၊ မန္တလေး မှာပဲရှိနေလို့မရဘူး။ အစားအသောက်တွေ ဓာတ်ခွဲချင်ရင်တောင် အဲဒီအစားအသောက်တွေ ဓာတ်ခွဲခန်းပို့ဖို့ နှစ်လ၊ သုံးလ အချိန်ယူပြီး ပို့နေရပြီဆိုကတည်းက အလုပ်မဟုတ်တော့ဘူး။ ဒီနေ့စစ်လိုက်ရင် ဒီနေ့တစ်ခါတည်း အဖြေပေါ်ရင်ပိုပြီး အဆင်ပြေတာပေါ့။ FDA လှုပ်ရှားမှုကို နိုင်ငံတကာ စံချိန်စံညွှန်းနဲ့မီအောင် လှုပ်ရှားစေချင်တယ်။ အဲလိုလှုပ်ရှားနိုင်အောင်လည်း ကျန်းမာရေးဝန်ကြီးဌာနက လုံလောက်တဲ့အသုံးစရိတ်ပေးစေချင်တယ်။ ပေးတာနဲ့အညီ ပြည်နယ်နဲ့တိုင်းတွေမှာ ဓာတ်ခွဲခန်းတွေ ဖွင့်ပြီး အစားအသောက်အတွက် စစ်ဆေးစေချင်ပါတယ်။ နောက်တစ်ချက်က နိုင်ငံခြားက တင်သွင်းတဲ့မုန့်တွေက အကုန်လုံး အောက်လမ်းက ဝင်နေတာချည်းပဲ။ တကယ်လုပ်ငန်းစဉ်က ဒီနိုင်ငံကို မဝင်လာခင် အရင်ဆုံး FDA ကစစ်ဆေးတယ်။ သူခွင့်ပြုချက်ရမှ တင်သွင်းခွင့်ပြုတယ်။ အခုက မုန့်တွေ အားလုံးက အောက်လမ်းကနေဝင်တာဆိုတော့ နယ်စပ်ဂိတ်တွေအားလုံးကို သက်ဆိုင်ရာဝန်ကြီးဌာနက ပိတ်ဆို့သင့်တယ်။ အဲလိုမှ မပိတ်ဆို့ထားဘူးဆိုရင် ရွာတွေရောက်မှ လိုက်သိမ်းနေရရင် ရွာဈေးသည်တွေရဲ့ စီးပွားရေးထိခိုက်မယ်။ သူတို့က ပိုက်ဆံပေးဝယ်ထားတာကို လိုက်သိမ်းနေရင် ကျွန်တော်တို့နဲ့ ဈေးသည်တွေနဲ့ ပြဿနာတက်မယ်။ ကိုယ့်လူမျိုးအချင်းချင်း ပြဿနာတက်မယ်။ အဲဒီလိုဖြစ်လာမှာကို မလိုချင်တဲ့အတွက် နယ်စပ်ဂိတ်တွေကို ပိတ်ထားပေးဖို့ အရေးကြီးတယ်။

**Voice : တရုတ်နိုင်ငံမှာဆို နို့မှုန့်ပြဿနာတက်တုန်းက အစိုးရက ထိထိရောက်ရောက် ကွပ်ကဲခဲ့တယ်။ ဒီမှာက အစားအစာနဲ့ ပတ်သက်ပြီး အသံတွေသာ ကြားရတယ်။ အရေးယူတဲ့အပိုင်း မကြားရဘူး။ အစိုးရပိုင်းက အရေးယူမှုပိုင်း အားနည်းတယ်လို့ ဆိုနိုင်လား။**

**Dr.KS :** အရေးယူမှုပိုင်းက အားနည်းတာ မဟုတ်ဘူး။ မရှိသလောက်ကို ဖြစ်နေတာ။ လူထုစားတဲ့ အစားအစာတွေကို အာမခံချက်ပေးနိုင်လောက်အောင် အရည်အသွေးထိန်းချုပ်မှုမရှိဘူး ဖြစ်နေတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့လကဆိုရင် အရေးယူမှုတွေ ရှိခဲ့တယ်။ ကုန်သွယ်ရေးဝန်ကြီးလား မသိဘူး တရုတ်ပြည်သွားပြီး မြန်မာနိုင်ငံထဲကို အရည်အသွေးနိမ့်တဲ့ ကုန်တွေ မတင်သွင်းဖို့ တောင်းဆိုတယ်လို့ကြားရတယ်။ တကယ်တမ်းကျတော့ အဲဒါတစ်ခုက နည်းနည်းလွဲနေသေးတယ်။ တကယ်တမ်းတင်သွင်းတာက တရုတ်မုန့်တွေကို အစိုးရတင်သွင်းတာ မဟုတ်ဘူး။ ပုဂ္ဂလိက

စာ 29 သို့

## "နယ်စပ်ကဝင်တာကို FDA က ဘာမှ မလုပ်ဘူး ပြောတာ ငါ့စကားနွားရပြောနေတာ"



**Voice : အရင်ဆုံး ဈေးကွက်ထဲမှာရှိတဲ့ အစားအသောက်တွေနဲ့ပတ်သက်ပြီး FDA က ဘယ်လိုဆောင်ရွက်ပေးလဲ ရှင်းပြပေးပါ။**

**Dr.TZ :** ရန်ကုန်၊ မန္တလေး ဌာနခွဲရှိတဲ့ နေရာတွေက ဈေးကွက်နမူနာတွေယူတယ်။ ဌာနခွဲမရှိတဲ့ မြို့နယ်တွေမှာဆိုရင်တော့ သက်ဆိုင်ရာ အစားအသောက်နဲ့ ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီက ဈေးကွက်နမူနာပို့ဖို့ အကြောင်းကြားတယ်။ ကျွန်တော်တို့ လိုချင်တဲ့ပစ္စည်းကို မြို့နယ်အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးကို ဝယ်ခိုင်းရင် သူတို့ကဝယ်ပြီး ပို့ပေးတယ်။ အဲဒီလိုပို့ပေးတာကို ဓာတ်ခွဲစစ်ဆေးတယ်။ ဓာတ်ခွဲစစ်ဆေးပြီးတာကို သက်ဆိုင်ရာမြို့နယ်ကိုပြန်ပြီး အကြောင်းပြန်တယ်။ အဲဒီလိုပြန်စာအတူတူ ဓာတ်ခွဲစစ်ဆေးချက်ထဲမှာ အများပြည်သူ စားသုံးဖို့ မသင့်တော်ရင် စားသုံးရန်မသင့်ကြောင်း ကြေညာတယ်။ အဲဒီလိုကြေညာတာနဲ့အတူ ဒီပစ္စည်းရှိတဲ့ သက်ဆိုင်ရာ မြို့နယ် ဒါမှမဟုတ် မြို့နယ်အများကြီးမှာ ပြန့်ကျဲပြီးရှိနိုင်တာဆိုရင် သိမ်းဆည်းပြီး ဖျက်ဆီးပေးဖို့ ဗဟိုအဆင့်ကနေ ပြည်နယ်နဲ့တိုင်း အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၊ အဲဒီကနေ မြို့နယ်အစားအသောက်နဲ့ ဆေးဝါး ကြီးကြပ်ရေးကော်မတီကို ကွန်ရက်ထဲကို ဒီသတင်းကို ထည့်ပေးလိုက်တယ်။ ဒီပစ္စည်းတွေ သိမ်းဆည်းဖျက်ဆီးပေးဖို့ အကြောင်းကြားတယ်။ နိုဝင်ဘာလ ၇ ရက်နေ့ မြန်မာ့အလင်းသတင်းစာမှာဆိုရင် စားသုံးရန်မသင့်တဲ့ဆီတွေကို ဖျက်ဆီးတယ်ဆိုတဲ့ သတင်းပါလာတယ်။ အဲဒါခုနက Market Survey (ဈေးကွက်နမူနာ ကောက်ယူခြင်း)ရဲ့ လုပ်ငန်းစဉ် ငယ်လေးတစ်ခုပါပဲ။ ၂၀၁၃ ခုနှစ်မှာ ဈေးကွက်ထဲက ကုန်ပစ္စည်းအမျိုးပေါင်း ၁၅၀ ကို ဝယ်ယူစစ်ဆေးထားတယ်။ ကလေးအစားအစာမှမဟုတ်ဘူး ရှိသမျှ အစားအသောက်ကို အမျိုးအစားခွဲပြီး ဈေးကွက်နမူနာကောက်တယ်။ ဒီ ၂၀၁၃ ခုနှစ်လုပ်ထားတဲ့ ဆီဈေးကွက်

### ဒေါက်တာထွန်းဇော်နှင့်တွေ့ဆုံခြင်း

နမူနာကောက်တာဆိုရင် မန္တလေးတိုင်းဒေသကြီးကို အခြေပြုပြီးလုပ်ခဲ့တယ်။ ကိုယ်လုပ်နိုင်တဲ့ ပမာဏကိုချိန်ပြီး လုပ်ရသေးတယ်။ ဒီလိုစားသုံးရန် မသင့်ကြောင်း စစ်ဆေးတွေ့ရှိတဲ့နေရာမှာ Safety (ဘေးကင်းစိတ်ချမှု) နဲ့ အရည်အသွေး (Quality) ပိုင်းနှစ်မျိုးရှိတယ်။ Safety ပိုင်းဆိုရင် အများပြည်သူအတွက် ပိုအရေးကြီးတယ်။ အဲဒါနဲ့ပတ်သက်လာရင်တော့ ကျွန်တော်က မလျှော့ပေးဘူး။ ပစ္စည်းကို သိမ်းမယ်၊ ဖျက်ဆီးမယ်၊ အများပြည်သူသိအောင်ကြေညာမယ်။ လိုအပ်လို့ရှိရင် သက်ဆိုင်ရာလူများကို တရားစွဲဆိုသင့်ရင် စွဲဆိုမယ်။ Quality နဲ့ပတ်သက်ရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လိုတာလည်းရှိမယ်။ သက်ဆိုင်ရာဒေသ အတိုင်းအတာနဲ့ဆိုင်တာလည်း ရှိနိုင်တယ်။ ဒေသနဲ့ဆိုင်ရင် သက်ဆိုင်ရာဌာနဆိုင်ရာကို သိမ်းဆည်းပါ။ ဖျက်ဆီးပါ ညွှန်ကြားတယ်။ ဒါက Quality ပိုင်း။ Safety ပိုင်းကိုတော့ လျှော့လို့မရဘူး။ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သိသင့်သိထိုက်တဲ့အရာဆိုလက်ငင်းမနေဘူး၊ အများသိအောင် ကြေညာပေးတယ်။ အခုမေးတဲ့ မေးခွန်းအတွက်ဆိုရင် ကျောင်းမုန့်ဈေးတန်းမှာ ရောင်းနေတဲ့ မုန့်တွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ဖို့ရှိတယ်။ ဒီနှစ်အတွက် ဆီကို ရွေးထားတာပြီးပြီ။ ဖြစ်နိုင်ရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နောက်ထပ်သီးသန့်ရွေးချယ်ထားတဲ့နေရာတွေကို ဦးတည်လုပ်နေတယ်။ နောက်တစ်ဆင့် လုပ်ဖို့ရှိတာက ဆီးဂိမ်းလည်းရှိတယ်ဆိုတော့ ဒီဇင်ဘာနှောင်းပိုင်းမှ စနိုင်မယ်။ အခုက ဆီးဂိမ်းနဲ့လူတွေလည်း မလှုပ်နိုင်ဘူး။ ဓာတ်ခွဲခန်းလည်း မလှုပ်နိုင်ဘူး။ ကျွန်တော်တို့ကို အကုန်လုံးက ဖိအားပေးနေတာ မှန်တယ်။ ဒါပေမဲ့ တစ်နေ့မှာ ၂၄ နာရီရှိတာ ကျွန်တော်တို့ဝန်ထမ်းတွေက တစ်နေ့မှာ ၂၄ နာရီ ထက်ပိုရတဲ့သူလည်း မပါဘူး။ ကိုယ်နိုင်တာတွေ အကုန်လုံးလုပ်နေတယ်။ ဒါပေမဲ့ အခုဆီးဂိမ်းရှိတော့ ဘယ်မှကိုသွားလို့မရဘူး။ ဒီဇင်ဘာနှောင်းပိုင်းကျရင် ကျွန်တော်ပြောတဲ့ ပရိုဂရမ်ကို စနိုင်မှာပါ။ ရုံးခွဲရှိတဲ့နေရာမှာ ဈေးကွက်နမူနာ ဝယ်စစ်မယ်။ ရုံးခွဲမရှိတဲ့နေရာမှာ သက်ဆိုင်ရာအဖွဲ့တွေကို ဈေးကွက်နမူနာပို့ခိုင်းမယ်။ တွေ့ရှိချက်ပေါ်မူတည်ပြီး အရေးယူဆောင်ရွက်ချက်တွေ ပြောင်းသွားမယ်။

**Voice : ပြည်တွင်းက FDA လက်မှတ်ရစားသောက်ကုန်တွေနဲ့ ပြည်ပကဝင်တဲ့ စားသောက်ကုန်တွေကို ပုံမှန်စစ်ဆေးမှု**

စာ 29 သို့

# တစ်ပတ်အတွင်းသတင်း

## ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံဖြင့် ငွေစက္ကူများ ပြန်လည်ရိုက်နှိပ်ရန် လွှတ်တော်တွင်ဆွေးနွေး

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာကပါလေးစားခဲ့ရသော အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံဖြင့် ငွေစက္ကူများကို ယခင်အစိုးရအဆက်ဆက်က ထုတ်ဝေခဲ့သည့်အတွက် လက်ရှိအစိုးရကလည်း ပြန်လည်ရိုက်နှိပ် ထုတ်ဝေသင့်ကြောင်း သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ အဆိုကို ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးသည်။

ယင်းသို့ ဆွေးနွေးရာတွင် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဒေါ်ခင်စောဦးက ဗဟိုဘဏ်က ငွေစက္ကူများအသစ်ရိုက်နှိပ်ထုတ်ဝေပါက နိုင်ငံခေါင်းဆောင်များ၊ ထင်ရှားသောအဆောက်အအုံများ၊ ရှခင်းများ၊ အထိမ်းအမှတ်ပုံများကို အခြေအနေအချိန်အခါနှင့်ကိုက်ညီလျှင် အစိုးရအဖွဲ့နှင့်ညှိနှိုင်းကာ ခွင့်ပြုချက်ရယူ ရိုက်နှိပ်သွားဖြစ်ကြောင်း ဖြေကြားသည်။

"အမျိုးသားခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းပုံကို ပြန်အစားထုတ်ခြင်းက လူငယ်တွေကို သမိုင်းမျိုးဆက်မပြတ်စေဖို့ အထောက်အကူဖြစ်စေပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကပြောကြားသည်။

လက်ရှိထုတ်ဝေထားသော ငွေစက္ကူများတွင် တစ်ထောင်ကျပ်အထိ ခြင်္သေ့ပုံဖော်ထားခြင်းသည် နိုင်ငံရေးပါတီတစ်ခု၏ တံဆိပ်အမှတ်အသားအဖြစ် တွေ့ရကြောင်း၊ ငွေစက္ကူပေါ်ရှိ နိုင်ငံတော်အဆင့် အမှတ်အသားမှာ ပါတီတစ်ခု၏ တံဆိပ်နှင့်မတူသင့်ကြောင်း သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောဆိုသည်။

မြန်မာနိုင်ငံတွင် အသုံးပြုနေသော ငွေစက္ကူပေါ်တွင် ရိုက်နှိပ်ထားသော ကေသရာဇာခြင်္သေ့ပုံသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားပြုထားသည့် အမှတ်အသားတံဆိပ်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံငွေကြေး ထုတ်ဝေရေးအဖွဲ့က ၁၉၅၂ ခုနှစ်ကတည်းကမြန်မာ့အနုပညာမြောက် ကေသရာဇာခြင်္သေ့မင်းပုံကို ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ၂၀၁၀ ပြည့်နှစ်မှ ဖွဲ့စည်းခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ပါတီအမှတ်အသားတံဆိပ်ကို ငွေစက္ကူပေါ်တွင် ရိုက်နှိပ်ခြင်းမဟုတ်ကြောင်း ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌက ရှင်းပြသည်။

The Voice Daily Vol.1/No.189

## မော်တော်ယာဉ်အခွန်ကောက်ခံသည့် CIF နှုန်း ပြောင်းမည်

မော်တော်ယာဉ်များကို ထုတ်လုပ်သည့်မော်ဒယ်လ်ခုနှစ်အလိုက် ဆိပ်ကမ်းအရောက် တန်ဖိုးသတ်မှတ်ချက်(CIF –Cost Insurance Freight)များ ပြောင်းလဲရန် စီစဉ်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ယာဉ်ကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါတန်ဖိုးများ ပြောင်းလဲသတ်မှတ်မည်ဆိုခြင်းကြောင့် မော်တော်ယာဉ်ဈေးကွက်အတွင်း ဈေးနှုန်းများကျဆင်းလျက်ရှိပြီး အမှန်တကယ်ပြောင်းလဲပါက ဈေးနှုန်းများ ဆက်လက်ကျဆင်းနိုင်ကြောင်း မော်တော်ယာဉ်ဈေးကွက်အတွင်းမှ ဝယ်ရောင်းအချို့က သုံးသပ်သည်။

ယင်းတန်ဖိုး သတ်မှတ်ချက်များမှာ နှစ်စဉ်ပြောင်းလဲနေကျဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ၁၉၉၈ ခုနှစ်မော်ဒယ်လ်မှ ၂၀၀၈ ခုနှစ်မော်ဒယ်လ်အထိ တန်ဖိုးသတ်မှတ်ကောက်ခံခဲ့ခြင်းဖြစ်ကာ ယခုနှစ်အတွက်မူ မည်သို့ပြုလုပ်မည်ကိုမူ စီစဉ်လျက်ရှိကြောင်း ယာဉ်ကြီးကြပ်ရေးဌာနထံမှ သိရသည်။

The Voice Daily Vol.1/No.189

## ပညာရေးဝန်ကြီးဌာနအောက် တက္ကသိုလ်တိုင်းတွင် အဆောင်ပြန်ထားမည်ဟုဆို

အဆင့်မြင့်ပညာဦးစီးဌာနလက်အောက် တက္ကသိုလ်တိုင်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းပြီး ကျောင်းသားနေအဆောင်များ ဆောက်လုပ်သွားရန် စီစဉ်ထားကြောင်း၊ နိုဝင်ဘာလ ၁၂ ရက်နေ့ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပသော ပညာရေးဆွေးနွေးပွဲတွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောကြားသည်။

အဆင့်မြင့်ပညာဦးစီးဌာနအနေနှင့် မြေနေရာရှိသော တက္ကသိုလ်များတွင် BOT စနစ်ဖြင့် အဆောင်ဆောက်လုပ်ခြင်း၊ မြေနေရာမရှိသော တက္ကသိုလ်များတွင် ပြင်ပအဆောင်များ ဆောက်လုပ်ပေးခြင်းတို့ ပြုလုပ်သွားမည် ဖြစ်ကြောင်း၊ အဆောင်ကြေးနှင့် စားသောက်စရိတ်ကို အစိုးရအဖွဲ့နှင့် ပြင်ပအဆောင်ပိုင်ရှင်များ ညှိနှိုင်းသတ်မှတ်ပေးရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လက်ရှိအချိန်တွင် တက္ကသိုလ်ပိုင်အဆောင်ရှိသော တက္ကသိုလ်များမှာ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်နှင့် ဘားအံတက္ကသိုလ်တို့ဖြစ်ပြီး အခြားပုဂ္ဂလိကပိုင် အဆောင်များတွင် ရန်ကုန် စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်တို့ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ထံမှ သိရသည်။

The Voice Daily Vol.1/No.189


ရန်ကုန်တက္ကသိုလ်အတွင်းရှိ ရွှေဘိုဆောင်
ဓာတ်ပုံ-မြင့်မိုးညီ


ဓာတ်ပုံ-မြင့်မိုးညီ

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူများရှားပါးနေချိန် အမှတ်တရသိမ်းဆည်းနိုင်ရန်အတွက် ရောင်းချနေမှုကို ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးအနီးတွင် တွေ့ရစဉ်

## တိုင်းရင်းသားလက်နက်ကိုင်များနှင့် နိုင်ငံရေးပါတီ ၁၂ ခု နိုဝင်ဘာလတတိယပတ်တွေ့မည်

တစ်နိုင်ငံလုံးအဆင့် အပစ်အခတ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များအတွက် ဆွေးနွေးရန် ထိုင်းနိုင်ငံ ချင်းမိုင်အခြေစိုက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးနှင့် ပြည်တွင်းမှနိုင်ငံရေးပါတီ ၁၂ ခု နိုဝင်ဘာ လ ၂၁ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံမည်ဖြစ်ကြောင်း၊ မြန်မာငြိမ်းချမ်းရေးစင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲကို နိုဝင်ဘာလ ၂၁ ရက်နေ့နှင့် ၂၂ ရက်နေ့များတွင်ပြုလုပ်ရန် လျာထားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အပါအဝင် နိုင်ငံရေးပါတီအများစုကို ဖိတ်ကြားထားကြောင်း၊ မြန်မာငြိမ်းချမ်းရေးစင်တာမှ ဦးအောင်နိုင်ဦးကဆိုသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံမည့် ချင်းမိုင်ဆွေးနွေးပွဲသို့ NLD ပါတီကိုယ်စားပြုအနေနှင့်ပါဝင် တက်ရောက်မည်ဖြစ်ကြောင်း ယင်းပါတီအတွင်းရေးမှူး ဦးဉာဏ်ဝင်းက ပြောဆိုသည်။

"လောလောဆယ်တော့ လျာထားဆဲပေါ့။ ခရီးစဉ်အသေးစိတ်ကိုတော့ MPC ကပဲ ပြောနိုင်လိမ့်မယ်" ဟု ၎င်းကဆိုသည်။

နိုင်ငံလုံးအဆင့်အပစ်အခတ်ရပ်စဲရေးအတွက် ဒီဇင်ဘာလအတွင်း ကရင်ပြည်နယ်တွင် ပြုလုပ်မည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများမတိုင်မီ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်တွင်းနိုင်ငံရေးပါတီများ နိုင်ငံရေးဆိုင်ရာ အကြိုဆွေးနွေးဖလှယ်မှုများ ပြုလုပ်နိုင်ရေး ချင်းမိုင်မြို့၌ တွေ့ဆုံရန် အစိုးရက စီစဉ်ထားကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောဆိုထားသည်။

The Voice Daily Vol.1/No.189

## လျှပ်စစ်မီတာခ တိုးမြှင့်မှု ရပ်ဆိုင်းထားရန် လွှတ်တော်ဆုံးဖြတ်

ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တို့တွင် ဆန္ဒပြသည်အထိ ဖြစ်ပွားခဲ့သည့် လျှပ်စစ်မီတာခများတိုးမြှင့်ကောက်ခံမှု အစီအစဉ်ကို ရပ်ဆိုင်းထားပြီး လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ရောက်မှသာ စိစစ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၂ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုလွှတ်တော်က အတည်ပြုဆုံးဖြတ်လိုက်သည်။

ပြည်သူအများလက်မခံသော လျှပ်စစ်မီတာခများ တိုးမြှင့်ကောက်ခံမည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ကြေညာချက်ကို လွှတ်တော်တွင်ကန့်ကွက်ကြောင်း၊ အရေးကြီးအဆိုတင်သွင်းထားမှုအပေါ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လွှတ်တော်တွင် နိုဝင်ဘာလ ၁၂ ရက်နေ့က လာရောက်ရှင်းလင်းခဲ့သည်။

ယင်းသို့ရှင်းလင်းပြောကြားမှုအပြီးတွင် ပြည်ထောင်စုလွှတ်တော်က အထက်ပါအတိုင်း ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

"အဖြေကတော့ တိုးမကောက်တော့ပါဘူး။ လာမယ့်ဘတ်ဂျက်နှစ်မှာ စိစစ်ပြီးဆောင်ရွက်ဖို့မှတ်တမ်းတင်ပါတယ်" ဟု ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ပြောကြားသည်။

လျှပ်စစ်မီတာခများတိုးမြှင့်ကောက်ခံခြင်းသည် နိုင်ငံတော်နှင့် ပြည်သူအတွက် အရေးကြီးသောကိစ္စဖြစ်နေသောကြောင့် ယင်းကဲ့သို့ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့ပြင် လျှပ်စစ်ဝန်ကြီးဌာန၏ရေးဆွဲထားသောနှစ် ၃၀ မဟာဗျူဟာစီမံကိန်းကို ဖြစ်နိုင်ခြေရှိမရှိ ပြန်လည်စိစစ်ပြီး လွှတ်တော်သို့ တင်ပြထားသော လျှပ်စစ်ဥပဒေပါအချက်အလက်များဖြင့် လုပ်ဆောင်သွားရန်လိုအပ်ကြောင်း ၎င်းက ဆိုသည်။

လျှပ်စစ်မီတာခများကို နှစ်စဉ် အရစ်ကျတိုးမြှင့်ကောက်ခံသွားမှသာ နိုင်ငံ၏ လျှပ်စစ်လိုအပ်ချက်ပြည့်မီမည်ဖြစ်သောကြောင့် စီမံကိန်းရေးဆွဲကာ တိုးမြှင့်ကောက်ခံခြင်းဖြစ်ကြောင်း၊ လတ်တလောကောက်ခံမည့် အစီအစဉ်ကို ရပ်ဆိုင်းရသော်လည်း ၂၀၁၄-၁၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြန်လည်ပြုလုပ်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြောသည်။

The Voice Daily Vol.1/No.188

## မြန်မာနိုင်ငံတွင် ရွှေခုနစ်တန်ကျော်နှင့် နိုင်ငံခြားငွေ ရှစ်ဘီလီယံကျော် လက်ကျန်ရှိဟု ဗဟိုဘဏ်ထုတ်ပြန်

မြန်မာနိုင်ငံ၏ ရွှေစာရင်းလက်ကျန်မှာ တန်ချိန် ၇ ဒသမ ၁၅၃၉ တန် ဖြစ်ပြီး နိုင်ငံခြားသုံးငွေလက်ကျန်ပမာဏမှာ ၈ ဒသမ ၁၉ ဘီလီယံဖြစ်ကြောင်း၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက နိုဝင်ဘာ ၁၂ ရက်နေ့က ပြုလုပ်သော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

မြန်မာနိုင်ငံ၏ ရွှေစာရင်းကို ဗဟိုဘဏ်က ထိန်းသိမ်းထားပြီး နိုင်ငံခြားလက်ကျန်ငွေစာရင်းကို ဗဟိုဘဏ်နှင့် ပြည်တွင်းဘဏ်များတွင် ငွေသားအဖြစ်ထားရှိသည့်အပြင် ပြည်ပမိတ်ဖက်ဘဏ်များတွင်လည်း ငွေစာရင်းများဖွင့်ထားကြောင်း ၎င်းက ရှင်းပြသည်။

မြန်မာနိုင်ငံ၏ရွှေစာရင်းလက်ကျန်နှင့်နိုင်ငံခြားသုံးငွေ လက်ကျန်စာရင်းကို လွှတ်တော်ကိုယ်စားလှယ်များ သိလိုကြောင်း၊ လွှတ်တော်တွင်တင်ပြသဖြင့် မြန်မာနိုင်ငံဗဟိုဘဏ်က ပြည်ထောင်စုလွှတ်တော်တွင် လာရောက်ရှင်းလင်းခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၁ဘီလီယံအထိရှိသော ဘဏ်စာရင်းငါးခုကို နိုင်ငံခြားဘဏ်များတွင် အပ်နှံထားသည့်အတွက် မြန်မာနိုင်ငံအပေါ် ကမ္ဘာ့ဘဏ်က ကြွေးမြီများ လျှော်မပေးခဲ့ခြင်းဖြစ်ဟု Bank Information Center (BIC) မှ Mr. Jelson Garcia က ပြောကြောင်း၊ စက်တင်ဘာလတတိယပတ်တွင် ပြည်တွင်းမီဒီယာအချို့၌ ရေးသားဖော်ပြကြသည်။

The Voice Daily Vol.1/No.188

စာမျက်နှာ 19 သို့



# အာဏာရှင်တို့နေဝင်ချိန် (၁၄)

## အမ်ဆွာတီ (တတိယ)

## Mswati III

အယ်ဒီတာတစ်ဦး

### ငယ်စဉ်ဘဝ

အမ်ဆွာတီ (တတိယ) (Mswati III) ကို ၁၉၆၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် မွေးဖွားသည်။ ဆွာဇီလန်နိုင်ငံ၏ ဘုရင်မင်းမြတ်ဘွဲ့ခံ ဆွာဇီတော်ဝင်မိသားစု၏ အကြီးအကဲဖြစ်သည်။ ဘုရင်မင်းမြတ် ဆိုဘူဇာ (တတိယ) နှင့် သူ၏ မိဖုရားပေါင်းများစွာထဲမှ အငယ်ဆုံးမိဖုရား အင်န်တွမ်ဘီ ဖာဝိလာတို့က မွေးဖွားသည့်သားတစ်ယောက်ဖြစ်သည်။ ဖာလာဝါနှင့်ရသည့် တစ်ဦးတည်းသောသားလည်းဖြစ်သည်။ ဘုရင်ဆိုဘူဇာသည် မိဖုရားငယ်က မွေးဖွားသည့်သားကို နိုင်ငံနှင့် ပြည်နယ်ပေါင်းများစွာ၏ အကြီးအကဲတစ်ဦးဖြစ်မည့်သူအဖြစ် ဝမ်းမြောက်အားရစွာဖြင့် 'မာခိုဆီတိုက်' ဆိုသည့် ဘွဲ့အမည်ပေးခဲ့သည်။ အဓိပ္ပာယ်မှာ နိုင်ငံအားလုံး၏ ဘုရင်မင်းမြတ်ဆိုသည့် အဓိပ္ပာယ်ရသည်။

ဖခင်ဖြစ်သူ ဆိုဘူဇာသည် ဆွာဇီလန်နိုင်ငံကို ၈၂ နှစ်တိုင်အောင် စိုးမိုးအုပ်ချုပ်သွားခဲ့စဉ် ဇနီးမယားပေါင်း ၁၂၅ ယောက်ထားရှိခဲ့သူဖြစ်သည်။ ငယ်စဉ်ကတည်းက တော်ဝင်မိသားစုများတက်သည့် ကျောင်းများတွင် တက်ရောက်ပညာသင်ကြားခွင့်ရခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ဖုန်ဒိုတော်ဝင်အထက်တန်းကျောင်းမှပထမအဆင့် သချ်ာ၊ အင်္ဂလိပ်စာထူးချွန်အဆင့်နှင့် အောင်မြင်ခဲ့သည်။ ငယ်စဉ်ကတည်းက ဘုရင့်တော်ဝင်အစောင့်တပ်ကို အားကျခဲ့သူဖြစ်သောကြောင့် တပ်သားဘဝနှင့် USDF (Umbutfo Swaziland Defence Force) စတင်ဝင်ရောက်အမှုထမ်းခဲ့သည်။

### ဘုရင်ဘဝ

ဖခင်ဖြစ်သူ ဆိုဘူဇာသည် ၁၉၈၂ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံတော်ကောင်စီ (Liqoqo) က အသက် ၁၄ နှစ်သာရှိသေးသည့် မင်းသား အမ်ဆွာတီကို နောက်မင်းဆက်အဖြစ်သတ်မှတ်ကာ ထီးနန်းတင်မြှောက်ခဲ့သည်။ ငယ်ရွယ်သေးသဖြင့် ဆိုဘူဇာ၏ မိဖုရားကြီးများဖြစ်သော ဇီလီဝီရှောင်ဝီ (၁၉၈၂-၁၉၈၃) နှင့် အမ်ဆွာတီ၏ မိခင်ဖြစ်သော ဖာလာဝါ (၁၉၈၃-၁၉၈၆) တို့က ရင်ခွင်ပိုက်ထီးနန်းကိုအုပ်ချုပ်ကာ အမ်ဆွာတီကို အင်္ဂလန်နိုင်ငံသို့သွားပြီး ပညာဆက်လက်သင်ကြားစေခဲ့သည်။ အင်္ဂလန်တွင် နိုင်ငံတကာကောလိပ်ရှားဘွန်းကျောင်းကိုတက်ရောက်ပညာသင်ကြားခဲ့သည်။ ဘုရင်ဆိုဘူဇာ ကွယ်လွန်သောအခါ သူ့ကိုထီးနန်းဆက်ခံရန် အင်္ဂလန်မှ ပြန်ခေါ်ခဲ့သည်။

၁၉၈၃ ခုနှစ်ကစတင်ပြီး အိမ်ရှေ့မင်းအဖြစ် ၁၉၈၆ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တိုင်အောင်နေခဲ့ရသည်။ အသက် ၁၈ နှစ်နှင့် ခြောက်ရက်ပြည့်သောအချိန်မှ အသက်အငယ်ဆုံးဘုရင်အဖြစ် ဆွာဇီလန်နိုင်ငံ ထီးနန်းကို အုပ်ချုပ်ခွင့်ရရှိခဲ့သည်။

ယနေ့ခေတ်တွင် အမ်ဆွာတီသည် အာဖရိကတိုက်၏နောက်ဆုံးဧကရာဇ်တစ်ပါး အနေနှင့် စံစားလျက်ရှိသည်။ ခေတ်နှင့် အညီဖြစ်စေရန် ဝန်ကြီးချုပ်ရာထူးကိုလည်းကောင်း၊ နိုင်ငံတော်၏ ထိပ်ပိုင်းရာထူးကြီးများကိုလည်းကောင်း၊ တစ်ဦးတည်းဆက်ခံထားသူလည်းဖြစ်သည်။ မိခင်ဖြစ်သူကိုလည်း အုပ်ချုပ်ရေးအမြင့်ဆုံးကောင်စီတွင် ဘုရင်မကြီးအဖြစ် အထူးအကြံပေးရာထူးခန့်ကာ ဆက်လက်ထားရှိသည်။ နိုင်ငံတွင် လွှတ်တော်ကိုဖွဲ့စည်းသည့်အခါတွင် ဝန်ကြီးချုပ်ရာထူးကို သူပဲယူထားသည်။

ဘုရင်ဖြစ်လာပြီးနောက် ၂၀၀၁ ခုနှစ်တွင် နိုင်ငံအတွင်း HIV နှင့် AIDS ရောဂါဖြစ်ပွားမှု လျော့ပါးသက်သာစေရေးအတွက် လုပ်ဆောင်မှုတစ်ကို ထူးခြားစွာလုပ်ဆောင်ပြခဲ့သည်။ သူကိုင်စွဲထားသည့်ဘုရင့်အာဏာဖြင့် ဆွာဇီလန်နိုင်ငံအတွင်းရှိ မိန်းမပျိုလေးများသည် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှ ၂၀၀၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့အထိ မည်သည့်ယောကျ်ားနှင့်မျှ လိင်ဆက်ဆံခြင်းမပြုရဟု အမိန့်ထုတ်လိုက်သည်။ သူတားမြစ်ထားသည့် အသက်မှာ အသက်၁၈ နှစ်မပြည့်သေးသည့်မိန်းကလေးတိုင်းနှင့် သက်ဆိုင်သည်။ အမ်ဆွာတီသည် သူထုတ်ထားသည့်အမိန့်ကို ထုတ်ပြန်ပြီး နှစ်လအကြာတွင် သူကိုယ်တိုင်ပြန်ချိုးဖောက်ခဲ့သည်။ သူ၏ ၁၄ ယောက်မြောက် ဇနီးဖြစ်လာမည့် အရွယ်မရောက်သေးသည့် မိန်းကလေးတစ်ယောက်ကို ရွေးကောက်မိဖုရားမြှောက်ခဲ့သောကြောင့်ဖြစ်သည်။ ထုံးမလေ့အရ ဥပဒေကိုချိုးဖောက်သည့်ဘုရင်သည် သူ့လူမျိုးစုအဖွဲ့သို့နွားတစ်ကောင်ပေးပြီး ကြေအေးခြင်းဖြင့် ကိစ္စပြီးသွားခဲ့သည်။

### ဒီမိုကရေစီဘုရင်

ဆွာဇီလန်နိုင်ငံသည် တောင်မြောက်ကီလိုမီတာ ၂၀၀ ကျယ်ဝန်းပြီး အရှေ့နှင့်အနောက် ကီလိုမီတာ ၁၃၀ ခန့်သာကျယ်ဝန်းသည့် နိုင်ငံငယ်လေးတစ်ခုဖြစ်သည်။ ဆွာဇီလန်နိုင်ငံသည် ထူးခြားသည့် ဓလေ့တစ်ခုကြောင့်ထင်ရှားသည်။ ဩဂုတ်လ သို့မဟုတ် စက်တင်ဘာလနှင့် ဒီဇင်ဘာ သို့မဟုတ် ဇန်နဝါရီလများတွင် ခြောက်ရက်တိုင်ကျင်းပသည့် ကျူရိုးပွဲတော်ကြောင့်ဖြစ်သည်။ ထိုပွဲကို တစ်နိုင်ငံလုံးရှိ မိန်းမပျိုတိုင်း တက်ရောက်ကြရပြီး ဘုရင့်မယ်တော် မိဖုရားကြီးကို ကျူရိုးများယူလာကာ လာရောက်ပူဇော်ရင်း ကပွဲတွေဆင်နွှဲကြသည်။ ၂၀၁၂ ခုနှစ်တွင် ထိုပွဲသို့ တစ်နိုင်ငံလုံးရှိ မိန်းမပျိုပေါင်း ၈၀,၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ တိုပွဲသည် တစ်နည်းအားဖြင့် ဘုရင့်တော်ကောက်ပွဲဟုလည်းဆိုနိုင်သည်။ ကပွဲသို့တက်ရောက်လာသည့် မိန်းကလေးတိုင်းသည် အပေါ်ပိုင်းဗလာဖြင့် တက်ရောက်ကြရပြီး ရိုးရာကပွဲကို ဆင်နွှဲကြရသည်။

အမ်ဆွာတီသည် သူအုပ်ချုပ်နေသည့် နိုင်ငံရေးစနစ်ကို 'ဘုရင့်ဒီမိုကရေစီစနစ်' ဟုကြွေးကြော်ခဲ့သည်။ ဆွာဇီလန်ညီညွတ်ရေး ကွန်ရက် (SSN) ပါတီမှ ပြောရေးဆိုခွင့်ရှိသူ လပ်ကီးလူခီလီကမူ ဘုရင်စနစ်သည် ဒီမိုကရေစီသဘောတရားမဆန်သောစနစ်ဖြစ်သည်။ ထို့ကြောင့်ပင် ကိုယ့်ကိုယ်ကိုယ်ရွေးကောက်၊ ကိုယ့်ဘာသာတင်မြှောက်ခြင်းသည် ဒီမိုကရေစီမဟုတ်သောကြောင့် လက်ခံသင့်သောကိစ္စမဟုတ်ကြောင်း၊ ထုတ်ဖော်ပြောကြားခဲ့သည်။

၁၉၆၈ ခုနှစ်တွင် ဆွာဇီလန်နိုင်ငံသည် ဗြိတိသျှတို့ထံက အပြည့်အဝ လွတ်လပ်ရေးရခဲ့ပြီးနောက် ဗြိတိန် Westminister စတိုင် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ရေးဆွဲကျင့်သုံးကာ လွှတ်တော်ကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဆိုဘူဇာသည် ပါလီမန်အကြီးအကဲ အကြံပေးအဖြစ်နေရာဝင်ယူခဲ့သော်လည်း ပြည်သူများက သဘောကျနှစ်ခြိုက်ခြင်း မရှိကြပေ။ ၁၉၉၆ ခုနှစ်တွင် အမ်ဆွာတီသည် လွှတ်တော်တွင် ဆက်လက်နေရာယူထားသောကြောင့် အတိုက်အခံများနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများက မကျေနပ်ဖြစ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲရန် တိုက်တွန်းတောင်းဆိုကြသည်။ သို့ဖြစ်ရာ ၁၉၉၉ မေလတွင် ပြန်လည်ရေးဆွဲကြပြီး ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကိုပြန်လည်ရေးဆွဲနိုင်ခဲ့သည်။

၂၀၀၁ ခုနှစ် ဒီဇင်ဘာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ အုပ်ချုပ်ရေးအဖွဲ့ ၁၅ ဦးကိုရွေးချယ်တင်မြှောက်ကြရာတွင် အများစုမှာ ဘုရင့်မိသားစုအနွယ်တော်များ ပါဝင်နေသည်ကိုတွေ့ကြရသည်။ ၂၀၀၅ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အသက်ဝင်ပြီဖြစ်သော်လည်း ပြည်သူများ စိတ်ကြိုက် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်နိုင်သည့်အဆင့်တွင် မရှိသေးပေ။

လက်ရှိဘုရင် အမ်ဆွာတီတွင် တရားဝင် မိန်းမ ၁၅ ယောက်ရှိပြီး ကလေး ၂၄ ယောက်ရှိသည်။ သူ့ပထမဇနီးနှစ်ယောက်သည် နိုင်ငံတော်ကောင်စီက ရွေးချယ်ပေးရသည့် တောင်နန်းစံနှင့် မြောက်နန်းစံတို့ဖြစ်သည်။ ဆွာဇီလူမျိုးစု ဥပဒေအရလည်း မိန်းမတစ်ယောက် ကိုယ်ဝန်ရှိတိုင်း နောက်မိန်းမတစ်ယောက်ကို ဆန္ဒရှိလျှင် ထပ်ယူခွင့်ရှိသည်။

အမ်ဆွာတီအုပ်စိုးစဉ်ကာလသည် အစိုးရနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကိုလုပ်ဆောင်ခဲ့သည်ဆိုသော်လည်း အတိုက်အခံများကမူ လက်ခံခြင်းမရှိခဲ့ကြပေ။ ဥပမာ- အတိုက်အခံ ပြည်သူ့ညီညွတ်ရေး ဒီမိုကရက်တစ်လှုပ်ရှားမှုအဖွဲ့ (PUDEMO) က ထိုပြောင်းလဲမှုဆိုသည်မှာ အစဉ်အလာကို ပိုပြီးကြံ့ခိုင်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်ဟုဆိုသည်။

### ဘုရင်မင်းမြတ်ပိုင်ဆိုင်မှုများ

အမ်ဆွာတီ၏ နေထိုင်ပုံစရိုက်နှင့် မီဒီယာအပေါ် ဆက်ဆံမှုများနှင့်ပတ်သက်ပြီး ဝေဖန်မှုများရှိနေခဲ့သည်။ သူစီးသည့် ဇိမ်ခံကားသည် ဒေါ်လာငါးသိန်းတန် ဒိုင်မလာ ခရိုင်စလာထုတ်ကားဖြစ်သည်။ သူက သူ့ကားကို မီဒီယာဓာတ်ပုံရိုက်ခြင်းအား အပြင်းအထန် တားဆီးပိတ်ပင်ထားသည်။

Forbes မဂ္ဂဇင်း၏ ၂၀၀၉ ခုနှစ် ဖော်ထုတ်တင်ပြချက်အရ ကမ္ဘာ့အချမ်းသာဆုံးဘုရင် ၁၅ ဦးစာရင်းတွင် အမ်ဆွာတီသည် နောက်ဆုံးအဆင့်တွင် ရှိသည်ဆိုသော်လည်း သူပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖြစ်သည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီလထုတ် Times မဂ္ဂဇင်းကြီးတွင် ဆွာဇီလန်ဘုရင် အမ်ဆွာတီသည် သူ့ဇနီး ၁၁ ယောက်နေထိုင်ရန်အတွက် နန်းတော်၏ ပင်မအဆောင်ကြီးသုံးဆောင်ကိုပြုပြင်ရန် ဒေါ်လာ ၁၅ သန်းသုံးခဲ့သည်ဟုဖော်ပြထားသည်။ ထို့ပြင် နိုင်ငံတော်အတွင်း၊ နိုင်ငံတော်ငွေဖြင့် ဝယ်ထားသည့် အိမ်တော်ငါးလုံးကလည်း၊ ယူရိုငွေ ၁၉ ဒသမ ၉ သန်းခန့်တန်ကြေးရှိသည်။ ပြည်သူ့ငွေဖြင့် ဒေါ်လာလေးသန်းတန် အဆောက်အအုံသစ်ငါးလုံးကိုထပ်မံဆောက်လုပ်ရန် ပြင်ဆင်နေသေးသည်။

၂၀၀၈ ခုနှစ် ဩဂုတ်လကလည်း ဇနီး ၁၃ ယောက်အနက် ကိုးယောက်မြောက်ဇနီးသည် ဈေးဝယ်ထွက်လျှင် ထင်တိုင်းပြုမူလေ့ရှိခြင်းကို ကန့်ကွက်သည့်အနေဖြင့် ဆွာဇီကင်းထောက်လူငယ်အဖွဲ့က ကန့်ကွက်ဆန္ဒပြခဲ့သေးသည်။ ထိုဆန္ဒပြပွဲကို ဆွာဇီ NGO အမျိုးသမီးအဖွဲ့တစ်ဖွဲ့က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။

### ပြဿနာနှင့် အငြင်းပွားစရာဘုရင်

၂၀၀၂ ခုနှစ် အောက်တိုဘာတွင် ဇီနာ မာလန်ဂူဆိုသည့်အထက်တန်းကျောင်းသူလေးတစ်ယောက်ပျောက်သွားကြောင်း မိခင်ဖြစ်သူက ရဲစခန်းသို့တိုင်ကြားသည်။ သူမ၏သမီးကို အမျိုးသမီးနှစ်ဦးက ဖမ်းခေါ်သွားခြင်းဖြစ်ပြီး သူမသမီးသည် ယခုအခါ ဘုရင့်အိမ်တော်သို့ရောက်နေပြီး ဘုရင်က တော်ကောက်ရန်ကြံနေကြောင်း လာရောက်တိုင်ကြားခဲ့သည်။ သူမက သမီးဖြစ်သူကို သူမထံ အမြန်ဆုံးပြန်ပို့ပေးရန် တောင်းဆိုခဲ့ပြီး ပြန်မပို့လျှင် အရွယ်မရောက်သေးသော သူမသမီးကို ခိုးယူပေါင်းသင်းမှုဖြင့် ဘုရင်ကိုတရားစွဲမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ဆွာဇီလန် တရားသူကြီးချုပ်ကိုယ်တိုင် ဝင်ရောက်ဖြန်ဖြေပေးမှုကြောင့် ကြေအေးခဲ့ရပြီး ဘုရင့်ကတော်စာရင်းဝင်ဖြစ်သွားခဲ့ရသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကလည်း၊ ဆွာဇီလန်နိုင်ငံဘုရင်သည် နိုင်ငံတကာကကျင့်သုံး လက်ခံဆောင်ရွက်နေသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၊ အခွင့်အရေးကို ချိုးဖောက်ပြီးထင်တိုင်းလုပ်ဆောင်နေမှုအပေါ် ကန့်ကွက်ထားသည်။

ဘုရင်၏ ခြောက်ယောက်မြောက်ဇနီးဖြစ်သူသည် ယမန်နှစ်က သူမခင်ပွန်းသည်၏ နှိပ်စက်ညှင်းပန်းမှုများကြောင့် ထွက်ပြေးခဲ့ကြောင်း Daily Mail သတင်းတွင် ဖော်ပြထားသည်။

၂၀၀၇ ခုနှစ်ကလည်း၊ အန်ဂိုဘီနီဆိုသည့်ကောင်မလေးကိုမတရားသိမ်းပိုက်ရန် ကြံခဲ့သဖြင့် ကောင်မလေးသည် အင်္ဂလန်သို့ ထွက်ပြေးပြီး နိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့သည်။ အင်္ဂလန်ကလက်မခံဘဲ ဆွာဇီလန်သို့ ပြန်ပို့ရာ လူ့ဝင်မှုကြီးကြပ်ရေးက ဂိုဘီနီကို ဖမ်းဆီးခဲ့သဖြင့် TUC ၏ ဖိအားကြောင့် ပြန်လွှတ်လာခဲ့ရသည်။

ယခုအခါ အသက် ၄၅ နှစ်အရွယ်ရှိနေပြီဖြစ်သော ဘုရင်အမ်ဆွာတီသည် အာဖရိကနိုင်ငံတွင် နောက်ဆုံးဧကရာဇ်ဟု ဆိုနိုင်သည်။ ယခုနှစ် စက်တင်ဘာလက ကျင်းပခဲ့သော ကျူရိုးကပွဲတွင် နောက်ထပ်ဇနီးသစ် ဒီလာမိနီကို ပွဲထုတ်ခဲ့ပြန်သည်။

လူဦးရေ ၁ ဒသမ ၂ သန်းကျော်ရှိသည့် ဆွာဇီလန်နိုင်ငံတွင် ၇၀ ရာခိုင်နှုန်းသော ပြည်သူအပေါင်းသည် ဆင်းရဲတွင်းနက်လျက်ရှိနေသေးသည်။ အမ်ဆွာတီသည် အစိုးရအဖွဲ့ကို ဒီမိုကရေစီအသွင်ပြောင်းရန် အတန်တန် ပြောကြားနေသော်လည်း၊ အမှန်လက်တွေ့တွင် ဝန်ကြီးချုပ်ရာထူးကို သူသာ သိမ်းပိုက်ယူငင်ထားစဲဖြစ်သည်။ ဝန်ကြီးချုပ်ရာထူးကို လွတ်လပ်စွာရွေးကောက်ပွဲနှင့် တင်မြှောက်ပေးမည်ဆိုသော်လည်း၊ အစဉ်အလာအရ ခန့်ထားသည့် နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီတွင် အရေးပါသည့်နေရာကို သူ့မယ်တော်က သိမ်းပိုက်ယူငင်ထားပြီး အခြားအရေးပါသည့် နေရာများကိုလည်း ဆွေတော်မျိုးတော်များကိုသာ ခန့်အပ်ထားဆဲဖြစ်သည်။

ဆွာဇီလန်နိုင်ငံသည်တောင်အာဖရိကနိုင်ငံတစ်ဘက်ခြားနေရာတွင် တည်ရှိပြီး အလွန်သေးငယ်သည့် ဧကရာဇ်နိုင်ငံအဖြစ် တည်ရှိနေသည်။ နိုင်ငံအတွင်း၊ HIV နှင့် AIDS ဖြစ်ပွားမှုနှုန်းမှာ အမြင့်ဆုံးဖြစ်နေပြီး လူငယ်ဦးရေ၏ထက်ဝက်ခန့်မှာ အလုပ်လက်မဲ့များဖြစ်နေကြသည်။ နိုင်ငံကဆင်းရဲပြည်သူတွေကမွဲ၊ ခေတ်ပေါ် AIDS ရောဂါထူပြောမှုများနေချိန်တွင် ဘုရင်အမ်ဆွာတီသည် ဒေါ်လာငါးသိန်းတန် Maybach ကားကြီးကိုစီးပြီး တိုင်းခန်းလှည့်လည်နေသည်။ ပြည်သူတွေကို အစာရေစာပေးရမည့်အစား၊ လက်ရှိမယား ၁၅ ယောက်အပြင် နောက်ထပ် ကျူရိုးပွဲတော်ရောက်လျှင် မည်သည့် အသက်မပြည့်သေးသူကို တော်ကောက်ရလျှင် ကောင်းမည်နည်းဟု စဉ်းစားနေသော ဒီမိုကရေစီဘုရင်တစ်ပါးရှိသည်ကို မယုံကြည်လျှင် ဆွာဇီလန်နိုင်ငံဘုရင် အမ်ဆွာတီနှင့် သက်သေပြရမည်ဖြစ်သည်။ ■

**Ref : Monitor; IOL Report 2013; WebPro News; Swazi King Website; News24.com; Daily Mail;**

# ဘာလဲဟဲ့ မာလ်တီမီဒီယာ

တင်ညွန့်

**ကျွန်တော်သည် အခြေခံပညာကျောင်းများတွင် မာလ်တီမီဒီယာစာသင်ခန်းများကို စတင်ထူထောင်မည်ဆိုကတည်းက ထိုလုပ်ရှားမှုတွင် ထဲထဲဝင်ဝင်ပါဝင်ကပြ အသုံးခံတော်များဘဝထဲက ကျောင်းဆရာတစ်ယောက်ဖြစ်ခဲ့ပါသည်။**

အခြေခံပညာကျောင်းများတွင် အထက်တန်းကျောင်းအဆင့်၌ ကွန်ပျူတာများကို တပ်ဆင်ခိုင်းပြီးသည်နှင့် မာလ်တီမီဒီယာဆိုသည့် လှုပ်ရှားမှုသည် နောက်က ကပ်ပါလာတော့သည်။

မာလ်တီမီဒီယာ (Multimedia) ဆိုသည့် စကားလုံးကို ပညာရေးလောကအတွင်းသို့ မည်သူက စတင်ပစ်သွင်းလိုက်သည်တော့မသိပါ။ ရည်ရွယ်ချက်ကလည်း ကျောင်းစာကို သင်ယူလေ့လာရာတွင် အစဉ်အလာ နည်းစနစ်များထက် ခေတ်မီနည်းပညာပစ္စည်းများနှင့် ပေါင်းစပ်ကာ သင်ကြားမှု၊ သင်ယူမှုကို ပိုမိုမြန်ဆန်စွာ တတ်မြောက်နိုင်ရေးဆိုသည့်အချက်ကိုသာ အခြေခံထားကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုရည်ရွယ်ချက်အတိုင်း အမှန်တကယ် ကျင့်သုံးသူတွေက ကျင့်သုံး၊ လက်ခံသူတွေကလက်ခံ၊ အကောင်အထည်ဖော် လက်တွေ့လုပ်ဆောင်နိုင်ကြလျှင် ပညာရေးစနစ်ကြီးသည် စစ်ဗိုလ်ချုပ်တို့အုပ်စိုးသည့်ကာလကတည်းက ပြောင်းလဲတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်နေမည်မှာ သေချာသည်။ သို့သော် အပြောနှင့် လက်တွေ့မကိုက်၊ အောက်ခြေကစေတနာမပါ အဖြစ်လောက်သာ လုပ်ဆောင်ခဲ့မှုများကြောင့် ငွေကုန်လူပမ်းအကျိုးမရှိသည့် လုပ်ငန်းကြီးတစ်ခု ဖြစ်ခဲ့ရပါသည်။

ကျွန်တော်သည် ပဲခူးမြို့နယ် ပညာရေးမှူးရုံးတွင် ကွန်ပျူတာဆရာအဖြစ် ခေတ္တဝင်လုပ်နေစဉ် မြို့၏ နာမည်ကျော် အခြေခံပညာအထက်တန်းကျောင်းကြီး တစ်ကျောင်း၌ မာလ်တီမီဒီယာ စာသင်ခန်းဖွင့်မည်ဆိုသဖြင့် ထိုကျောင်းသို့ ကွန်ပျူတာဆရာဘဝနှင့်ရောက်သွားခဲ့ရပြန်သည်။

ထိုကျောင်းသည် ပဲခူးမြို့တွင် အထက်တန်းအောင်ချက်ကောင်းကျောင်း၊ ထူးချွန်သူများမွေးထုတ်ရာကျောင်းဟု နာမည်ကျော်သည်။ ကျောင်းသားဟောင်းဆိုသည့် လူချမ်းသာအုပ်စုက ဝိုင်းဝန်းထောက်ပံ့အားကောင်းသောကြောင့်လည်း မြို့တွင် အခြားကျောင်းများထက် ငွေကြေးအရ ပိုပြည့်စုံချမ်းသာသည့်ကျောင်းဟု ဆိုနိုင်သည်။ ထို့ပြင် ကျောင်းသားဟောင်းဆိုသည့် အစွဲစရိုက်ကြီးသော ကျောင်းဖြစ်သည့်အတွက် ဤကျောင်းတွင် ဆရာလာလုပ်သူသည် ဤကျောင်းက ကျောင်းသားဟောင်းဖြစ်ရမည်၊ ဤကျောင်းက ကျောင်းအုပ်သည် ဤကျောင်းက ကျောင်းသားဟောင်းဖြစ်ရမည် (မဖြစ်ဖြစ်အောင် အာဏာပိုင်တို့နှင့် ပူးပေါင်းနိုင်စွမ်းရှိသောကြောင့်) သူတို့ပြောသမျှ သူတို့လုပ်သမျှဖြစ်နေကာ အလွန်ပလွှားသောကျောင်းသို့ ကျွန်တော်သည် ယောင်ခြောက်ဆယ် ကွန်ပျူတာဆရာအဖြစ် ရောက်ရှိခဲ့ရခြင်းဖြစ်သည်။



အထက်က (မည်မျှလောက်မြင့်သောအထက်ကမှန်းမသိ) ချမှတ်ထားသော မာလ်တီမီဒီယာ စာသင်ခန်းဆိုသည်မှာ ကွန်ပျူတာခန်း၊ ဘာသာစကားသင်အခန်း၊ သိပ္ပံလက်တွေ့ခန်း၊ ဂီတအနုပညာခန်း၊ အိမ်တွင်းမှုခန်း စသဖြင့် အခန်းပေါင်း ၁၀ ခန်းကျော်လောက် ပြင်ဆင်ပေးရမည်ဖြစ်ပါသည်။ အမှန်ကကျောင်းတစ်ကျောင်းတွင် ထိုစာသင်ခန်းများကို အမြဲဖွင့် အမြဲသင်ရန်ဖြစ်သော်လည်း ကျောင်းသားအချိုးနှင့် ကျောင်းအဆောက်အအုံ၊ စာသင်ခန်းပင်မလုံလောက်သောကျောင်းများ၌ မည်သို့ ထိုအခန်းများကို သီးသန့်ပေးထားနိုင်ပါမည်နည်း။ ပေးနိုင်သည်ထား၊ ကျောင်းစာအပ ထိုဘာသာရပ်များကို သင်ကြားနိုင်သည့်ဆရာရှိရန် လိုပါသည်။ ဆရာတွေက ကိုယ့်အတန်းကိုယ်ပြန်ပြီး ကျူရှင်သင်ရန်သာ စိတ်ဝင်စားနေသော ကာလဖြစ်သဖြင့် မာလ်တီမီဒီယာ အလုပ်ကို အပိုအလုပ်တွေဟုသာ သတ်မှတ်လက်ခံထားကြသည်။

မာလ်တီမီဒီယာစာသင်ခန်းအတွက် ယခင်ကျောင်းသားများ ထိုင်နေကြရသော စုတ်ပြတ်သည့် ထိုင်ခုံများအစား ထိုင်ခုံကောင်းတွေ အစားထိုးရသည်။ သူတို့လိုချင်သည့် အခန်းအရေအတွက်အတိုင်း ထိုအခန်းများကို ဆေးသုတ်ရသည်။ ဆိုင်းဘုတ်တွေ ချိတ်ရသည်။ ထိုစာသင်ခန်းများအတွက် သရုပ်ဆောင်ကျောင်းသားများကို ရွေးရသည်။ လေ့ကျင့်ပေးရန်အတွက် ဦးစီးက ပုဂ္ဂိုလ်ကြီးတွေ ကိုယ်တိုင်ဆင်းလာသည်။ ကမ္ဘာမကြေသီချင်းကို ခြေဆင်းပါဆိုရမည်ဆိုသဖြင့် ခြေဆင်းစာသားတွေရှာပြီး ပုံနှိပ်ကာ ကျောင်းသားတွေကို ဝေပြီး အလွတ်ကျက်ခိုင်းရသည်။ ကျောင်းခန်းမထဲတွင် မာလ်တီမီဒီယာဖွင့်ပွဲ၌ ပါဝင်မည့် ကျောင်းသားများနှင့် ဆရာများကို သီးခြားခေါ်ပြီး ဇာတ်တိုက်ကြသည်။

ဦးစီးဌာနကရောက်လာသည့်ပုဂ္ဂိုလ်တစ်ဦးသည် သူကိုယ်သူ စစ်သားစရိုက်၊ စစ်သားပုံဖမ်းကာ အသံကျယ်ကျယ်လောင်လောင် အမိန့်သံနှင့် တစ်ကျောင်းလုံးကို လွှမ်းမိုးနိုင်အောင် ထိန်းချုပ်ထားသည်။ လက်အုပ်ချီနည်းကအစ ကျနစွာအသင်ခံရသည်။ ဗိုလ်ချုပ်တွေကို ရှိခိုးရန်အတွက် လက်အစုံကို ကြာပဒုံလိုအုပ်ပြီး မေးစေ့ဖျားကို လက်ခလယ်နှင့်ထိကာ "မင်္ဂလာပါ ဘဘဗိုလ်ချုပ်ကြီး" ဟုရွတ်ဆိုသံကအစ ဌာနကရိုက်ကျကျ ရွတ်ဆိုတတ်ရန် သူ့ခမျာ စေတနာထားကာ လာသင်ပေးခြင်းဖြစ်သည်။

ကျောင်းအုပ်ကြီးများနှင့် မိဘဆရာအသင်းလူကြီးများအပါအဝင် ကျောင်းအကျိုးတော်ဆောင်တစ်ဖွဲ့လုံး၊ ကွင်းပြင်ထုတ်ကာ သတိဆွဲခိုင်းပြီး ကမ္ဘာမကြေသီချင်းကို မညီမချင်းပြန်လေ့ကျင့်သည်။ အခန်းတိုင်းတွင် ဘယ်သူက ဘယ်မှာနေ၊ ဗိုလ်ချုပ်က ဘယ်လိုဝင်လာလျှင် ဘယ်လိုကြို၊ ဗိုလ်ချုပ်က ဘယ်မှာရပ်လျှင် ဘယ်လိုနှုတ်ဆက်၊ ဗိုလ်ချုပ်က ဘယ်လိုမေးလျှင် ဘယ်လိုဖြေ၊ ဗိုလ်ချုပ်ဘယ်ရောက်မှထိုင် စသည့် ဗိုလ်ချုပ်ချင်းထပ်နေအောင် လမ်းညွှန်မိန့်ကြားသွန်သင်မှုများကို တစ်ကျောင်းလုံး နှစ်လခန့်ခံစားကြရသည်။

တစ်သက်လုံးမလုပ်ခဲ့ကြသည့် ပညာရေးစနစ်တွင် မကြုံတွေ့ရသော လုပ်ငန်းများကို ကျောင်းဆရာတွေရော၊ ကျောင်းသားတွေပါ လုပ်ကိုင်ကြရသည်။ ကျောင်းသားနှင့်ဆရာအားလုံးကို ယူနီဖောင်းဝတ်မြင်လိုက်သည်နှင့် လက်အုပ်လေးချီကာ မင်္ဂလာပါဟု နှုတ်ဆက်တတ်စေရန် စနစ်တကျစီစဉ်သွန်သင်ပြီး ပညာရေးလောကအတွင်းသို့ မိမိတို့ဌာနလူကြီးများက သွတ်သွင်းလာခြင်းဖြစ်သည်။

ကျွန်တော်တို့ ပညာရေးစနစ်တွင် ဆရာသမားနှင့် လမ်း၌တွေ့လျှင်ပင် ခါးလေးကုန်းပြီး မျက်လွှာလေးချကာ အရိုအသေ ပေးသည်မှာ အလွန်ဆုံးဖြစ်သည်။ ကျောင်းစာသင်ခန်းအတွင်းသို့ ဆရာများဝင်လာလျှင်လည်း "မင်္ဂလာပါဆရာ" "မင်္ဂလာပါ ဆရာမ" ဤမျှသာ နှုတ်ဆက်လေ့ရှိပါသည်။ ဗိုလ်ချုပ်တို့ စာသင်ခန်းအတွင်း လာတော့မည်ဆိုမှ ပညာရေးဌာန အကြီးအကဲများက "ပဥ္စင်္ဂဏံ အဟံ ဝန္ဒာမိ၊ အာစရိယဂုဏံ အဟံ ဝန္ဒာမိ မင်္ဂလာပါ ဘဘ ဗိုလ်ချုပ်ကြီး" ဟုဆိုကာ လက်အုပ်ချီပြီး နှုတ်ဆက်ရန် ပြဋ္ဌာန်းခြင်းခံရတော့သည်။

ကျောင်းတွင် ဂီတဆရာမရှိသဖြင့် ပြင်ပဆိုကရေးတီးကျွမ်းကျင်သော ဆရာများငှားကာ အဆိုအကများ၊ လေ့ကျင့်ကြရသည်။ မင်းသား၊ မင်းသမီး ဝတ်စုံတွေ ချုပ်ကြရသည်။ တိုင်းရင်းသားဝတ်စုံတွေကိုလည်း ချုပ်ကြရသည်။ လိုအပ်သည့် တူရိယာပစ္စည်းတွေဝယ်ကြသည်။ ဗိုလ်ချုပ်များကို ဘင်ခရာတပ်ဖွဲ့နှင့်ကြိုရမည်ဆိုသဖြင့် ဘင်ခရာတပ်ဖွဲ့ပစ္စည်းများကို ဈေးကြီးပေးပြီး ဝယ်ယူတပ်ဆင်ရသည်။ ဘင်ခရာတပ်ဖွဲ့ဝတ်စုံသစ်တွေ ချုပ်ကြသည်။ ဗိုလ်ချုပ်တွေ ကျောင်းဝင်းထဲဝင်လာလျှင် မင်္ဂလာစည်တော်ယွမ်းပြီး ကြိုဆိုရန် မြို့ထဲရှိ နာမည်ကြီး၊ စည်တော်အဖွဲ့ကို ဈေးကြီးကြီးပေးပြီး ငှားထားရသည်။

ဗိုလ်ချုပ်တွေ မာလ်တီမီဒီယာစာသင်ခန်း၊ လာဖွင့်လျှင် အပြစ်ပြော လက်ညှိုးမထိုးနိုင်ရန်အတွက် အမှိုက်တစ်စ၊ မြက်တစ်ပင် မရှိအောင်ပင် ပညာရေးဌာန၏ အကြီးအကဲများက အကြိမ်ကြိမ်လာရောက်ပြီး အနီးကပ်ကြီးကြပ်ကြသည်။ စာသင်ခန်းအချို့တွင် ဗိုလ်ချုပ်အောင်ဆန်းပုံတွေချိတ်ထားသည်ကို ဖြုတ်ခိုင်းသည်။ အထက်ကခိုင်း၊ မခိုင်းတော့မသိ။ အောက်ခြေတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို မမြင်ချင်ဆိုသည့် အတွေးအခေါ်များဝင်နေပြီဖြစ်သည်။

ကျွန်တော်က ဆယ်တန်းအခန်းများတွင် မာလ်တီမီဒီယာနည်းကျကျ စာသင်သည်ကို ဖော်ဆောင်လိုသဖြင့် တစ်ခန်းလျှင် တီဗီကြီးတွေ တစ်လုံးစီထားပေးကာ၊ Control Room သို့မဟုတ် Broadcasting Room မှတစ်ဆင့် နေ့လည်မုန့်စား ဆင်းချိန်တွင် ကလေးများ အပန်းဖြေနိုင်စေရန် သီချင်းတွေလွှင့်ပေးသည်။ အခြားဗဟုသုတရစေရန် စီဒီအခွေများ ဖွင့်ပြထားသည်။ Control Room ထဲကတစ်ဆင့် ကျောင်းအုပ်ဆရာကြီးသည် စာသင်ခန်းအားလုံးသို့ ဗီဒီယိုကင်မရာမှ မိန့်ခွန်းများ ပြောနိုင်ရန်၊ ကျောင်းသင်ခန်းစာများ လွှင့်ထုတ်ပြသနိုင်ရန် ငွေကြေးအကုန်ခံပြီး အတော်လေးစီစဉ်ထားရသည်။ သို့သော် ကျွန်တော်တို့ လွှင့်ထုတ်လိုက်သမျှကို မုန့်စားလွှတ်ချိန်တွင်ပင် ကျောင်းသားများက မကြည့်နိုင်ကြပေ။

ထိုကျောင်းသည် ဆယ်တန်းအောင်ချက်ကောင်းရန်၊ မြို့နယ်ပထမရရန် အရေးသည် မာလ်တီမီဒီယာဖြစ်မြောက်ရေးထက် ပိုပြီးအရေးကြီးသည်ဟု ခံယူထားသောကျောင်းဖြစ်သည်။ သို့ဖြစ်ရာ မနက် ၇ နာရီလောက်ကတည်းက ကျောင်းတွင် စာစသင်သည်။ နေ့လယ် မုန့်စားဆင်းချိန်လည်းသင်သည်။ ညနေကျောင်းလွှတ်ပြီး ၆ နာရီ မှောင်သည်အထိလည်း စာသင်သည်။ မိုးလင်းမိုးချုပ် စာသင်၊ စာကျက်၊ စာအော်၊ စာခေါ်နေကြသဖြင့် မာလ်တီမီဒီယာလွှင့်ထုတ်ပြနေသော တီဗီကြီးများကို စောင်ကြီးများနှင့်အုပ်အသံတွေလုံးဝမထုတ်ဘဲထားကာ ဥပေက္ခာပြုထားကြသည်။ သည်မိုး၊ သည်လေ သည်လူတွေနှင့် ပညာရေးစနစ်ကြီးတစ်ခုလုံးကို ပြုပြင်ပြောင်းလဲချင်နေသောသူများကို ကျွန်တော်ကတော့ အံ့အားသင့်မိသည်။

မာလ်တီမီဒီယာဆိုသည့်သဘောသည် ကျောင်းသားကျောင်းသူများ၊ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးရန်ဟုဆိုပါသည်။ ကာယအဖွဲ့ကလည်း ကျောင်းသူလေးများနှင့် ဗိုလ်ချုပ်တို့ကိုကြိုရန် ယခုမှ ဝတ်စုံလေးတွေကို မိဘတွေချုပ်ခိုင်းပြီး ကာယယိမ်းပြရန် ဇာတ်တိုက်ရသည်။ အကအဖွဲ့ကလည်း ကဗျာလွတ်ကိုတိုက်၊ ကွန်ပျူတာအဖွဲ့ကလည်း ကွန်ပျူတာသုံးတတ်သည့် ကျောင်းသားတွေနှင့် ပုံဆွဲခိုင်း၊ စာရိုက်ခိုင်း၊ တစ်သက်လုံး ပုံပြရုပ်ပြစာမသင်ကြသော ဆရာတွေကလည်း ဗိုလ်ချုပ်တွေက ပုံတွေပြပြီးစာသင်တာကြိုက်သည်ဆိုသောကြောင့် ယုန်ပုံတွေဆွဲ၊ ဖားတွေခွဲထားသည့်ပုံတွေဆွဲပြထားသည့် ကားချပ်များကို အခန်းတွင်းချိတ်ဆွဲပြလာကြသည်။ ထိုပုံတွင် တပ်ထားသည့်စာသားများကို ကျောင်းသားတွေ ရွတ်တတ် ဖတ်တတ်စေရန် သင်ပြကြရသည်။ မာလ်တီမီဒီယာဆိုသည့် ဖိစီးမှုကြီးသည် တစ်ကျောင်းလုံးရှိ ကျောင်းသားများသာမက၊ ဆရာများ၊ မိဘများပါမကျန် ဖိစီးသောကရောက်ခဲ့ရသည်။

ဗိုလ်ချုပ်တို့က ဖွင့်ပွဲကို မိနစ်နှစ်ဆယ်လောက် ဖြတ်သွားဖြတ်လာ ကြည့်သွားရန်အတွက် ကျောင်းတစ်ကျောင်းတွင် သိန်းပေါင်းရာချီပြီး ရင်းနှီးလိုက်ကြရသည်။ ထိုရင်းနှီးမှုအတွက် "ခင်ဗျားတို့ကျောင်းတွေပဲ ပြန်ရတာပါ" ဟု ပညာရေးဌာန အကြီးအကဲဆိုသူများက ဂုဏ်ယူဝင့်ကြွားစွာပြောကြသည်။ သို့သော် ငှားထားသော ပစ္စည်းများသည် အခမ်းအနားပြီးသည်နှင့် သူ့နေရာသူပြန်ရောက်သွားသောကြောင့် ကျောင်းတွေမှာ ဘာကျန်ခဲ့ပါသနည်း။

မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲသည် ပွဲပြီးမီးသေသဘောသာဖြစ်သည်။ စာသင်ခန်း၊ ဆယ်ခန်းလောက်ကို လူကြီးတွေအလိုကျ ပြင်ဆင်ပြသပြီးနောက် ဤအတိုင်းဆက်ထားရန်မဖြစ်နိုင်။ ကျောင်းသားတွေအတွက် စာသင်ခန်းက အလုံအလောက်မရှိ။ ထို့ကြောင့် သရုပ်ပြအခန်းများသည် နောက်ဆုံးစာသင်ခန်းများပြန်ဖြစ်သွားကြရသည်။

မကြာသေးမီက အမေရိကန်ပြည်ထောင်စုပြည်နယ်တစ်ခုတွင် တစ်ကျောင်းလုံးရှိကျောင်းသားများ တက်ဘလက်ကိုင်ဆောင်နိုင်ရေးအတွက် ပြည်နယ်အစိုးရကလည်း ကူညီသည်။ ကျောင်းသားမိဘတွေကလည်းကူညီပြီး တက်ဘလက်တွေဝယ်ကာ ကျောင်းသားတွေကိုတစ်ယောက်တစ်လုံး ဝေပေးကြသည်။ တက်ဘလက်နှင့် အင်တာနက်သုံးနိုင်စေရန် စီစဉ်ပေးသည်။ ကျောင်းတွင် အင်တာနက်ကို မြန်နှုန်းမြင့် သုံးနိုင်စေရန် အစိုးရကလည်း စီစဉ်ပေးသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင်ပင် ဝန်ကြီးချုပ်၊ ပညာရေးဝန်ကြီးအပါအဝင် ဘုရင့်သမီးတော်သီရိဒုံပါမကျန် ကလေးတစ်ယောက် လက်ပ်တော့တစ်လုံး (OLPC) စနစ်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းပြီး တန်ဖိုးနည်းလက်ပ်တော့များကို ကျေးလက်ဒေသကျောင်းများအရောက် ဆောင်ရွက်ပေးနေသည်။

ထိုနိုင်ငံများတွင် ပညာရေးကိုခေတ်မီစေရန် အင်တာနက်ကိုသုံးနိုင်ရမည်။ အင်တာနက်ရသွားလျှင် မာလ်တီမီဒီယာဆိုသည့်လေလုံးထွားစကားတွေကိုလည်း ပြောစရာမလို။ ပညာရေးအသစ်သည် ကွန်ပျူတာနည်းပညာ၊ အင်တာနက်သာဖြစ်ကြောင်း သဘောပေါက်ကြသဖြင့် ဖွံ့ဖြိုးမှုနောက်ကျသည့် အာဖရိကလိုဒေသများတွင်ပါ အင်တာနက်ကို ဖုန်းနှင့်သုံးနိုင်ရေး အစိုးရက စီစဉ်ပေးနေပြီဖြစ်သည်။

ဆိုလိုသည်မှာ ကွန်ပျူတာနှင့် အင်တာနက်ကို ပညာရေးအတွက်ထွက်ပေါက်အနေနှင့်လက်ခံပြီးကျင့်သုံးရမည်ဆိုလျှင် မရောင်ရာဆီလူး၊ ကျန်ကိစ္စများကိုလျှော့ပြီး ကွန်ပျူတာ အင်တာနက်တပ်ဆင်သုံးစွဲနိုင်ရေးအတွက် ငွေတွေကို ပုံအောသုံးပေးလျှင် ပိုကောင်းမည်ထင်ပါသည်။ ယခုတော့ မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ရန် ကျောင်းသားနှင့် မိဘတွေက ငွေစိုက်ထုတ်ရသည်။ အမှန်တကယ် ကျောင်းတွင် ကျန်ခဲ့နိုင်သည်က ခေတ်မမီသော ခပ်စုတ်စုတ်နုံချာချာ ကွန်ပျူတာ လေးငါးလုံးခန့်သာဖြစ်ပြီး ကျန်သည့်ဟန်ပြလုပ်ဆောင်မှုများအတွက် ငွေဖြုန်းလိုက်ရသည်က ပိုများနေသည်ဟု ထင်ပါသည်။

ကျောင်းတစ်ကျောင်းတွင် မာလ်တီမီဒီယာ စာသင်ခန်း၊ ဆယ်ခန်းဖွင့်လျှင် တစ်ခန်းကျန်ခဲ့လျှင် ကံကောင်းသည်ဟုဆိုရမည်။ ကျွန်တော်တို့ ကုန်ခဲ့ရသော ငွေသိန်းရာပေါင်းများစွာ (ကျောင်းတစ်ကျောင်းအတွက်) ကိုပြန်ပြီး နှမြောတသ လွမ်းဆွတ်ခဲ့မိပါသည်။ အကယ်၍သာ ထိုအချိန်က ကွန်ပျူတာကောင်းကောင်းအလုံး ၅၀ လောက်ဝယ်ပြီး ကွန်ပျူတာစာသင်ခန်းတစ်ခု အသွင်ပြောင်းလဲနိုင်မည်ဆိုလျှင် ကွန်ပျူတာငတ်နေသော ကျောင်းသားများအတွက် ပိုပြီးအဆင်ပြေနိုင်မည်ထင်သည်။

ကွန်ပျူတာကမရှိ၊ မီးကပျက်၊ မလုပ်လျှင်ထွက်ဆိုသည့် ဟိန်းဟောက်ခြိမ်းခြောက်သော ဌာနဆိုင်ရာအကြီးအကဲများ၏ ဟောက်သံ ငေါက်သံများ၊ ဗိုလ်ချုပ်တွေကို ရေပါတာပဲလိုချင်သည်ဟု ပြောစကားအတိုင်း ဌာနဆိုင်ရာ အကြီးအကဲများက ခတ်စရာရေဘူးပင်မရှိသည်ကို ပဆိုးချွတ်ပြီးရေလယ်ခိုင်းနေသည့်အဖြစ်မှာ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်ဆောက်အံ့" ဆိုသည့် ဆောင်ပုဒ်ကို လှောင်စရာလုပ်နေသလိုတော့ဖြစ်နေသည်။ ■

တင်ညွန့်



ဓာတ်ပုံ - မင်းထက်စံ

## News in Brief

### အမေရိကန်အသိအမှတ်ပြု စီးပွားစီမံဘွဲ့လွန်သင်တန်း ဒီဇင်ဘာလကုန်တွင် ဖွင့်မည်

**ရန်ကုန်၊ နိုဝင်ဘာ ၁၃**

အမေရိကန်နိုင်ငံရှိ Silicon Valley International University အသိအမှတ်ပြုသော လေးကြိမ်မြောက် ဖွင့်လှစ်မည့် စီးပွားစီမံဘွဲ့လွန်သင်တန်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ရန်ကုန်မြို့ရှိ SR International College တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အဆိုပါကျောင်းထံမှသိရသည်။

သင်တန်းကာလအနေနှင့် ၁၈ လတာသတ်မှတ်ထားပြီး ပြည်တွင်းက ဘွဲ့ရရှိသူများအပါအဝင် ပြည်ပဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်ကာ စနေ၊ တနင်္ဂနွေ ညနေပိုင်း အချိန်များတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

အသေးစိတ်သိရှိလိုပါက SR International College၊ အမှတ် (၄၇/၄၈) ဗဟိုရ်စည်အိမ်ရာ ၇ လွှာ၊ လမ်းမတော်မြို့နယ် ဖုန်း၊ ၀၉ ၄၅၀၀ ၆၃ ၁၀၈၊ ၀၉ ၄၅၀၀ ၆၃ ၁၀၉၊ ၀၁ ၂၃၀ ၁၃ ၈၀ နှင့် ၀၁ ၂၃၀ ၁၃ ၈၁ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ ■

### ဗြိတိန်ကပေးအပ်သော ဒီပလိုမာဘွဲ့ကို စင်ကာပူတွင် ပညာသင်ကြေး ယခုလျှောက်ထားနိုင်

**ရန်ကုန်၊ နိုဝင်ဘာ ၁၃**

ဗြိတိန်နိုင်ငံက ပေးအပ်သော Diploma in Hospitality Management ကို စင်ကာပူနိုင်ငံရှိ Dimensions International College တွင် ကျောင်းလခ စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်း ပညာသင်ထောက်ပံ့ကြေးဖြင့် ဒီဇင်ဘာလတွင် ဖွင့်လှစ်မည့်သင်တန်းကို တက်ရောက်နိုင်မည်ဖြစ်ကြောင်း မြန်မာပြည်ရုံးခွဲ Dimensions Education Center တာဝန်ရှိသူတစ်ဦးက The Voice သို့ပြောကြားသည်။

သင်တန်းကာလကို စာသင်ကြားချိန် ၁၄ လနှင့် လက်တွေ့အလုပ်သင် ခြောက်လသတ်မှတ်ထားပြီး ကျောင်းလျှောက်ရန် လိုအပ်သည့်အချက်အလက်များကို အဆိုပါစင်တာ က စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြန်မာပြည်ရုံးခွဲက ထုတ်ပြန်ထားသည်။

စိတ်ပါဝင်စားသူများသည် Dimensions Education Center အမှတ် ၄၅၉၊ အခန်း ၃၀၂( ဘီ) ၃လွှာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း၀၉ ၄၅၀၀ ၄၄၁၁၇၊ ၀၉ ၄၂၁၀ ၇၆ ၈၅၈ နှင့် ၀၉ ၄၀ ၁၅ ၇၇ ၁၄၈ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ■

**စာ 10 နေအိမ်အကျယ်ချုပ် လွတ်မြောက်ပြီးနောက် သုံးနှစ်အကြာ မှအဆက်**

အခြေခံဥပဒေပြင်သင့်ကြောင်း အမြဲတစေပြောဆိုလေ့ရှိပြီး ၂၀၁၅ ခုနှစ်တွင် သမ္မတဖြစ်ရမည်ဆိုသည့် အကြောင်းကိုလည်း ပြောဆိုလေ့ရှိသည်။

၂၀၁၅ ခုနှစ်တွင် သမ္မတဖြစ်ရန် ရေပန်းစားနေသည့်သူများမှာ လက်ရှိ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၅ တွင် သူ(မ) သမ္မတမဖြစ်လျှင် တရားမျှတသည့် ရွေးကောက်ပွဲ မဟုတ်ကြောင်း ပြောဆိုထားသည်။

သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းရင်းသားအရေးနှင့် လူမျိုးရေးအသွင်ဆောင်သော ပဋိပက္ခများတွင် အသံတိတ်သည်ဟုလည်း ပြည်တွင်းပြည်ပမှ ဝေဖန်ကြသူများရှိသည်။ ပဋိပက္ခနှင့်ပတ်သက်၍ ပြောဆိုလျှင်လည်း လူအခွင့်အရေး ရှုထောင့်ဘက်က ကြည့်ရှုပြောဆိုလေ့ရှိသည့်အတွက် ဝေဖန်မှုအချို့နှင့် ရင်ဆိုင်နေရသည်။

တစ်နိုင်ငံလုံး လှုပ်ခတ်သွားသော လက်ပံတောင်းအရေးကိစ္စတွင် နှစ်ဦးနှစ်ဖက် မနစ်နာနိုင်သည့်နည်းလမ်းများဖြင့် လုပ်ဆောင်ခဲ့သည်မှာလည်း လွှတ်တော်သို့ ရောက်ရှိသည့် တစ်နှစ်ကျော်ကာလအတွင်း စွမ်းဆောင်မှုတစ်ခုဖြစ်သည်။

လွှတ်တော်အတွင်း လုပ်ဆောင်နေရသည်နှင့် ပတ်သက်၍လည်း ဒေါ်အောင်ဆန်းစုကြည်က "အန်တီတို့က လွှတ်တော်ထဲမှာ မဖြစ်ဖြစ်တဲ့ အင်အားလေးနဲ့ လုပ်နေရတယ်လေ" ဟု ဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်း လူနည်းစုဖြင့် လုပ်ဆောင်နေရသော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်တော်အတွင်းဝင်ရောက်လာသည်နှင့် အမြဲတမ်း တက်တက်ကြွကြွပင်ဖြစ်သည်။ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခြင်း သုံးနှစ်ပြည့်တွင်လည်း တက်တက်ကြွကြွပင်ဖြစ်သည်။

### နေအိမ်အကျယ်ချုပ်သုံးနှစ်ပြည့်

ဆံပင်ဖြူများ ပေါ်နေပြီး မျက်နှာအရေးအကြောင်းများပေါ်နေသည့်အသက် ၆၈ နှစ်အရွယ် ဒေါ်အောင်ဆန်းစုကြည်သည် ခရမ်းရောင်ဝမ်းဆက်ကို ဝတ်ဆင်ကာ ပဝါကိုလည်းခရမ်းရောင်ပတ်လျက် လွှတ်တော်အဆောက်အအုံသို့ နိုဝင်ဘာလ ၁၃ ရက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ဝင်ရောက်လာသည်။ ခါတိုင်းကဲ့သို့ ခြေလှမ်းမြန်မြန်လှမ်းကာ ထုံးစံအတိုင်း လွှတ်တော်တက်ရောက်ကြောင်း လက်မှတ်ထိုးပြီး လွှတ်တော်ထဲဝင်ရန် စာရွက်စာတမ်းများကို စစ်ဆေးနေသည်။

ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်အတွင်း ဝင်ရောက်လာလျှင် လူတိုင်းနီးပါးကြည့်ကြသည်။ မီဒီယာသမားများကလည်း ဓာတ်ပုံများ တဖျပ်ဖျပ်ရိုက်ကြသည်။

"နေအိမ်အကျယ်ချုပ်က လွတ်တာ သုံးနှစ်ပြည့်တာ ဒီမနက်မှ သိတယ်။ အချိန်တွေက မြန်လိုက်တာ" ဟု သူ(မ)က ဆိုသည်။

၁၀ နာရီအချိန်တွင် လွှတ်တော်စလေပြီ။ ပြည်သူ့လွှတ်တော်၏ ရှေ့ဆုံးတန်းတွင် ထိုင်နေသော ဒေါ်အောင်ဆန်းစုကြည်က ဆွေးနွေးနေကြသော အကြောင်းအရာများကို စိတ်ဝင်တစားနားထောင်နေသည်။

ယနေ့ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်း ပြင်ဆင်ချက်ကို ဖတ်ကြားစဉ် အင်္ဂလိပ်အသုံးနှုန်း မရှင်းမလင်းပြောခြင်းကို ဒေါ်အောင်ဆန်းစုကြည်က ထောက်ပြမေးမြန်းခဲ့သည်။

ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ယနေ့ တင်သွင်းသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေပါ ပုဒ်မ(၂၂)(ဃ) ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကန့်ကွက်မှု ရှုံးနိမ့်ခဲ့သည်။ လွှတ်တော်တွင် ကိုယ်စားလှယ်ဦးရေ နည်းပါးသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တင်သွင်းသည့် အဆိုအများစုက ရှုံးနိမ့်ခဲ့သည်။

အဆိုရှုံးနိမ့်ခြင်းနှင့် ပတ်သက်၍ "ဒီတစ်ခေါက် လွှတ်တော်မှာ မနိုင်တော့လည်း နောက်လွှတ်တော်မှာ နိုင်အောင် ကြိုးစားမှာပေါ့" ဟုသူက ဆိုသည်။

လွှတ်တော်အပြီးတွင် ၁၉၉၉ ခုနှစ်ထုတ် မတ်တူး အဖြူရောင် ၃ဃ/၁၉၉၄ဖြင့် တဖြည်းဖြည်း ထွက်ခွာသွားသည်။

**မင်းထက်စံ၊ အောင်ထက်**

**စာ 9 စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားတဲ့ ဒိန်းမတ် မှအဆက်**

အပ်လို့ ငှားလို့ရပါတယ်။ စနေ၊ တနင်္ဂနွေ အလုပ်ပိတ်ရက်မှာလည်း ဝန်ထမ်းမရှိပေမယ့် မနက် ၁၀ နာရီကနေ ညနေ ၄ နာရီအထိ မိမိကတ်ပြားနဲ့တံခါးဖွင့်ပြီးဝင်ရောက်နိုင်၊ ပြန်အပ်နိုင်၊ ငှားရမ်းနိုင်ပါတယ်။ ပိတ်ချိန်နီးလို့ရှိရင် အသံသွင်းစက်ကနေ သတိပေးပါလိမ့်မယ်။ အခက်အခဲတစ်ခုခုဖြစ်ရင်ဆက်သွယ်နိုင်အောင်လည်း ဖုန်းနံပါတ်နဲ့ တယ်လီဖုန်းကို အဆင်သင့်ထားရှိပေးထားပါတယ်။

ပြည်သူ့စာကြည့်တိုက်များဟာ Club အသင်းများမှာအဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ပြီး ဆွေးနွေးမှုတွေ၊ အသိအမြင် ဖလှယ်မှုတွေ လုပ်နိုင်တဲ့အပြင် IT ဗဟုသုတအတွက်လည်း သင်တန်းတွေဖွင့်လှစ်ပေးထားပါတယ်။ စာကြည့်တိုက်တိုင်းမှာ စာအုပ်အဟောင်းတွေကို စျေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးတဲ့နေ့ရက်တွေ သတ်မှတ်ထားရှိပြီး သက်ဆိုင်ရာစာကြည့်တိုက်ရဲ့ အင်တာနက်စာမျက်နှာမှာ ဖော်ပြပေးထားလေ့ ရှိပါတယ်။ အထူးနေ့တွေမှာ ကလေးတွေကိုပုံပြင်ဖတ်ပြတဲ့အစီအစဉ်များနဲ့လည်း ဆွဲဆောင်ပါတယ်။

မသန်မစွမ်းသူများအတွက်လည်း အထူးဝန်ဆောင်မှုများကိုစာကြည့်တိုက်က ပေးပါတယ်။ စာကြည့်တိုက်များ၊ ပြတိုက်များမှာ မသန်မစွမ်းသူများ ကိုယ်တိုင်ဝင်နိုင်၊ တက်နိုင်အောင် စက်ခုံများလည်းထားရှိပေးပါတယ်။

အချုပ်ဆိုရရင် ပြည်သူ့စာကြည့်တိုက်တွေဟာ ပြည်သူအားလုံးအတွက် အပန်းဖြေရာ၊ ဗဟုသုတရှာမှီးရာ၊ အမြင်ဖလှယ်ကြရာ နေရာတစ်ခုပဲဖြစ်ပါတော့တယ်။ ပြည်သူ့စာကြည့်တိုက်လုပ်ငန်းဟာလည်း ဒီမိုကရေစီထွန်းကားတဲ့နိုင်ငံတစ်နိုင်ငံရဲ့ ပုံရိပ်တစ်ခုလို့ဆိုနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့အမိမြန်မာနိုင်ငံမှာလည်း ပေါ်ထွန်းလာမယ့်ပြည်သူ့အစိုးရနဲ့ အတူရှင်သန်လာမယ့်ပြည်သူ့ဒီမိုကရေစီကို ကြိုဆိုရင်း ဒိန်းမတ်နိုင်ငံကပြည်သူ့စာကြည့်တိုက်အကြောင်းကို လက်လှမ်းမီသမျှ တင်ပြလိုက်ရခြင်းဖြစ်ကြောင်းပါခင်ဗျား။

(စာကြွင်း)။ ။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ စာကြည့်တိုက်လုပ်ငန်းကျယ်ပြန့်လာအောင် စေတနာနဲ့ ဆောင်ရွက်နေကြသောလူကြီး၊ လူငယ်များ နဲ့ စာအုပ်တွေကိုအွန်လိုင်းမှဖတ်ရှုနိုင်ရန် ဝါယမစိုက်ထုတ်ကြသောသူများအားလုံးအတွက်ဂုဏ်ယူဝမ်းသာကြောင်းပါ။

**မင်းမော်လှမြင့်(YSO,PKU)**

# PERSPECTIVE

## လူ၊ Infrastructure နှင့် Institution

ဧေယျာသူ



မြန်မာနိုင်ငံ တည်ဆောက်ရေးတွင် Infrastructure ခေါ် အခြေခံအဆောက်အဦ အရေးကြီးကြောင်း အားလုံးသိကြပြီးဖြစ်သည်။ အဆောက်အအုံ၊ လမ်း၊ တံတား စသည့် Infrastructure သည် ချို့တဲ့သည်။ သို့သော် လူနှင့် Institution တို့က Infrastructure ထက်ပင် ပိုပြီးအခရာကျသည်။

နောက်ဆုံးပေါ် ဈေးကြီးပေး ကုန်ပစ္စည်းများ ရောင်းချသော ကုန်တိုက်သို့ အညောင်းပြေ အညာပြေ လမ်းလျှောက်ရင်း ဝင်သွားမိသည်။ နိုင်ငံခြားမှ တိုက်ရိုက်လာရောက်ဖွင့်လှစ်သည်ဟု နာမည်ကြီးနေသည့်အတွက် မည်သို့မည်ပုံ ဆောင်ရွက်နေသနည်းကို စူးစမ်းချင်သည့်အတွက်လည်း ပါသည်။

**ဝင်ဝင်ချင်း မြင်လိုက်ရသော လုံခြုံရေးစစ်ဆေးသည့် အခင်းအကျင်းက သပ်သပ်ရပ်ရပ်ရှိသည်။ ပြင်ဆင်ခြယ်သထားသည့် ဒီဇိုင်းတို့ကလည်း ထူးခြားသည်။ Brand တို့က မြန်မာကြိုက်တွေပါသလို မြန်မာတွင် သိပ်မတွေ့ရသည့် Brand တွေလည်း ရှိသည်။ အရောင်းဝန်ထမ်း အမျိုးသမီးငယ်တွေ ဝတ်စုံက သပ်သပ်ရပ်ရပ် သားသားနားနား။ ဝယ်သူရှင်းသည့်အချိန်မို့လား မသိ၊ အရောင်းဝန်ထမ်းတို့ ဆိုင်တစ်ဆိုင်၊ Brand တစ်ခုနှင့်တစ်ခု စကားလှမ်းအော်ပြောနေကြသည့်အသံက ကြွက်စီကြွက်စီဖြင့်၊ ပြောသည့်အသံ အမျိုးအစားကလည်း ဆူညံသံအဆင့် အသံမျိုးများ။ အချို့ဆိုင်တွင် ဝန်ထမ်းများစုပြီး စကားပြောနေကြသည့်အတွက် သူတို့စကားစပြတ်မှာပင် ကိုယ်ကစိုးရိမ်သလိုလိုဖြစ်ပြီး ဝင်မကြည့်ဖြစ်ခဲ့။ သူတို့ဆိုင်ရှေ့ ဝယ်သူခေါက်တုံ့ခေါက်ပြန်လျှောက်နေမှန်းလည်း စကားဝိုင်းတွင် နစ်မြောနေသူတို့ သတိမထားမိကြ။ ဆိုင်တွင်လူမရှိသော မြန်မာကြိုက် Brand ဆိုင်ခန်းတစ်ခုကို ဝင်ကြည့်မိဖြစ်သည်၊ အစကတော့ ကြည့်ရုံသက်သက်သာဖြစ်သော်လည်း အင်္ကျီတစ်ထည်ကို ဈေးမေးချင်လာသည်။ ဆိုင်ဝန်ထမ်းကို စောင့်သော်လည်း မရှေ့ချောလား၊ ကိုယ်တော်ချောလားမသိ ပေါ်မလာသဖြင့် ထွက်လာခဲ့သည်။ ထိုကုန်တိုက်တွင် အရောင်းဝန်ထမ်းလုပ်ရသည်မှာ ကောင်းလေစွ။ လှလှပပဝတ်စား၊ အချင်းချင်း စကားစမြည်လေးပြော၊ အချိန်တန် လစာရ တယ်ကောင်းတယ်ဟုတ်။ ထိုထက်ကောင်းသောအလုပ်ပင် ထိုလောက်ကောင်းမည်မထင်။**

မြန်မာလေယာဉ်လိုင်းတို့ စီးလျှင်လည်း အလားတူဖြစ်ရပ်မျိုး တွေ့ရသည်။ မြန်မာလေယာဉ်မယ်၊ လေယာဉ်မောင်တို့သည် မျက်နှာလေးတွေ ချိုကြ၊ ယဉ်ကျေးကြပါသော်လည်း အလုပ်လုပ်ကိုင်ရာတွင်အသံထွက်သည်။ ဟိုဘက်ချပါ၊ ဒီဘက်ပို့ပါ စသည်ဖြင့် ဝါရင့်လေယာဉ်မယ်တို့က အသံပြုကွပ်ကဲကြရာ အသံပိုထွက်ပြန်သည်။ ပြည်ပလေကြောင်းလိုင်းများတွင်ဆိုလျှင် လုပ်ငန်းဆောင်တာတို့ကို မျက်နှာရိပ်မျက်နှာကဲ၊ လက်ဟန်ခြေဟန်ဖြင့်သာ ဆောင်ရွက်သွားကြသည်။ ပါးစပ်က အသံဗလံထွက်ခြင်း အလွန်နည်းသည်။ အကြိမ်ကြိမ် လေ့ကျင့်ဇာတ်တိုက်ထားခြင်း၏ ရလဒ်လည်းဖြစ်ပုံရသည်။ ဒါတောင် မြန်မာနိုင်ငံသို့ပြေးဆွဲသည့် ပြည်ပလေယာဉ်လိုင်းတို့သည် အလုပ်သင် အချို့အစားများပုံရပြီး မြန်မာခရီးစဉ်ကို လေ့ကျင့်ရေးကွင်းသဖွယ် ကျင့်သုံးထားကြခြင်းများသည်။

**နိုင်ငံတကာမယ်ပြိုင်ပွဲများ၏ သဘောတရားသည်လည်း ထိုအတိုင်းဖြစ်ပုံရသည်။ အဝတ်စနှစ်စသာ ကိုယ်ပေါ်တွင်ချန်ပြီး လူရှေ့သူရှေ့စင်ပေါ် လမ်းလျှောက်ရုံမျှကိစ္စသာဆိုလျှင် ကျန်အဝတ်များ ချွတ်ချလိုက်ရုံ။ လုပ်ရဲလျှင်ရပြီ၊ ကျန်တာ သိပ်မလို။ သို့သော် ဗဟုသုတ၊ မိမိကိုယ်ကိုယ်ယုံကြည်မှု၊ မေးလာသော မေးခွန်းအထာကို ပေါက်ခြင်း၊ ချက်ကျလက်ကျ ပြန်ဖြေခြင်းတို့မှာ လုပ်ရဲရုံနှင့်မရ။ အခံဝမ်းစာလည်းရှိ၊ လေ့လာအားလည်းကောင်း၊ ဆင်ခြင်ဉာဏ်လည်း ရှိပါမှ၊ ထိုအရာတို့ကို သုံးလေးလနှင့် လုပ်မရ၊ အချိန်ယူပြီး တည်ဆောက်ရသည်။ ပြိုင်ပွဲဝင်မည်ဟု ပြင်ဆင်ထားခြင်းနှင့်လည်း မဆိုင်လှ။ နဂိုကတည်းက ကိုယ့်ကိုယ်ကိုယ် ထူးချွန်အောင် တည်ဆောက်ထားလျှင် ပြိုင်ပွဲအထာအတွက်သာ ပြင်ဆင်ရန်လိုသည်။**

ကုမ္ပဏီတစ်ခု တည်ထောင်လိုသည် ဆိုပါစို့။ တတ်နိုင်လျှင် အခန်း၊ အဆောက်အအုံ ချက်ချင်းလက်ငင်း ဝယ်လိုက် ငှားလိုက် ပရိဘောဂများထည့်ဆိုင်းဘုတ်ချိတ်လိုက်လျှင် ကုမ္ပဏီအပြင်ပန်းရပြီ။ သို့သော် ကုမ္ပဏီကို ဦးဆောင်မည့်သူ၊ တာဝန်ခံမည့်သူ၊ ကုမ္ပဏီတွင် ပါဝင်လုပ်ရှားမည့်သူများမှာမူ ထို Infrastructure များကဲ့သို့ အဆင်သင့် ချက်ချင်းတပ်လိုက်ဆင်လိုက်ရန် မလွယ်။ တတ်ကျွမ်းသူတို့ကို ရှာနိုင်ခန့်နိုင်လျှင်ပင် သူတို့ အတူတူအလုပ်လုပ်နိုင်အောင် တစ်သင်းသားတည်း စိတ်ဓာတ်ဖြစ်လာအောင် စီမံချထားပေးရန် လိုသေးသည်။

မြန်မာနိုင်ငံ ပညာရေးနိမ့်ကျခဲ့ခြင်းတွင် ပညာရေးအသုံးစရိတ် နည်းပါးခြင်းသည် အဓိကအကြောင်းရင်းတစ်ရပ်ဟု အဖြေထုတ်ကြသည်။ စာရေးသူအမြင်တွင် ထိုနည်းပါးသော ပညာရေးအသုံးစရိတ်ကိုပင် ခွဲဝေသုံးစွဲပုံ ပြင်လိုက်နိုင်ခဲ့လျှင် ပညာရေးအခြေအနေ ယခုလောက် မဆိုးနိုင်။ Infrastructure ဖြစ်သည့် အဆောက်အဦများ၊ တည်ဆောက်ကာ တက္ကသိုလ်များ၊ အရေအတွက်များခဲ့သော်လည်း ကျောင်းတွင်းရှိလူများ (ကျောင်းသားများ၊ ဆရာများ) ကို တည်ဆောက်ရန် ငွေသုံးစွဲမှု နည်းပါးခဲ့ခြင်းသည် မြန်မာ့ပညာရေး အားနည်းရခြင်း၏ အဓိကအကြောင်းတရားတစ်ရပ်ဖြစ်သည်။

**Institution ခေါ် စည်းဘောင်သွင်းခြင်းသည်လည်း အခြေခံအဆောက်အဦတို့နှင့် သဘောတရားတူတူပင် ဖြစ်သည်။ ဥပမာ-နေပြည်တော်တွင် ခမ်းနားကြီးကျယ်သော လွှတ်တော်အဆောက်အအုံကြီး တည်ဆောက်ထားရုံဖြင့် တိုင်းသူပြည်သားတို့အကျိုးကို ဆောင်ရွက်နိုင်သော ဥပဒေပြုလွှတ်တော်ကြီး အလိုလိုဖြစ်မလာကြောင်း တွေ့ခဲ့ရပြီးဖြစ်သည်။ အဆောက်အအုံတွင်းရှိ လူများကို တည်ဆောက်ခြင်း၊ ထိုလူများ တစ်ဦးနှင့်တစ်ဦး ပူးတွဲအလုပ်လုပ်ကိုင်ကြခြင်း၊ လွှတ်တော်အလေ့အထများ မွေးမြူကြခြင်းတို့ဖြင့်သာ လွှတ်တော် တဖြည်းဖြည်း အသက်ဝင်လာပြီး လွှတ်တော်ဟူသော Institution တစ်ခုကို ပြည်သူတို့ မြင်လာရသည်။**

လွှတ်တော်ဆိုသည်မှာ Formal Institution ခေါ် အလုပ်သဘောစည်းမျဉ်းစည်းကမ်းသတ်မှတ်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ Informal Institution ဖြစ်သည့် ယဉ်ကျေးမှုဆိုလျှင် ပိုမိုရှုပ်ထွေးသိမ်မွေ့သည်။ ကားတင်သွင်းခွင့်မူဝါဒကို လျှော့ချပေးပြီးကတည်းက မြန်မာနိုင်ငံတွင်းတွင် ကားသစ်များ၊ သို့မဟုတ် တစ်ပတ်ရစ်ကားသစ်များကို စီးလာနိုင်ကြသည်။ သို့သော် ကားများသစ်လာရုံဖြင့် ယာဉ်စည်းကမ်းလိုက်နာမှုများ၊ ယာဉ်တစ်စီးနှင့်တစ်စီး နားလည်ညှာတာခြင်းကဲ့သို့သော Informal Institution များမှ အလိုအလျောက် တက်လာခြင်း မရှိသည်ကို တွေ့ရမည်။ ပြည်တွင်းသို့ ကားများကို ချက်ချင်းလက်ငင်း တင်သွင်းလိုက်နိုင်သော်လည်း ကားပေါ်တွင် တက်ထိုင်မည့်သူများကိုမူ တင်သွင်းမရနိုင်ပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုတို့တက်လာရန် အချိန်ယူရဦးမည်သာ ဖြစ်သည်။

**ငွေရှိလျှင် Infrastructure ကို ချက်ချင်းလက်ငင်း တည်ဆောက်ယူနိုင်သည်။ လူကို ချက်ချင်း ဖန်ဆင်းမရပါ။ Institution ကို ဥပဒေဆိုပြီး မန်းမှုတ်မရနိုင်ပါ။ လူမပါသော၊ Institution မပါသော Infrastructure သည် ခေါင်းမပါသောကိုယ်နှင့်သာ တူပေလိမ့်မည်။**

ဧေယျာသူ

## CARTOON OF THE WEEK



# ပလေယာသစ်၊ ဂိမ်းသစ်၊ သီအိုရီသစ်

ပိုက်တင်

ပလေယာသစ်ဆိုတာက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သစ်ကို ဆိုလိုပါတယ်။ ပလေယာဟောင်းဖြစ်တဲ့သူကတော့ အခြေခံဥပဒေ ရေးဆွဲခဲ့သူ၊ လက်ရှိအစိုးရသစ်ကို ပါဝါလွှဲပြောင်းပေးခဲ့သူ ဦးစီးချုပ်အဟောင်း ဖြစ်ပါတယ်။ ဦးသန်းရွှေဟာ နှစ် ၂၀ ကာလ မြန်မာနိုင်ငံသမိုင်းကို သယ်ဆောင်ခဲ့သူဖြစ်ပြီး လက်ရှိနိုင်ငံရေးအခြေအနေကိုရရှိဖို့ စိန်ခေါ်မှု တွေအများအပြားကို ကျော်လွှားပြီး အရတည်ဆောက်ခဲ့သူဖြစ်ပါတယ်။

**ဦးသန်းရွှေရဲ့ အုပ်ချုပ်မှုဟာ အငြင်းပွားစရာများ၊ အပြောက်အမြား ရှိခဲ့ပေမယ့် လက်ရှိနိုင်ငံရေးဂိမ်းသစ်ကို သူနဲ့ သူ့ရဲ့ တိုင်ပင်ဖော်များနဲ့အတူ နှစ် ၂၀ အချိန်ယူပြီး အကျအန ဖန်တီးပေးခဲ့နိုင်ခြင်းဖြစ်ပါတယ်။ အရင် အုပ်ချုပ်ရေးဟောင်း (ဂိမ်းဟောင်း) မှာ စီးပွားရေးအရ မအောင်မြင်မှုများ ရှိခဲ့သော်လည်း နိုင်ငံရေးအရတော့ ရှုံးနိမ့်တယ်လို့ ပြောဖို့ ခက်တဲ့အနေ အထားဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံကို စိန်ခေါ်မှုတွေကြားထဲက အရပြဌာန်း နိုင်ခဲ့သလို ၂၀၁၀ ရွေးကောက်ပွဲနဲ့လည်း ကမ္ဘာကို ကိုင်လှုပ်ခဲ့ပါတယ်။ လက်ရှိ နိုင်ငံတကာထောက်ခံမှုများနဲ့ လက်ရှိ အရွေ့တို့က ဦးသန်းရွှေ မအောင်မြင်ဘူးလို့ ကောက်ချက်ချရခက်အောင် ကောင်းစွာ ဟန့်တားပေး နိုင်တဲ့ အဓိက အကြောင်းတရားတွေထဲက တချို့ပါ။**

ဒီတော့ နိုင်ငံရေးအရ ဂိမ်းတစ်ခုကို အပိုင်အနိုင်ကစားနိုင်ခဲ့ပြီး အတိုက်အခံတို့ကိုလည်း တွန်းဖယ်ပစ်မယ်လို့ ထင်ရပေမယ့် နောက်ဆုံး Space တစ်ခုပေးပြီး လက်ကမ်းကြိုဆိုကာ လှလှပပ ရွှေ့ယူနိုင်ခဲ့ပါတယ်။ နှစ် ၂၀ ကာလလုံးလုံး အားလုံးရဲ့ဆန့်ကျင်ခံရမှုကို တစ်ခန်းရပ်စေခဲ့ပါတယ်။ အခုပလေယာသစ် (တပ်ချုပ်)ဟာ အခြေခံဥပဒေအရ သမ္မတက ခန့်အပ်တဲ့သူမဟုတ်သေးဘဲ ပလေယာအဟောင်းက အသွင်ကူးပြောင်းရေး ကာလမှာ စိတ်တိုင်းကျ ပခုံးပြောင်းပေးခဲ့သူဖြစ်ပါတယ်။ ပလေယာ အဟောင်း စိတ်တိုင်းကျတဲ့အရည်အသွေးများနဲ့ပြည့်စုံသူ (Selected Person) ဆိုတာ ယုံမှားသံသယဖြစ်ဖို့မလိုပါဘူး။ ဒီပလေယာသစ်က ဂိမ်းသစ်ကို သပ်သပ်ရပ်ရပ် ကစားနိုင်တယ်ဆိုတာကို အတိုက်အခံတို့ သတိပြုသင့်ပါတယ်။

**ဒီမိုကရေစီအတွက် ဖြေလျှော့ (Liberalize )ပေးထားတဲ့ အခုကာလ မှာ စနစ်သစ်နဲ့ လိုက်လျောညီထွေ တပ်ကို Reform လုပ်နေသူအဖြစ် မြင်ဖို့ လိုပါတယ်။ လာလတ္တံ့သော ဒီမိုကရေစီခေတ်မှာ တပ်ဟာ လိုက်လျော ညီထွေဖြစ်ဖို့ မဖြစ်မနေလိုအပ်တာကို တပ်ချုပ်(ပလေယာသစ်) က ကောင်းစွာသဘောပေါက်ပါတယ်။ ဘယ်တုန်းကမှ မရခဲ့တဲ့ လူထုရဲ့ အမြင် ကြည်လင်လာမှုကိုလည်း တစ်စတစ်စ တိုးတက်ရရှိအောင် စွမ်းဆောင်နိုင် သူဖြစ်ပါတယ်။ လူထုနဲ့ တစ်သားတည်းဖြစ်ရေးဟာ တပ်ရဲ့ မဟာဗျူဟာ ဖြစ်ပါတယ်။ လူထုနဲ့တစ်သားတည်းဖြစ်အောင် အားထုတ်နေခြင်းက ဒီမို ကရေစီကို တပ်က အမှန်တကယ်ယုံကြည်ချက်ရှိကြောင်းပြဆိုပါတယ်။ (ဒီမို ကရေစီကိုယုံကြည်ရင်တပ်က နိုင်ငံရေးက အခုချက်ချင်း ဖယ်ပေးပါလားလို့ ငြင်းလိုတဲ့သူများ ဒီဆောင်းပါးကိုဆက်မဖတ်သင့်ပါ။)**

ဂိမ်းသစ်ဆိုတာကတော့ လက်ရှိအခြေခံဥပဒေပေါ်အခြေခံတဲ့ ကြားဖြတ်ရွေးကောက်ပွဲ နောက်ပိုင်း နိုင်ငံရေးပါ။ ပြင်ဖို့ သစ်ဖို့ ငြင်းခုန်ခြင်း၊ လူထု ဆန္ဒတောင်းခံခြင်း၊ သမ္မတလောင်းများပေါ်ထွက်လာခြင်း၊ လွှတ်တော် များနဲ့ အုပ်ချုပ်ရေး အားပြိုင်မှုများစတဲ့ အရွေ့များက ဂိမ်းကို အသက် ဝင်စေပါတယ်။ ဒီမိုကရေစီသဘော ထင်ဟပ်သော အတိုက်အခံတို့ရဲ့ ကြိုးပမ်းမှုတွေကို တပ်က လိုက်လျောနေတာက အရင် ဂိမ်းဟောင်းမဟုတ် တော့ဘူးဆိုတာ ပြဆိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တပ်အနေနဲ့ အဓိက အတိုက်အခံနဲ့ နားလည်မှုများစွာမရနိုင်သေးသော်ငြား လူထုနဲ့ တပ်စည်း လုံးဖို့ကို ပိုအာရုံစိုက်ထားခြင်းက နိုင်ငံတော်ရှေ့ရေးဒီမိုကရေစီဖြစ်ထွန်းရေး အတွက် အလွန်ကောင်းမွန်တဲ့ အလားအလာများဖြစ်ပါတယ်။

ဒီတော့ အတိုက်အခံတို့ဟာ ဂိမ်းသစ်ကို ပလေယာဟောင်းများနဲ့ ဘယ်လိုပိုင်ပိုင်နိုင်နိုင်ဆက်ကစားကြမလဲဆိုတာကို သေသေချာချာလေ့လာ သုံးသပ်သင့်ပြီဖြစ်ပါတယ် ။ ကြားဖြတ်ရွေးကောက်ပွဲရဲ့ဟိုဘက်မှာ ကျန်ခဲ့တဲ့ ဂိမ်းဟောင်း (Revolution ) ကာလတုန်းက နည်းလမ်းတွေအတိုင်းဆက် မသုံးသင့်ဘူးထင်ပါတယ်။ ပလေယာသစ် ပေါ်လာခြင်းက အတိုက်အခံနဲ့ တပ်နားလည်မှုတည်ဆောက်နိုင်ရေး အထောက်အပံ့တစ်ခုဖြစ်ပါတယ်။ အားလုံးကို အသစ်က ပြန်စနိုင်ပါတယ်။ Vision အသစ် လိုအပ်ပါတယ်။ ဂိမ်းသစ်မှာ အင်အားမျှခြေလည်း ပြောင်းသွားတယ်ဆိုတာသတိပြုသင့်ပါ တယ်။ လူထုထောက်ခံမှုက မသိမသာ ရွေ့လျားပြောင်းလဲနေပါတယ်။ ဆိုလိုတာက ပြည်နယ်တွေက အတိုက်အခံကိုထောက်ခံတဲ့ပုံစံပြောင်းနေပါ တယ်။ လူထုထောက်ခံမှုက ပြန့်ကျဲထွက်နေပါတယ်။ တစ်ဦးတစ်ဖွဲ့တည်းကို ထောက်ခံနေတဲ့ပုံစံမဟုတ်တော့ပါဘူး။ တပ်ကိုထောက်ခံသူ၊ အစိုးရသစ်ကို ထောက်ခံသူ များပင် တိုးပွားလာနေပါတယ်။ အထူးသဖြင့်က တိုင်းရင်းသား တို့အပေါ်ထောက်ခံမှု တိုးပွားလာခြင်းပါပဲ။ ဒါလည်း ပြဿနာတစ်ခုမဟုတ်ဘဲ သီအိုရီအတိုင်း ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အဖြစ်ရှုမြင်နိုင်ရင် စိတ်ပူစရာ မရှိပါဘူး။

ဒီမိုကရေစီကိုဦးတည်တဲ့ ကောင်းမွန်ပြီးသဘာဝကျသော ရွေ့လျားမှု များသာဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိဂိမ်းသစ်က အဓိက အတိုက်အခံပါတီကြီး အနေနဲ့ tactic အသစ်တွေကို အပြင်းအထန်ရှာဖွေသင့်ပြီဆိုတာကို သတိ ပေးတဲ့ အရွေ့ဆိုတာ သတိပြုစေလိုပါတယ်။ မသိမသာရွေ့လျားပြောင်းလဲမှု ဖြစ်တဲ့အတွက် အတိုက်အခံတို့အနေနဲ့ ပေ့ါပေ့ါဆဆ သဘောထားနေတာမျိုး (သတိမမူမိတာမျိုး)လည်းရှိနိုင်ပြီး ဒီလိုသာအမှန်ဖြစ်နေရင် လက်တွေ့မှာ အောင်မြင်အောင် ဆက်လုပ်နိုင်ဖို့ အခက်အခဲတွေကြုံရနိုင်ပါတယ်။ ကျော ထောက်နောက်ခံ အင်အားမျှခြေများ၊ အပြောင်းအလဲကို စဉ်းစားမယ်ဆိုရင်



နိုင်ငံတကာထောက်ခံမှုကလည်း အရေးပါလှပါတယ်။ ကြားဖြတ်ရွေး ကောက်ပွဲမတိုင်ခင်ကာလနဲ့ လက်ရှိကာလတို့အကြား နိုင်ငံတကာအသိုင်း အဝိုင်းရဲ့ ပါဝင်ပတ်သက်မှုပုံစံ (ထောက်ပံ့ကူညီမှုပုံစံ)အကြီးအကျယ် ခြားနားသွားပါပြီ။ အစိုးရဘက်ကိုပဲ လုံးဝထောက်ခံလိုက်ပြီလို့ပြောရင် မမှန် ဘူးဆိုပေမယ့် အတိုက်အခံကိုချည်းသက်သက်ပဲ ထောက်ခံမှု ကူညီပုံစံလည်း မဟုတ်တော့ပါဘူး။ ဒါ့အပြင် လူထုထောက်ခံမှုလိုပဲ ပြန့်ကျဲထွက်လာနေ တာဖြစ်ပြီး အစိုးရ၊ အတိုက်အခံနဲ့ လူနည်းစု လူမျိုးစုများအကြား ထောက်ခံမှုကို မျှခြေရှိအောင် ဂရုတစိုက်ဆောင်ရွက်နေပါတယ်။ တဖြည်းဖြည်းနဲ့လည်း အစိုးရအပေါ် ထောက်ခံမှုပိုမိုပေးမယ့် အနေအထား သစ်ကို ရောက်လာနေတယ်လို့လည်း ခန့်မှန်းတွက်ချက်လို့ရပါတယ်။ ဒါက လည်း သဘာဝအတိုင်းဖြစ်ပျက်ခဲ့ခြင်းပါ။ ၂၀၁၀ မတိုင်ခင်အထိ အတိုက်အခံ အင်အားစုများကို ပံ့အောထောက်ခံခဲ့၊ ပံ့ပိုးကူညီခဲ့ပေမယ့် နိုင်ငံတကာအနေနဲ့ လေလွင့်ဆုံးရှုံးမှုများကိုသာ ကြုံတွေ့ခဲ့ရပါတယ်။

**နိုင်ငံတကာဖိအားသုံးပြီး တပ်ဘက်ကပလေယာအဟောင်းရဲ့ ရည်မှန်းချက်ကို ဖြိုဖျက်နိုင်မယ်၊ အတိုက်အခံတို့ လိုချင်တဲ့ပုံစံကို တည် ဆောက်နိုင်မယ်လို့ ပြည်တွင်းကရော ပြည်ပကပါ ယုံကြည်ခဲ့ကြတာပါ။ နိုင်ငံတကာအနေနဲ့ အချိန်ကာလများ၊ ငွေကြေးဆိုင်ရာအထောက်အပံ့များ အကြီးအကျယ်ဆုံးရှုံးခဲ့ပါတယ်။ အဆိုးဆုံးက (အကြီးမားဆုံး ဆုံးရှုံးမှုက မဟာဗျူဟာ ကျဆုံးခြင်း (Falure of Strategy) ဖြစ်ပါတယ်။ အဲဒီ ဆုံးရှုံးမှု နောက်ဆက်တွဲကြောင့် တရုတ်တို့ လက်ဦးမှု(Initiative) ကိုပိုင်ဆိုင်သွား စေခဲ့ပါတယ်။ ဝိုင်းပိတ်ဖို့ကြိုးစားခံနေရတဲ့ မြန်မာကို မဟာမိတ်အဖြစ် တရုတ်က ရရှိသွားစေခဲ့ပါတယ်။ ဒီတော့ အဲဒီကာလရဲ့သင်ခန်းစာအပြောက် အမြားကို သူတို့အရယူခဲ့ပါတယ်။ လက်တွေ့အလုပ်ဖြစ်ရေးနည်းလမ်းကို သူတို့ ရွေးပါတယ်။ မဟာဗျူဟာအပြောင်းအလဲကို အကြီးအကျယ်လုပ် လိုက်ပါတယ်။ ဂိမ်းသစ်ကို လက်ခံလိုက်တဲ့ နိုင်ငံတကာဟာ ပလေယာသစ်ကို အတိုက်အခံပလေယာဟောင်းများနဲ့ တန်းတူ ယုံကြည်မှု ထားလိုက်ပါပြီ။ ပလေယာအားလုံးကို မျှမျှတတ အားပေးကူညီရင်း နိုင်ငံတကာဟာလည်း အပြောင်းအလဲကို ခိုင်မာဖို့အတွက် လက်တွေ့ကျတဲ့အနေအထားကို ပို အာရုံစိုက်လာနေပါတယ်။ ဒီတော့ အတိုက်အခံတို့ အနေနဲ့ ငါတို့ဘက်မှာ လူထုနဲ့ နိုင်ငံတကာထောက်ခံမှုအပြည့်အဝရှိတယ်ဆိုတဲ့ အယူအဆကို ကိုင်ပြီး ဂိမ်းဟောင်းအတိုင်းဆက်သွားနေလို့မဖြစ်နိုင်တော့ပါဘူး။**

ဒီထက်ပိုအရေးပါပြီး အတိုက်အခံတို့ သေချာပေါက်ထည့်သွင်းစဉ်း စားသင့်တဲ့အချက်ကတော့ အင်အားမျှခြေကို အခုအတိုင်းဆက်ထိန်းမထား နိုင်ရင် တစ်ဖက်စောင်းနင်းအနေအထားအထိ ပြောင်းလဲသွားနိုင်တယ်ဆို တာပါ။ လူထုထောက်ခံမှု အင်အားရောနိုင်ငံတကာအထောက်အပံ့ရောဟာ တန်းတူအရေးပါ ပါတယ်။ နောက် ရွေ့လျားပြောင်းလဲနေဆဲဖြစ်ပါတယ်။ လူထုဟာ မျက်လုံးစုံမှိတ်ထောက်ခံတဲ့သဘောထားကနေ ပြောင်းလဲရွေ့လျား နေပါတယ်။ တိုင်းရင်းသားတို့ဟာ သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်း များဆီ ထောက်ခံမှုကို ပြောင်းပေးဖို့ အဆင်သင့်ဖြစ်လာနေကြပါပြီ။ သက် ဆိုင်ရာတိုင်းရင်းသားခေါင်းဆောင်များ၊ပါတီများကလည်း လူထုထောက်ခံမှု ကိုရအောင် နည်းလမ်းတကျ ကြိုးပမ်းအားထုတ်နေကြပါတယ်။ လူနည်းစု လူမျိုးစုအခွင့်အရေးကို ဦးစားပေးစဉ်းစားလေ့ရှိတဲ့ နိုင်ငံတကာက အစိုးရ ကို ပံ့အောထောက်ပံ့တာမျိုး မဖြစ်နိုင်ပေမယ့် တိုင်းရင်းသားတို့ကို ပိုပြီး အာရုံစိုက် ကူညီတာမျိုးဖြစ်လာနိုင်ပါတယ်။ (တိုင်းရင်းသားပါတီများပေါင်း စည်းပြီးတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရွေးကောက်ပွဲဝင်မယ့် အစီ အစဉ်သစ်ဟာ အတိုက်အခံပါတီကြီးနဲ့ အာဏာရပါတီတို့အတွက်(၂၀၁၅ မှာ မဟုတ်ရင်တောင် ၂၀၂၀မှာ) ကြီးမားတဲ့စိန်ခေါ်မှုဖြစ်လာနိုင်ရုံမက နိုင်ငံ တကာကိုလည်း စိတ်လှုပ်ရှားမှု ဖြစ်ပေါ်စေနိုင်မှာ အသေအချာပါ။

**ဒါဟာ ဒီမိုကရေစီအတွက်စဉ်းစားရင် အားတက်စရာဖြစ်ပါတယ်။ နောက်နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုလုံးကလည်း ပလေယာအားလုံးကို မျက်လုံးဒေါက်ထောက်ကြည့်နေပါတယ်။ အမှန်တရားဘက်ကလိုက်မယ်လို့ ပြောလို့ရပေမယ့်အကျိုးစီးပွားနဲ့ ချိန်ထိုးမှာဖြစ်ပါတယ်။ Global Economic and Political Strategy က ဒီနေရာမှာ အရေးပါလာနေတယ်ဆိုတာ သတိပြုပါ။ အိုင်ဒီယော်လော်ဂျီခေတ်ကုန်လုလုဖြစ်နေပြီ ပထဝီနိုင်ငံရေးဟာ ခေတ်သစ်ကမ္ဘာ ပါဝါချိန်ခွင်လျှာညှိတဲ့ကိစ္စမှာ ဒီမိုကရေစီစစ်စစ် အမြန်ပေါ် ထွန်းရေးထက် ပိုပြီးဦးစားပေးစဉ်းစားခြင်းခံနေရပါပြီ။ မြန်မာနိုင်ငံဟာ အာရှနဲ့ တောင်အာရှရဲ့ ဗဟိုဖြစ်တယ်၊ လူဦးရေအများဆုံးနိုင်ငံကြီးနှစ်ခုနဲ့ အာဆီယံတို့ရဲ့ အရေးပါတဲ့ဆုံချက်ဖြစ်တယ်။**

အမေရိကကို ပါဝါချင်းလိုက်ယှဉ်ရုံမက ကျော်တက်ဖို့ကြိုးစား နေတဲ့ တရုတ်နိုင်ငံနဲ့ နယ်နိမိတ်အရှည်ကြီး ထိစပ်နေရုံမက ခိုင်မာတဲ့ဆက်ဆံရေး လည်းရှိတယ်ဆိုတဲ့အချက်တွေကို နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုလုံးက မဖြစ်မနေအလေးအနက်ထားနေရပါပြီ။ ဒီတော့ ဒီမိုကရေစီမြန်မြန်လုပ်ပါ မလုပ်ရင် ခင်ဗျားတို့ကိုပိတ်မယ်ဆိုတာမျိုး ဘယ်နိုင်ငံကမှ လက်တွေ့မှာ ထိထိရောက်ရောက် လုပ်မယ့်အနေအထားမရှိတော့ပါဘူး။ နိုင်ငံတကာ အနေဟာ အစိုးရနဲ့ စီးပွားရေးအရ ခိုင်မာစွာစည်းနှောင်ထားမှုကို ပိုပြီး ထက်သန်လာနေတာဖြစ်ပါတယ်။ ဒါကို အတိုက်အခံ (ပလေယာဟောင်းတို့) အသိအမှတ်မပြုရင်တောင်မှ ပလေယာသစ်က ကောင်းကောင်းနားလည် သဘောပေါက်ထားပါတယ်။ ဒီတော့ လက်ရှိအခြေအနေကနေရှေ့ကိုတိုးဖို့ နှေးကောင်းနှေးနေနိုင်ပေမယ့် ဆုတ်ယုတ်သွားအောင်တော့ ပလေယာသစ် က ဘယ်တော့မှလုပ်မယ် မဟုတ်ပါဘူး။ ဒီလိုထိန်းထားနိုင်ရင်ပဲ ပလေယာ သစ်ရဲ့အန္တိမရည်မှန်းချက် (တာဝန်) ဖြစ်တဲ့ တည်ငြိမ်စွာတိုးတက်ဖွံ့ဖြိုးရင်း ဒီမိုကရေစီသို့ ရွေ့လျားရေးကို ပိုင်နိုင်စွာ အကောင်အထည်ဖော်နိုင်တော့ မှာဖြစ်ပါတယ်။

**အခြေခံဥပဒေဟာ ပလေယာသစ် အောင်မြင်အောင်ဆောင်ရွက် နိုင်ဖို့ကို အာမခံချက်ပေးထားပါတယ်။ ဆိုလိုတာက တိုင်းပြည်ဖွံ့ဖြိုးတိုး တက်ရေး၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးအတွက် ကြိုးစားရင် ဒီမိုကရေစီအရောက် ရွေ့ယူသွားမယ်လို့ ရည်မှန်းသူ ပလေယာ အားလုံး အောင်ပွဲဆင်ပါလိမ့်မယ်။ အခုချက်ချင်းဒီမိုကရေစီပေး (အခြေခံဥပဒေကို ဒီမိုကရေစီနဲ့ကိုက်ညီအောင် အခုချက်ချင်းပြင်) ဆိုတဲ့ နည်းလမ်းကို ဆုပ်ကိုင်ထားသူ ဘယ်ပလေယာမဆို အောင်မြင်မှုနဲ့လွဲပါ လိမ့်မယ်။ ကြားဖြတ်ရွေးကောက်ပွဲနောက်ပိုင်းမှာ တပ်ဘက်က အခြေအနေ တောင့်တင်းခိုင်မာနေပြီး အတိုက်အခံတို့ဘက်က နည်းဗျူဟာအပြောင်းအလဲ မလုပ်နိုင်သေးတာကြောင့် ထောက်ခံမှု မျှခြေ အပြောင်းအလဲကြောင့် ခက်ခဲ လာနေတာတွေ့ရပါတယ်။ အတိုက်အခံတို့ အဓိက အာရုံစိုက်သင့်တာကတော့ အပြောင်းအလဲရဲ့ အရှိန်အဟုန်ကိုလက်တွေ့ကျကျထိန်းညှိရန်ကြိုးပမ်းဖို့ပါ။ တပ်က သတ်မှတ်ထားတဲ့ အရှိန်နှုန်းထားကိုပဲ လက်ခံလိုက်ဖို့မဟုတ်ပါဘူး။ ယုံကြည်မှုကိုတည်ဆောက်နိုင်အောင်ကြိုးပမ်းပြီး အရှိန်အဟုန်ကို ပလေယာ အားလုံးစိတ်တိုင်းကျ ထိန်းညှိနိုင်ဖို့ဖြစ်ပါတယ်။ သေချာတာကတော့ ဘယ် ပလေယာမဆို လူထုနဲ့နိုင်ငံတကာရဲ့ ထောက်ခံမှုဆိုတဲ့ အထောက်အပံ့ အင်အားက ရွေ့လျားပြောင်းလဲနေတာနဲ့အညီ လိုက်ပါရွေ့လျားနိုင်ပါမှ အောင်ပွဲခံနိုင်မှာဖြစ်ပြီး ဂိမ်းဟောင်းအတိုင်းဆက် တွန်းနေကြရင် တဖြည်းဖြည်း ဂိမ်းရဲ့ပြင်ပကိုရောက်သွားနိုင်တယ်ဆိုတာပါပဲ။**

ဒီမိုကရေစီလိုလားသူတိုင်းအောင်ပွဲခံသင့်တာဖြစ်လေတော့ အားလုံး ဟာ ပကတိအခြေအနေနဲ့ လိုက်လျောညီထွေ လိုက်ပါဆောင်ရွက်နိုင်ကြစေ လိုရန် ရည်ရွယ်ရင်း ဖြစ်ပါတယ်။ သီအိုရီသစ် ဆိုတာကတော့ ဖြစ်ပေါ်လာ လတ္တံ့သော ဒီမိုကရေစီတည်ဆောက်ရေး မြန်မာ့မော်ဒယ်လ်သစ် (New model of Myanmar democratization ) ဖြစ်ပါတယ်။ သမ္မတအိုဘားမား က မြန်မာနိုင်ငံသမိုင်းဝင်ခရီးကို အသုံးပြုပြီး အနောက်ကမ္ဘာရဲ့မဟာဗျူဟာ အပြောင်းအလဲကိုအချက်ပြရင်း ပလေယာသစ်နဲ့ ဂိမ်းသစ်ကို အသိအမှတ် ပြုခဲ့ပါတယ်။ 'မြန်မာနိုင်ငံ မင်္ဂလာပါ' ဆိုတဲ့ နှုတ်ခွန်းဆက်စကားနဲ့ 'ဇရာဝတီ' ဆိုတဲ့ စကားလုံးတို့ကို ပီပီသသ ကြိုးစားရွတ်ဆိုရင်း အနောက်နဲ့ မြန်မာ ဆက်ဆံရေးသမိုင်းသစ်ဖွင့်ခဲ့ပါတယ်။ လက်ရှိ ရွေ့လျားမှုများခရီးတစ်ခု ပေါက်ရင် ဒီမိုကရေစီများအတော်အသင့် ဖြစ်ထွန်းလေမလားဆိုတဲ့ ရင်ခုန်မှု နဲ့ နိုင်ငံရေးဆရာတို့နဲ့ ကူညီပံ့ပိုးသူများက ဂိမ်းသစ်နဲ့ ပလေယာအားလုံးကို စောင့်ကြည့်ရင်း၊ ထိန်းကျောင်းရင်း ကူညီရင်း ဝိုင်းတွန်းနေကြပါပြီ။ အခု ပလေယာအားလုံးရဲ့ ဂိမ်းသစ်ဟာ မြန်မာတို့တွက်ချက်နေတဲ့ သမိုင်းမှာ မရှိခဲ့ဖူးတဲ့ ခေတ်သစ်ဒီမိုကရေစီတည်ဆောက်ရေးပုစ္ဆာသစ်ပါပဲ။

**အာဏာရှင်လို့ သတ်မှတ်ထားတဲ့ ပလေယာဟောင်းက အများစု ထင်မှတ်မထားတဲ့ အာဏာလွှဲပြောင်းပေးမှုနဲ့ စတင်လိုက်တဲ့ ဂိမ်းသစ်ဟာ နိုင်ငံရေး အပြောင်းအလဲ မော်ဒယ်လ်သစ် သီအိုရီတစ်ခုထွက်ပေါ်လာရေး အခြေခံအကြောင်းတရားတစ်ခုဖြစ်ခဲ့ပါတယ်။ ဒီပုစ္ဆာရဲ့အဖြေကိုရတဲ့နေ့ဟာ နိုင်ငံရေးအရ Reform သီအိုရီသစ်ကို ဖော်ထုတ်မှတ်တမ်းတင်နိုင်တဲ့နေ့ ပဲ ဆိုတာ အသေအချာပါ။**

ပိုက်တင်

# ဒေါ်အောင်ဆန်းစုကြည်၊ မဟာဗျူဟာနှင့် အာခီလိခ်ဖနောင့်များ

သန်းစိုး (ဘောဂဗေဒ)

ယခုဆောင်းပါးသည် တစ်ဦးတစ်ယောက်အတွက် သီးသန့်ရည်စူးသည် ဆိုသော်လည်း အများပြည်သူအားလုံးနှင့်လည်း သက်ဆိုင်ပါသည်။ နိုင်ငံရေး၏ ဖြစ်တန်ခြေများကို မဟာဗျူဟာလမ်း (Strategy Way) ရှေးကြ ရာတွင် လူထုက အခင်းအကျင်း၊ ဘယ်လောက် နားလည်သနည်း၊ သို့မဟုတ် ဒီမိုကရေစီ၏ ကြန့်အင်လက္ခဏာများကြောင့်ဖြစ်လာနိုင်သော ကံကြမ္မာနှင့် ပုံသဏ္ဌာန်မှာ မည်သို့ဖြစ်လာနိုင်ခြေရှိသည်ကို တွက်ဆထားရန် လိုအပ်ပါ သည်။ ရှင်းရလျှင် (၁) ယခုမျိုးဆက်များနှင့် ယခင်လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီ အလေ့အထ မည်မျှထွန်းကားကိန်းဝပ် ခဲ့ပါသနည်း၊ (၂) နိုင်ငံ၏ စီးပွားရေးကိုင်လုပ်နိုင်သော ပါဝါနှင့် နိုင်ငံရေးကို ကစားနိုင်သော အခွင့်အာဏာမှာ မည်သူ့လက်ထဲတွင် အများဆုံးရှိပါ သနည်း။ (၃) မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အဦ (Economic Structure) အားပြန်လည်ပုံဖော်ရာတွင် ဦးဆောင်နိုင်စွမ်းရှိသူများက မည်သည့်လူတန်းစားများဖြစ်သနည်း။ (၄) စီးပွားရေးဖွံ့ဖြိုးမှုနှင့် နိုင်ငံရေး အချိတ်အဆက်ကို မည်သည့်အတိုင်း အတာအထိ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရနေပါသနည်းနှင့် (၅) ဒီမိုကရေစီဘက်တော်သားများဟု ဆိုသူများ၏ အင်အား၊ ပါဝါ၊ စုစည်းမှု၊ စွမ်းဆောင်ရည် အခြေအနေကား မည်သို့ နည်းဆိုသည့် ပေးထားချက်များ အပေါ်တွင် အဖြေရှာကြည့်ရန်လိုအပ်ပါသည်။

**နိုင်ငံရေးကို နောကျေအောင်သိရန်မလိုဟု ဆိုသော်လည်း ခံစားမှုများ၊ မွတ်သိပ်နာကြည်းမှုများ၊ တန်ပြန်စိတ်ဓာတ်များကား နိုင်ငံရေးဖြေဆေးမဟုတ်ပေ။ ထို့ကြောင့် လူထုတွင် နိုင်ငံရေးမဟာဗျူဟာမရှိဆိုသော်လည်း မိမိယုံပြိုင်ရမည့်သူကား မဟာဗျူဟာချပြီး ကစားနေပါသလော၊ မဟာဗျူဟာရှိပါသလော၊ နည်းဗျူဟာ ရှိပါ၏လောကို ခွဲခြမ်းစိတ်ဖြာရန် လိုအပ်လာခြင်းဖြစ်သည်။ ဖြစ်တန်စွမ်းသောမဟာဗျူဟာ၊ နည်းဗျူဟာများကို မည်သည့်အချိန်ထိ ကစားမည်နည်း၊ ထိုဗျူဟာမျိုးစုံအတွက် နိုင်ငံရေးမျှော့ကြိုးကို မည်သို့မည်ပုံ အလျှော့အတင်းလုပ်နေသနည်း၊ ဆိုသည်မှာ ဖြစ်ရပ်များ၊ လုပ်ရပ်များ၊ အချိန်ကိန်းစဉ်များ၊ ဟန့်လုံးနှင့်ထွင်လုံးများ၊ အပေးအယူများ (Give and Take)၊ အချိန်အဆများ၊ ကွက်တိဖြစ်မဖြစ် ဆန်းစစ်နိုင်မှသာလျှင် မိမိတို့ခြေလှမ်းနောက်မကျမည်ဖြစ်သည်။**

## အခင်းအကျင်းနှင့် မက်လုံး

ဤသို့ နိုင်ငံရေးရုပ်ပြောင်းရုပ်လွှဲနည်းဗျူဟာများကြောင့် လူထုနှင့် အချို့နိုင်ငံရေးစိတ်ဝင်စားသူများပင် Sector Approach များအပေါ်တွင် ယိုင်ခဲ့ကြသေးသည်။ စီးပွားရေးအကွက်ဖော်ရာ၌လည်း ကျမ်းရိုးဘောဂဗေဒဖခင် အဒမ်စမစ်၏ မမြင်ရသောလက် (Invisible Hand) ထက်ပင် လက်စောင်းထက်နေကြသည်။ လူမှုရေးမျက်နှာစာကား ပုဒ်မအချို့မှလွဲပြီး မူဝါဒအခင်းအကျင်းကို ပုံပြောင်းနေခြင်းအပေါ် အချို့ကား ယစ်မူးနေကြပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ယခုအခင်းအကျင်းများမှ ဖြစ်ပေါ်လာသော လူထု၏ နိုင်ငံရေးစိတ်ဝင်စားမှု ရေချိန်ဒီဂရီများကြောင့် ထိုဝှက်ဖဲသုံးချပ်ကို မည်သို့ကစားမည်ကို စောင့်ကြည့်ရေးက အချက်အချာကျလာသည်။ ဂရိလူစွမ်းကောင်း အာခီလိခ်၏ ဖနောင့်ဖြစ်နေသလို လူထုလက်ထဲတွင်ပေးနိုင်သော ဆန္ဒမဲရှိနေသည်။ ဂရိလူစွမ်းကောင်း အာခီလိခ်၏ အားနည်းချက်မှာ တစ်ကိုယ်လုံးတွင် ဖနောင့်တစ်နေရာတည်းကို ထိခိုက်နိုင်မှသာ အနိုင်ယူနိုင်မည့်ဥပမာဖြစ်သည်။

**ပူပင်မိသည်မှာ လူထုကလိုလားလျက်ရှိသော အတိုက်အခံနိုင်ငံရေးသမားများ အနိုက်မိသွားမည်ကို စိုးရိမ်ခြင်းဖြစ်သည်။ ၂၀၁၅ အလွန် နိုင်ငံရေးကို ခန့်မှန်းကြရာတွင် ဖြစ်လာမည်ကစားပွဲကား Fair Game ဖြစ်မဖြစ်ကို မည်သူမျှ အာမခံမနိုင်။ ဤတွင် ဖြစ်လာနိုင်ခြေရှိသော အရေးအကြီးဆုံး ဝှက်ဖဲသုံးချပ်ကား (၁) တစ်တိုင်းပြည်လုံးအနှံ့ဖြစ်ပေါ်နေသော မြေယာ၊ လယ်ယာ အကျပ်အတည်းကို မည်သို့မည်ပုံဖြေရှင်းမည်နည်း၊ (၂) ကျေးလက် လယ်ယာ လူ့အဖွဲ့အစည်းနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်အရ အသေးစား ချေးငွေ (Microfinance) ပရောဂျက်များ၏ နောက်ကွယ်တွင် ကား မည်သို့နည်း။ (၃) တစ်စတစ်စ အသံထွက်လာသော မျိုးစောင့်ဥပဒေဖြင့် ပုံဖော်လာနိုင်ခြေရှိသော အမျိုးဘာသာ၊ သာသနာ နိုင်ငံရေးအခင်းအကျင်း၏ နောက်ဆက်တွဲကား မည်သည့်အရာဖြစ်မည်နည်း ဆိုသည်ကို ဖြေရှင်းရန်ဖြစ်လာသည်။**

**ဆိုခဲ့ပါ မေးခွန်းသုံးခု သို့မဟုတ် နိုင်ငံရေးဝှက်ဖဲသုံးချပ်၏ နောက်ကွယ်တွင် လူထုကပေးမည့်မဲများ ရှိနေသောကြောင့်ဖြစ်သည်။ ပညာရေးချိန်ကား မည်သို့ပင်ရှိရှိ ထိုအခင်းအကျင်းသုံးခု၏ ဆုံချက်အဖြေသည် ကျပ်တည်းမှုများဖြင့် ပြည့်လျှံနေသော မြန်မာပြည်သူလူထုနှင့် အနီးကပ်ဆုံးတွင် ရောက်ရှိနေသောကြောင့်ဖြစ်သည်။ မြန်မာပြည်သူလူထု၏ အနီးစပ်ဆုံးအကျပ်အတည်းကား နိုင်ငံရေးမဲဆွယ်မှု သို့မဟုတ် ထောက်ခံမဲများအဖြစ် ပုံပြောင်းသွားနိုင်သည်ကို ကံသေကံမ မပြောနိုင်သော်လည်း လျှော့တွက်ရန်မဖြစ်နိုင်ပေ။**

ထို့ကြောင့် ပြဋ္ဌာန်းချက်များကို ပြန်ဖော်ရန်လိုလာသည်။ ပထမမှာ တည်ဆဲအာဏာသုံးရပ်စလုံး၏ ပွဲကိုင်ရှင်များသည် မည်သည့်ပါတီနှင့် နီးနီးကပ်ကပ်ရှိပါသနည်း။ အဆုံးစွန်ဆုံး မည်သည့်ပါတီကို သစ္စာခံခဲ့ကြသနည်း ဆိုသည်ကို လေးနက်စွာစဉ်းစားပါက အဖြေရှင်းစွာ ထွက်လာမည်ဖြစ်သည်။ ဆိုရလျှင် ဖားတစ်ပိုင်းငါးတစ်ပိုင်းမဟုတ်၊ ကျောချင်းကပ်နေသူများဖြစ်သည်။ ထို့ကြောင့် အစိုးရ၏ မူဝါဒတချို့တလေသည် ပါတီနိုင်ငံရေးအတွက် မဲဝယ်နိုင်ရန် မက်လုံးပေးလိုက်ခြင်း ဖြစ်တန်ရာသည်။ ဆိုရလျှင် အဆိုပါပေါ်လစီကစားကွက်များကား လူထု၏အကျပ်အတည်းနှင့် အနီးစပ်ဆုံးရှိနေသော သော့ချက်ကို ကိုင်လိုက်ခြင်းကြောင့် ထွက်လာနိုင်ခြေရှိသောမဲများကို အပိုင်သိမ်းသွားနိုင်မည်ဖြစ်သည်။ သို့မဟုတ် ထိုဂိမ်းများကိုကစားရန် မိမိတို့တွင်လည်း လုံလောက်သောအချိန်အတိုင်းအတာ မည်မျှရှိပါသနည်း။ သို့မဟုတ် ထိုဂိမ်းကို နိုင်ငံရေးပါတီများအားလုံးကစားရန် ဖော်မြူလာချပေးလိုက်မည်။

## မဟာဗျူဟာနှင့် အာခီလိခ် ဖနောင့်များ

သမဝါယမချေးငွေ၊ လယ်ယာမြေယာအကျပ်အတည်း၊ မျိုးစောင့်ဥပဒေများကို ပိုင်းခြားစိတ်ဖြာရပါလိမ့်မည်။ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၀,၀၀၀ ကျော်ရှိသည်။ မြို့ပေါင်း ၃၀၀ ကျော်ရှိသည်။ လွန်ခဲ့သောလများက သမဝါယမချေးငွေဖြင့် မြန်မာပြည်အနှံ့ အသေးစားချေးငွေစီမံကိန်းကို တရုတ်ချေးငွေ ဒေါ်လာသန်းတစ်ရာဖြင့် စတင်မည်ဟု သမဝါယမဝန်ကြီး ဦးကျော်ဆန်းက ပြောကြားခဲ့ပြီးဖြစ်သည်။ ၁၈ အောက်တိုဘာ ၂၀၁၃ တွင် နောက်ဆုံးလက်မှတ်ထိုးပွဲကို မြန်မာဘက်မှ ချေးငှားသူအဖြစ် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) က ဦးဆောင်ပြီး တရုတ်ဘက်တွင် အဆိုပါဘဏ်မှ ကိုယ်စားလှယ် ဦးဆောင်သည်။ ချေးယူသည့်ပုံစံသည် တရုတ်ယွမ်များကို နိုင်ငံခြားကုန်သွယ်မှုဘဏ်ထဲသို့ သည်အတိုင်းထည့်၍မရ။ ဤတွင် တရုတ်ယွမ်များကို ကျေးလက်ချေးငွေအဖြစ်ပုံပြောင်းနိုင်သော တရုတ်လုပ်လယ်ထွန်စက်၊ လက်တွန်းစက်၊ မော်တော်ဆိုင်ကယ်၊ စပါးခြွေလှေ့စက်၊ ရေတင်စက်များ၊ စသည့် လယ်ယာစက်မှုသွင်းအားစုများကို ဒေါ်လာဖြင့် တွက်ချက်ကာ နိုင်ငံခြားကုန်သွယ်မှုဘဏ်ထဲသို့ ပုံပြောင်းမည်ဖြစ်သည်။ ယခုလည်း ကျေးလက်ဖွံ့ဖြိုးရေးဘဏ်များ၏ အစီအစဉ်ဖြင့် လယ်ယာသွင်းအားစုစက်ကိရိယာများ ပေးအပ်ပွဲများကို အစိုးရမီဒီယာများတွင် တွေ့လာရသည်။

မြို့ပြချေးငွေကို မည်သို့ပုံပြောင်းနိုင်သနည်းဆိုလျှင် တက္ကစီများ၊ ဆိုက်ကားများ၊ အပ်ချုပ်စက်များ၊ ထော်လာဂျီများ၊ မော်တာစက်များ၊ စက်ဘီး၊ ဆိုင်ကယ်များအဖြစ် မြို့ပြချေးငွေများကို ဒေါ်လာဖြင့်တွက်ချက်ကာ နိုင်ငံခြားဘဏ်တွင် ထည့်သွင်းခြင်းဖြစ်သည်။ ထို့အတွက် သမဝါယမချေးငွေ၊ အသေးစားချေးငွေစီမံကိန်းကား ကျေးလက်အိမ်ထောင်စု ၆၀,၀၀၀ ကျော်၏ ကျေးလက်မဲများကို အပိုင်ဝယ်သွားနိုင်သည်။ မြို့ပြပေါင်း ၃၀၀ ကျော်၏ မြို့ပြမဲများ အလိုလိုရသွားနိုင်မည်ဖြစ်သည်။ ယခုပဉ္စမအကြိမ်မြောက် အစိုးရဘဏ္ဍာတောင်းခံခြင်း နောက်ဆက်တိုးစာရင်းတွင် သမဝါယမဝန်ကြီးဌာနက တောင်းဆိုထားသောရန်ပုံငွေက အများဆုံးဖြစ်နေသည်ကို တွေ့ပါလိမ့်မည်။ ထို့ကြောင့် သမဝါယမချေးငွေ၊ အသေးစားချေးငွေလုပ်ငန်းဖြင့် မဲဝယ်ရန် လိုအပ်နေသောငွေများ၊ မြန်မာငွေကျပ် ၆၀၀ ဘီလီယံနှင့် ၃ ထရီလီယံကြား (အမေရိကန်ဒေါ်လာ ၆၃၀ သန်းနှင့် ၃ ဒသမ ၁၅ ဘီလီယံကြား) ဖြစ်သည်။ ယခု ပဉ္စမအကြိမ် ကျင်းပလျက်ရှိသော ပြည်ထောင်စုလွှတ်တော် ၂၄ ရက် (ကြာသပတေး)နေ့ အစည်းအဝေး၌ ဆိုင်းငံ့လိုက်သည့် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့်သဝဏ်လွှာတွင် အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၁ သန်းနှင့် ညီမျှသောယွမ်ငွေဖြင့် မော်လမြိုင်တွင် ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးဆိုသည့် အကြောင်းအရာသည် တရုတ်ပစ္စည်းကို ယွမ်ငွေဖြင့်တန်ဖိုးဖြတ်ကာ ဒေါ်လာဖြင့်တွက်ချက်ပြီး မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်မှ စာရင်းဖွင့်လှစ်ကာရောင်းချသည့် ဖြစ်စဉ်သည် ထိုဥပမာကောင်းပင်ဖြစ်သည်။ ထိုချေးငွေကို ယခုတရုတ်ဆီမှရပြီး ကျန်ငွေကိုဖြည့်ရန် စိုင်းပြင်းနေခြင်းဖြစ်ဟန်တူသည်။ အစိုးရနှင့် အာဏာရပါတီက ကျောချင်းကပ်ထားသဖြင့် ပြိုင်ဘက်များ ဤပြိုင်ပွဲကို မည်သို့ဝင်ကြမည်နည်း။

**ဒုတိယဖြစ်နိုင်ခြေရှိသော မဲမက်လုံးမှာ လယ်ယာမြေအကျပ်အတည်းကို အစိုးရနှင့်လွှတ်တော်က တစ်နှစ်အတွင်းဖြေရှင်းပေးမည်ဟု အသံလွှင့်ထားခြင်းနှင့် ဆက်စပ်နိုင်သည်။ မြေသိမ်း၊ ယာသိမ်းနှင့် အဆောက်အအုံသိမ်း ဖြစ်စဉ်များကြောင့် အစိုးရရုပ်ထွက်မကောင်းဖြစ်နေသည်ကို အားလုံးအသိဖြစ်သည်။ တိုင်စာပေါင်း ၇၄၅ စောင်ရှိရာ၌ တပ်မတော်နှင့်သက်ဆိုင်သည့် တိုင်စာပေါင်း ၅၆၅ စောင်၊ မြို့ပြတိုးချဲ့ရေးနှင့် စက်မှုဇုန်တိုးချဲ့ရေးများအတွက် တိုင်ကြားစာပေါင်း ၆၃ စောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းနှင့် နိုင်ငံတော်စီမံကိန်းများအတွက် သိမ်းဆည်းတိုင်ကြားစာပေါင်း ၁၁၇ စောင်ဖြစ်သည်။ ထို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၏ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သက်ဆိုင်ရာအဖွဲ့တို့က တစ်နှစ်အတွင်း ဖြေရှင်းဆောင်ရွက်ပေးရန် စီစဉ်လာသည်ကို တွေ့ရသည်။ အဆိုပါကော်မတီများ၊ ကျေးလက်နှင့် မြို့ပြမြေယာစီမံခန့်ခွဲရေးအဖွဲ့များ၊ ဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်သူများကား မည်သည့်ကျောထောက်နောက်ခံများ ဖြစ်ကြပါသနည်း။ မြန်မာပြည် မြေယာ၊ လယ်ယာသိမ်းဆည်းမှုများမှာ တိုင်စာပေါင်း ၇၀၀ ကျော် ဆိုသော်လည်း ဇရိယာဖြင့်ပုံဖော်ပါက တစ်ပြည်လုံးအတိုင်းအတာနှင့် ဖြစ်ပေသည်။ လူဦးရေသိပ်သည်းသော ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးတို့၏ လူဦးရေ အချိုးအစားမှာ မြန်မာပြည်လူဦးရေ တစ်ဝက်ခန့်ရှိသည်။ ကျန်ရှမ်းပြည်နယ်၊ ကချင်၊ ကရင်၊ မကွေးတိုင်းဒေသကြီးနှင့် အခြားဒေသအချို့မှာ အနည်းငယ်သာဖြစ်သည်။ ယခုပင် အချို့ပါတီများ သည် တစ်ပြည်လုံးအနှံ့ ဖြစ်ပေါ်ခဲ့သော မြေသိမ်း၊ ယာသိမ်း ကိန်းဂဏန်းများ စုဆောင်းနေသည်ကို ကြားသိရပြီးဖြစ်သည်။ ထိုမြေသိမ်း၊ ယာသိမ်းဖြစ်စဉ်များကို အာဏာရပါတီက တစ်နှစ်အတွင်း ဖြေရှင်းပေးလိုက်ခြင်းဖြင့် ဖြစ်လာနိုင်ခြေရှိသောမဲများကို လက်လွှတ်ခံမည်မဟုတ်ပေ။ ယခုမှ ပွင့်လင်းလူ့အဖွဲ့အစည်း၊ နိုင်ငံရေးပါတီများကား မည်မျှစွမ်းစွမ်းတမံ ဖြေရှင်းနေကြပါသနည်း။**

ယခုနောက်ဆုံးထွက်လာသော Issues မှာ များစွာထိခိုက်ကဲ့ရဲ့လွယ်သောကြောင့် သိမ့်မွေ့စွာ ချဉ်းကပ်လာခြင်းလည်း ဖြစ်တန်ရာသည်။ ယခင်ကာလများက ဖြစ်ပွားခဲ့သော ရခိုင်အကျပ်အတည်း၊ မိတ္ထီလာပဋိပက္ခများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်မဖြစ်နိုင်ဟု စီးပွားရေးသုံးသပ်သူများနှင့် စာရေးသူ အမြင်ကွဲလွဲနိုင်ပါသည်။ ၂၀၁၃ ခုနှစ်အတွင်း ဝင်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ တစ်စတစ်စ တိုးလာပါသည်။ ကောက်ချက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် တိုင်းပြည်မတည်ငြိမ်မှုများကြောင့် ဖြစ်တန်ခြေရှိသော်လည်း ၎င်းတို့အကျိုးစီးပွားကို တည်ဆဲအစိုးရက အပြည့်အဝ အကာအကွယ်ပေးပါမှု အကျိုးအမြတ်မက်လုံးကို မည်သည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူမဆို လက်လွှတ်မည်မဟုတ်ပေ။ ပါတီနိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ လွှတ်တော်နှင့်အမတ်များက မျိုးစောင့်ဥပဒေကို လက်မခံနိုင်ရန် တစ်စုံတစ်ရာအကြောင်းပြချက်မရှိဟု ထွက်ဆိုထားကြခြင်းများမှာ မည်သည့်နိုင်ငံရေး သဲလွန်စ(Hint) ဖြစ်သည် ကို မှန်းဆရန်ဖြစ်သည်။

**ထိုအတူ ကောလာဟလများအဖြစ်ရှိနေဆဲ နောက်ကွယ်မှ ကြိုးကိုင်နေသူများဆိုသည်မှာ ယုတ္တိမဲ့စွာ ထွက်ပေါ်လာခြင်း ဟုတ်ဟန်မတူပေ။ ထိုလူမှုရေးပဋိပက္ခများ ဖြစ်ပေါ်လာပြီးနောက် ဘာသာရေးနှင့် နိုင်ငံရေးအသွင်ဆောင်စပ်ရန် စမ်းသပ်လာသည်ကို တွေ့ရသည်။ စစ်တုရင်စကားဖြင့်ဆိုရလျှင် ပွန်းများကို ထုတ်သုံးလာခြင်းဖြစ်သည်။ ထိုပွန်းများကား မည်သူများနည်း။ ထိုပွန်းများနောက်ကွယ်တွင် ဗုဒ္ဓဘာသာနောက်လိုက်များ မည်မျှရှိနိုင်သည်ကို အလွယ်တကူမှန်းဆနိုင်သည်။ နောက်ဆုံးကောက်ချက်မှာ မျိုးစောင့်ဥပဒေသော်လည်းကောင်း၊ ဗုဒ္ဓဘာသာအား နိုင်ငံတော်ဘာသာအဖြစ်လည်းကောင်း၊ အမျိုးသားနိုင်ငံရေး အိုင်ဒီယော်လော်ဂျီလိုင်းမိသွားပါက ၂၀၁၅ နိုင်ငံရေးမဲများသည် အလုံအပယ်လျှံကျလာနိုင်စရာရှိနေသည်။ အဆိုပါလိုင်းကို အာဏာရနိုင်ငံရေးပါတီ၊ တိုင်းရင်းသားပါတီများကသာ လိုက်ကြပြီး ကျန်ပါတီများကား တုတ်တုတ်မျှမလှုပ်။ လူဦးရေစာရင်းအင်း အရဆိုရလျှင် မြန်မာပြည် သန်း ၆၀ ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ဗုဒ္ဓဘာသာ အရေအတွက်ဖြစ်သည်။**

အကျဉ်းချုပ်ရလျှင် အဆိုပါအာခီလိခ်ပထမဖနောင့် ဆိုရမည့် သမဝါယမ အသေးစားချေးငွေအစီအစဉ်သည် တစ်ဦးချင်းဆုံးဖြတ်ပေးနိုင် သောနယ်ပယ်တွင် အကျုံးဝင်သည်။ ဒုတိယဖနောင့်မှာ တိုင်းဒေသကြီး၊ ပြည်နယ် များဖြင့် ဆန္ဒမဲဆွဲဆောင်ရာတွင် ဧရိယာနယ်ပယ်အခြေပြုသည်။ တတိယ ဖနောင့်မှာ ကိုးကွယ်သည့်ဘာသာဖြစ်သောကြောင့် လူဦးရေစာရင်းအင်း အပေါ် အခြေပြုသည်။

## သူမများ

ဤတွင် အိုင်ဒီယော်လော်ဂျီအခြေပြုနိုင်ငံရေး၊ ပုဂ္ဂိုလ်ရေးစံအခြေပြုနိုင်ငံရေး၊ လက်တွေ့အလုပ်ဖြစ်မှုအခြေပြုနိုင်ငံရေး ကွင်းပြင်တွင် မည်သူကားတာသွားမည်ကို ခန့်မှန်းရန်လိုအပ်လာသည်။ မည်သည့်ကွင်းပြင်မဆို နိုင်ငံရေး ရေရှည်ထိန်းသိမ်းနိုင်စွမ်း (Political Sustainability) တွင် မည်သည့်အခြေပြုသည့် ရေရှည်တည်တံ့သနည်းမှာ သာဓကများစွာရှိသည်။ ဥပမာ-အင်ဒိုနီးရှားခေါင်းဆောင် ဆူကာနို၏သမီး မူဂါဝါဒီဆူကာနိုပိုတြီခေတ် နိုင်ငံရေးကိုင်တွယ်မှုသမိုင်း သက်ဆိုးမရှည်ခဲ့ပေ။ အင်ဒိုနီးရှား၏ ပြုပြင်ပြောင်းလဲရေးတွင် ပိုမိုနာမည်ထွက်ခဲ့သူမှာ အီလီနိုဂ်တက္ကသိုလ်ကျောင်းဆင်း အမျိုးသမီးဘောဂဗေဒပညာရှင် ဆူရီမူလနီအင်ဒရာဝါတီ ဖြစ်သည်။ သူမ၏ ထူးခြားသော အသွင်ပြောင်းလဲရေးဖြစ်စဉ်မှာ အင်ဒိုနီးရှားနိုင်ငံအဝန်း အကျင့်ပျက်ခြစားမှုနှင့် အခွန်အကောက်စနစ်ကို ပိုင်ပိုင်နိုင်နိုင်ကိုင်တွယ်ခဲ့ခြင်း၏ စီးပွားရေးတိုးတက်မှုအကျိုးဆက်ကြောင့် နိုင်ငံရေးအောင်မြင်မှုရလာခြင်းဖြစ်သည်။ ပုဂ္ဂိုလ်ရေးစံ အခြေပြုနိုင်ငံရေးသည် လူထုအကျပ်အတည်းနှင့် အနီးစပ်ဆုံးသော ဒုက္ခ၊ ပြဿနာများအား မဖြေရှင်းနိုင်ပါက လက်တွေ့အလုပ်ဖြစ်ရေး အခြေပြုနိုင်ငံရေးက အဆိုပါမဲများကို သိမ်းကျုံးယူသွားနိုင်ပါလိမ့်မည်။ အဆိုပါနိုင်ငံရေးဖြတ်သန်းမှုမျိုးကို သမ္မတမားကိုစ်ပြုတ်ကျပြီး ၁၉၈၆ နောက်ပိုင်း အမျိုးသမီးသမ္မတ မစ္စကိုရာစန်အကီနိုကြုံခဲ့ရဖူးသည်။ သူမ၏ နိုင်ငံရေးသက်တမ်းမှာ အဂတိလိုက်စားမှုများ၊ မြေယာအရှင်းရှင်ကြီးများ၊ မြို့ပြစီးပွားရေးအီလစ်များ၊ စစ်ဘက်အကျိုးစီးပွားများအား တစ်ပိုင်းနက်တည်း အမြစ်ပြတ်မဖြေရှင်းပေးခဲ့ခြင်းကြောင့် ဒုတိယသက်တမ်းတွင် နိုင်ငံရေးမှ ဆင်းပေးခဲ့ရပြီးဖြစ်သည်။ ဆိုရလျှင် အနောက်၏ ဒီမိုကရေစီစပွန်စာများသည် လူထု၏မဲလောက် အခရာကျမည်မဟုတ်သောကြောင့် ပြည်တွင်းခရီး မည်မျှထွက်ခဲ့ပါသနည်း၊ နိုင်ငံအနှံ့ အောက်ခြေလူတန်းစားများနှင့် ထိတွေ့ရန် မည်မျှကိုယ်ယောင်ဖျောက်လေ့လာဖူးသနည်းဟု မေးခွန်းထုတ်လေ့ရှိသည့် အာရှလူ့အဖွဲ့အစည်းကြောင့် နိုင်ငံရေးတွင် နောက်ကျသွားတတ်ကြောင်း သာဓကများရှိသည်။

**ထို့ကြောင့် နိုင်ငံရေးမဟာဗျူဟာများဟုဆိုရမည့် ဖော်မြူလာသုံးပါး၏ ဆုံချက်မှာ ပြည်သူလူထုလက်ထဲမှ လျှံကျလာသောမဲများ ဖြစ်ပေသည်။ မဟာဗျူဟာနိုင်ငံရေးပစ်မှတ်များ ကွက်တိမှန်သွားပါက ဖော်မြူလာသုံးပါး၏ ပန်းတိုင်မှာ ပြည်သူလူထုတွင် ဆုံးနေကြောင်း တွေ့ရမည်ဖြစ်သောကြောင့် နိုင်ငံရေးမဲဆွယ်မှုပုံသဏ္ဌာန်သို့ ပြောင်းသွားနိုင်မည်ဖြစ်သည်။ ၂၀၁၄ အာဆီယံဥက္ကဋ္ဌ၏ နိုင်ငံတကာစင်မြင့်နိုင်ငံရေး၊ ရွေးကောက်ပွဲများ ဆောလျင်စွာ ကျင်းပမည်ဟု သတင်းထွက်လာခြင်း၊ ခရီးနှင့် ပတ်သက်ရာပတ်သက်ကြောင်း များ စပွန်လုပ်ထားသည့် သတင်းမီဒီယာများက Media Propaganda လုပ် သွားပါက ကျန်သူများ နိုင်ငံရေးအငိုက်မိသွားနိုင်ကြောင်း သုံးသပ်မိခြင်းကြောင့်ဖြစ်သည်။**

သန်းစိုး(ဘောဂဗေဒ)

## VOICE OF THE WEEK

စီးပွားရေးနှင့် ဥပဒေအကြံပေး ဦးတင်သန်းဦးက "နိုင်ငံတကာမှာ အများနဲ့ သက်ဆိုင်တဲ့ ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး အစိုးရတစ်ရပ်က အကောင်အထည်ဖော်တဲ့ လုပ်ငန်းနယ်ပယ်တွေမှာ ကျသင့်တဲ့ကုန်ကျစရိတ်တွေက များများသုံးလေ စရိတ်လျော့လေပဲ။ ဒီမှာက များများသုံးသူက ပိုပေးရမယ်ဆိုတော့ အတော်တော့ ထူးဆန်းတယ်။ သူများနိုင်ငံနဲ့ အမြဲတမ်းထူးလို့လားမသိဘူး။ ကမ္ဘာတိုင်းမှာ နောက်ကျကျန်နေတယ်" ဟု သုံးသပ်ပြောသည်။

"လက်တွေ့စီးပွားရေးပြယုဂ်ကိုကြည့်လိုက်တော့ တစ်နေ့ဝင်ငွေ နှစ်ဒေါ်လာအောက်နဲ့ မိသားစုဝမ်းရေးဖြေရှင်းနေရတဲ့ အောက်ခြေဘဝက ဒီသုံးနှစ်အတွင်း ဘာတွေများ ထူးခြားလာလဲ။ အစိုးရက လူတွေကားစီးနိုင်အောင် လုပ်ပေးတယ်။ ပြည်သူတွေ ကားချောင်ချောင်စီးရဖို့က ပိုဝေးသွားတယ်။ လူတိုင်း ဖုန်းကိုင်နိုင်အောင် ကျပ် ၁၅၀၀ နဲ့ ရောင်းပေးတယ်။ လက်ရှိပေါက်ဈေးက တစ်သိန်းခွဲနဲ့ ပြန်ဝယ်နေရတယ်။ ရေကာတာတွေကို မြစ်ကြီးတစ်ခုမှာ တန်းစီအပြိုင်ဆောက်မယ်။ လျှပ်စစ်က ဘယ်လောက်ထွက်မယ်ဆိုပြီး ဆက်ပြောနေပေမယ့် ဆောက်လုပ်ပြီးဆည်တွေက ကော လျှပ်စစ်ဘယ်လောက်ထုတ်ပြီးပြီလဲ" ဟု သုံးသပ်ပြောသည်။

**နိုဝင်ဘာလ ၁၇ ရက်နေ့ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်ပါ 'မီတာခတက်သည့်အစီအစဉ် အစိုးရရပ်ဆိုင်း ပြည်သူ့အသံ တကယ်နားထောင်ကြပြီလား' ဆောင်းပါးမှ ကောက်နုတ်ချက်**

"ဦးခင်ညွန့်နဲ့ ထောက်လှမ်းရေးတွေနှိပ်စက်လို့ ခေါင်းငုံ့ခံခဲ့ရတဲ့လူတွေ မသေကြသေးပါဘူး။ သက်ရှိထင်ရှား အများကြီးကျန်သေးတယ်" ဟု ၎င်းကပြောသည်။

"ကျွန်တော်တို့က အငြိုးမထားဘူး။ အဲလောက်ကြီး လက်လွှတ်စပယ် မပြောပါနဲ့။ သူ့ကို ဘယ်သူမှ ခားနဲ့မထိုး၊ တုတ်နဲ့ မရိုက်ပါဘူး" ဟု ၎င်းက ပြောကြားခဲ့သည်။

"သူဒီလိုပြောတာ သူ့ကိုလူမုန်း ပိုများမယ်။ ထောင်ထဲမှာ လွတ်ဖို့ သူ့လူတွေ ၂၂ ယောက်တောင် ကျန်သေးတယ်တဲ့။ အဲဒီလူတွေအတွက် ပိုအခက်အခဲမရှိပေဘူးလား။ ဘာကောင်းကျိုးမှ မရှိဘူး" ဟု သူ့အမြင်ကိုပြောသည်။

**နိုဝင်ဘာလ ၁၄ ရက်နေ့ထုတ် ပေါပြူလာသတင်းဂျာနယ်ပါ 'ဦးခင်ညွန့်အား လက်လွှတ်စပယ်မပြောရန် ဇာဂနာသတိပေး' သတင်းမှ ကောက်နုတ်ချက်**

ပြည်ထောင်စုလွှတ်တော်မှာ သမ္မတမှတ်ချက်နဲ့ လွှတ်တော်ကော်မတီနဲ့ သဘောထားကွဲတယ်ဆိုရင် ဘာဖြစ်ဖြစ် သမ္မတကို မျက်စိမှိတ်ထောက်ခံတာပဲ လုပ်တော့တာပဲ။ ဒီတော့ အရပ်သားလွှတ်တော်ကိုယ်စားလှယ်နဲ့ သူတို့ဆက်ဆံရေးလည်း အေးစက်စက်ပြန်ဖြစ်သွားတယ်။

တပ်မတော်သားကိုယ်စားလှယ် လွှတ်တော်ထဲကို ရောက်လာတာ အဓိကတာဝန်က ဖွဲ့စည်းပုံအခြေခံဥပဒေ ထိန်းသိမ်းကာကွယ်ရေးအတွက် ဖြစ်တယ်ဆိုရင် ဖွဲ့စည်းပုံပြင်ဆင်ရေးကိစ္စမှာလည်း အမိန့်နာခံပေ့ါဗျာ။ တခြားပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ကိစ္စတွေမှာတော့ လွတ်လပ်စွာ သဘောကွဲလွဲမှုကို ခွင့်ပြုသင့်ပါတယ်။

**နိုဝင်ဘာလ ၁၄ ရက်နေ့ထုတ် Envoy သတင်းဂျာနယ်ပါ 'ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းနှင့် တွေ့ဆုံခြင်း' မှ ကောက်နုတ်ချက်**

ဥပမာ - မန္တလေးတိုင်းဒေသကြီးတွင် အမေရိကန်နိုင်ငံမှ တည်ဆောက်ရန် စီစဉ်နေသည့် နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံကြီး ပထမအဆင့်အနေဖြင့် မဂ္ဂါဝပ် (၁၀၀ – ၂၂၀၀) မဂ္ဂါဝပ်အထိ တည်ဆောက်ရန် ရည်ရွယ်ထားပြီး ၎င်းတို့ရောင်းချမည့် ဓာတ်အားခဈေးနှုန်းသည် ၁၅ ဆင့် (၁၅၀ ကျပ်) ခန့်ရမှသာ ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ဝန်ကြီးဌာနမှ တစ်ယူနစ် ၃၅ ကျပ်ဖြင့်သာ ပြန်လည်ရောင်းချပါက ဈေးနှုန်းအလွန်ကွာခြားသည့်အတွက် ညှိနှိုင်းရာတွင် အခက်အခဲများဖြစ်ရပါကြောင်း။

**နိုဝင်ဘာလ ၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ 'ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် လျှပ်စစ်ဓာတ်အားခနှုန်းထားတိုးမြှင့်သတ်မှတ်ခြင်းအပေါ် ပြန်လည်သုံးသပ်ဆောင်ရွက်ရန် အဆိုနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၏ ရှင်းလင်းချက်' မှ ကောက်နုတ်ချက်**

---

စာ 17 'နယ်စပ်ကဝင်တာကို FDAကဘာမှမလုပ်ဘူး ပြောတာ ငါ့စကားနွားရပြောနေတာ' မှအဆက်

လုပ်တာတွေ ရှိပါသလား။

**Dr.TZ :** ပြည်တွင်းကိုတရားဝင်တင်သွင်းလာတဲ့ စားသောက်ကုန်တွေ အကုန်လုံးက FDA ကစစ်ပြီးသား ။ အဲဒီအထိ ကျွန်တော်တာဝန်ယူထားတယ်။ အဲဒီထက်အပြင်က စားသောက်ကုန်တွေကိုကျွန်တော်တို့တာဝန်ယူထားတယ် ဆိုတာမပါဘူး။ ပြည်တွင်းမှာ ထုတ်လုပ်ပြီး FDA ရဲ့ထောက်ခံချက်ရယူထားတဲ့ လုပ်ငန်းတွေရဲ့ စားသောက်ကုန်တွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကို ကျွန်တော် တာဝန်ယူထားတယ်။ အဲဒီအတွက်လည်း နောက်ဆက်တွဲဆောင်ရွက်မှုတွေလည်း ရှိသေးတယ်။ လုပ်ငန်းတစ်ခုကို တစ်ခါ ထောက်ခံပြီးသွားရင် တစ်သက်လုံး ထောက်ခံလိုက်တာ မဟုတ်ဘူး။ နှစ်စဉ်ပြန်စစ်ဆေးတာရှိတယ်။ အခုလိုမျိုး ဈေးကွက်နမူနာကောက်ယူတဲ့ အစီအစဉ်ဆိုရင် ပြည်တွင်း၊ ပြည်ပ ခွဲခြားနေတာမဟုတ်ဘူး။ ဈေးကွက်ထဲမှာ ရှိနေသမျှထဲက သံသယဖြစ်ဖွယ် စားသောက်ကုန်တွေအကုန်လုံးကို FDA က ထောက်ခံပေးထားသည် ဖြစ်စေ၊ မထောက်ခံပေးထားသည်ဖြစ်စေ အကုန်လုံးကို ဓာတ်ခွဲစစ်ဆေးတယ်။ ကျွန်တော်ပြောတဲ့အထဲမှာ Cover (လွှမ်းခြုံ) မဖြစ်တဲ့ အပိုင်းတွေ ရှိသေးတယ်။ ပြည်တွင်းကို တရားမဝင်တင်သွင်းလာတဲ့ ပစ္စည်းတွေကို ကျွန်တော်တို့ဓာတ်ခွဲထားတာ မဟုတ်လို့ အဲဒီပစ္စည်းတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကို တာဝန်ယူမထားဘူး။ နောက်တစ်ခုက ပြည်တွင်းမှာ ထုတ်လုပ်ပေမယ့် FDA က စိစစ်ပြီး ထောက်ခံတာမဟုတ်တဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကို ကျွန်တော်တို့က တာဝန်ခံမထားဘူး။ အဲဒီနှစ်ချက်ကို ပြန်ပြီးလွှမ်းခြုံတဲ့နည်းကတော့ ဈေးကွက်နမူနာကောက်တဲ့အစီအစဉ်နဲ့ ပြန်လုပ်ထားတယ်။ သူတို့ဘာသာ တရားဝင်ပဲထုတ်ထုတ်၊ တရားမဝင်ဘဲထုတ်ထုတ် ဒီပစ္စည်းတွေက ဈေးကွက်ထဲမှာ ရှိနေမှာပဲ။ မြန်မာနိုင်ငံမှာ လူသန်းခြောက်ဆယ်ရှိတယ်ပြောတယ်။ ကျွန်တော်တို့ဌာနမှာ လူတစ်ရာရှိတယ်။ ပြန်အချိုးကျကြည့်ပါ။ ဒီလူတစ်ရာဆိုတာ သန့်ရှင်းရေးဝန်ထမ်း၊ ယာဉ်မောင်းအကုန်ပါတယ်။ ဒီလူတွေ အကုန်လုံးထဲက အစားအသောက်၊ ဆေးဝါး၊ အလှကုန် ဘေးအန္တရာယ်ကင်းရှင်းပိုင်းလုပ်နေတဲ့သူတွေ ရှိသေးတယ်။ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးပိုင်းလုပ်တဲ့သူဆိုလက်တစ်ဆုပ်စာပဲရှိတယ်။ အချိုးချကြည့်ရင် သုံးဆယ်လောက်ပဲရှိတာ။ သန်းခြောက်ဆယ်နဲ့ သုံးဆယ်ကို အချိုးကျကြည့်ရင် ကျွန်တော်တို့ လုပ်နိုင်တဲ့ ငွေအားနဲ့လူအားက ဘယ်လောက်ရှိတယ်ဆိုတာ မှန်းကြည့်လို့ရတယ်။ ကျွန်တော်တို့လည်း အစွမ်းရှိသလောက် လုပ်နေတယ်။ ၁၀၀ ရာခိုင်နှုန်းတော့ ပြည့်နိုင်မှာမဟုတ်ဘူး။

**Voice :** တခြား ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းလုပ်ကိုင်တဲ့အပိုင်းတွေရော ရှိပါသလား။

**Dr.TZ :** FDA က အများပြည်သူစားသုံးသင့်၊ မသင့်ကို ဆုံးဖြတ်ပေးတဲ့ အဖွဲ့အစည်းတစ်ခုပဲဖြစ်တယ်။ ဖမ်းတဲ့အဖွဲ့အစည်း၊ အရေးယူတဲ့ အဖွဲ့အစည်းမဟုတ်ဘူး။ နယ်စပ်ဂိတ်တွေကို စောင့်ဖို့ ကျန်းမာရေးဌာနတာဝန်မဟုတ်ဘူး။ အချုပ်ခန်းမရှိဘူး။ လက်ထိတ်မရှိဘူး။ ကျွန်တော်တို့မှာ ဥပဒေရှိတယ်။ FDA က စားသုံးသင့်၊ မသင့်ကိုပဲ စစ်ဆေးပြီး အဖြေရှာပေးတာပဲ။ နယ်စပ်ကဝင်တာကို FDA က ဘာမှမလုပ်ဘူး ပြောတာ ငါ့စကားနွားရပြောနေတာတွေက အသိဉာဏ်နှုန်းနည်းတဲ့သူတွေ ပြောတဲ့စကားတွေပဲ၊ အဲဒီအတွက် ကျွန်တော်လည်း ဂရုမစိုက်ပါဘူး။ FDA တစ်ဌာနတည်း မဟုတ်ဘဲ အားလုံးပူးပေါင်းလုပ်ရမှာ။ ကျွန်တော်တို့ နယ်စပ်ဂိတ်တွေမလုံဘူး။ နယ်စပ်ကနေပြီး ဝင်စရာအပေါက်တွေ အများကြီးရှိနေတယ်။ အဲဒီအတွက် ဘာလုပ်မလဲ။ အစွရေး၊ ပါလက်စတိုင်းလို တံတိုင်းကာမလား။ လုပ်စရာတွေက အများကြီးပဲ။ တစ်ယောက်နဲ့တစ်ယောက် အပြစ်ပြောနေတာထက်စာရင် အားလုံးကောင်းအောင် ပူးပေါင်းဆောင်ရွက်တာက ပိုကောင်းတဲ့နည်းလမ်းပါပဲ။

**Voice :** FDA ရဲ့ လူအင်အား၊ အသုံးစရိတ်အင်အား နည်းပါးစွာ လုပ်နေရတာက ရှေ့လုပ်ငန်းစဉ်တွေအတွက် အခက်အခဲဖြစ်နိုင်လား။

**Dr.TZ :** ကျွန်တော်တို့ဌာနကို ဖွဲ့စည်းပုံအသစ်နဲ့အင်အားတိုးချဲ့ခွင့်ရထားတာကို သိမယ်ထင်ပါတယ်။ အဲဒီအတွက် ဝန်ထမ်းအင်အား တိုးချဲ့ခန့်ထားဖို့လုပ်နေပါတယ်။ ဖွဲ့စည်းပုံအသစ်ပြောင်းပြီး ရော့... ဝန်ထမ်းဒီလောက်ခန့်ဆိုပြီး ခွင့်ပြုတာနဲ့ ဒီအတိုင်းရတာမဟုတ်ပါဘူး။ ဒါကြောင့် ဝန်ထမ်းအသစ်ခန့်ထားဖို့ လေ့ကျင့်သင်ကြားဖို့ ဆောင်ရွက်နေပါတယ်။ အဲဒီဖွဲ့စည်းပုံအသစ်နဲ့ ဝန်ထမ်းအပြည့်ဖြစ်လာခဲ့ရင် အခုပြောနေတဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်ပါလိမ့်မယ်။ လောလောဆယ်တော့ ဒါတွေက စိန်ခေါ်မှုဖြစ်နေပါတယ်။ နဂိုရှိတဲ့ဝန်ထမ်းကနေပြီး တဖြည်းဖြည်းတိုးချဲ့နေပါတယ်။ လူအင်အားတိုးချဲ့ပြီးလည်း ကျွမ်းကျင်မှုရှိအောင် သင်ကြားပေးဖို့အချိန် အတိုင်းအတာတစ်ခုထိပေးဖို့လည်း လိုဦးမှာပါ။ ကျွန်တော့်အတွက်ကတော့ ဒါတွေက အခွင့်အလမ်းတွေပါ။ ကောင်းကောင်း အသုံးချနိုင်မယ်ဆိုရင် ပိုအောင်မြင်လာဖို့လည်း ကြိုးစားနေပါတယ်။

**Voice :** နောက်ဆုံးအနေနဲ့ အားလုံးပူးပေါင်းဆောင်ရွက်မှုလို့ ဆိုတဲ့အတွက် စားသုံးသူတွေဘက်က ဘယ်လိုမျိုး လိုက်ပါဆောင်ရွက်ပေးသင့်တယ်လို့ထင်လဲ။

**Dr.TZ :** အဲဒီအတွက်က သာမန်လူထုအတွက်တော့ခက်သေးတယ်။ စားသုံးဖို့သင့်လား၊ မသင့်လားကို မျက်မြင်နဲ့ ဆုံးဖြတ်ဖို့က သာမန်ပြည်သူတွေအတွက် တော်တော်အခက်အခဲရှိတဲ့ ကိစ္စပဲ။ အမှတ်တံဆိပ်တပ်ထားတဲ့ စားသောက်ကုန်တွေ ဖတ်တတ်တဲ့ အလေ့အကျင့် ရှိဖို့လိုတယ်။ စားသုံးသူနဲ့ စားသောက်ကုန်ကြားမှာ ဆက်သွယ်လို့ရတဲ့ နည်းလမ်းက အမှတ်တံဆိပ်ပဲရှိတယ်။ ဒီဟာက ဘာစားသောက်ကုန် အမျိုးအစားလဲ။ ဘယ်လုပ်ငန်းက ထုတ်လုပ်ထားတာလဲ။ အဲဒီထုတ်လုပ်ထားတဲ့ပစ္စည်းက ကျန်းမာရေးဘက်က စစ်ဆေးထောက်ခံထားတဲ့ လုပ်ငန်းလား၊ စသဖြင့် ဒါမျိုးလေးတွေဖတ်ထားရမယ်။ နောက်ပြီး ဒီပစ္စည်းက သက်တမ်းကုန်ပြီလား ကြည့်ပြီးစားရမယ်။ စားသုံးသူအတွက် မစားခင် ဘယ်သူမှ ဓာတ်ခွဲကြည့်စားမှာ မဟုတ်ဘူး။ ကျွန်တော်တို့လည်း မစားဘူး။ မဝယ်ခင် ၊ မစားခင် အမှတ်တံဆိပ်ကို ဖတ်တဲ့အလေ့အကျင့်လေး လုပ်ပေးပါ။ အရောင်အားဖြင့် သဘာဝအရောင်ထက်လွန်ကဲနေတယ်လို့ ပစ္စည်းတွေ ဒီဆိုးဆေးတွေက ခွင့်ပြုထားတဲ့ ဆိုးဆေးလည်းဖြစ်နိုင်တယ်။ ခွင့်မပြုထားတဲ့ ဆိုးဆေးလည်းဖြစ်နိုင်တယ်။ ဘယ်သူကမှ ဓာတ်ခွဲကြည့်ထားတာလည်း မဟုတ်ဘူး။ သဘာဝလွန်ကဲတဲ့အရောင်ပါတဲ့ အစားအစာတွေ မစားတာ အကောင်းဆုံးပဲ။ အမှတ်တံဆိပ်မှာ ကိုယ်ဖတ်လို့မရတဲ့ ဘာမှန်းမသိတဲ့ ဘာသာနဲ့ ရေးထားတဲ့ အစားအစာတွေ ဝယ်မစားသင့်ဘူး။ ဒါက ပထမအဆင့်ပေ့ါ။ နောက်ထပ်တစ်ဆင့်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေဆိုရင် အခုနောက်ဆုံးအဆင့် မူကြမ်းရေးနေပြီ။ အဲဒီဥပဒေထွက်လာရင် စားသုံးသူအခွင့်အရေးတွေ ပိုကောင်းလာမယ်။ စားသုံးသူအသင်းတွေလည်း ပိုအားကောင်းလာမှာပါ။ ■

---

စာ 17 'အရေးယူမှုပိုင်းက အားနည်းတာမဟုတ်ဘူး။ မရှိသလောက်ကို ဖြစ်နေတာ' မှအဆက်

စက်ရုံလေးတွေက တင်သွင်းတာ။ အဲဒီတော့ အစိုးရကိုသွားတောင်းဆိုရုံနဲ့ ပုဂ္ဂလိကစက်ရုံတွေကို တားဆီးပေးမယ်လို့မထင်ဘူး။ အစိုးရဘက်က ဒီကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းပေးမယ်ဆိုရင်တော့ ပိုကောင်းတာပေါ့။ မုန့်မှာအထက်မီး၊ အောက်မီးမုန့်ဆိုတာ ရှိတယ်။ အောက်ကရော၊ အပေါ်ကရော မီးပူပေးတော့ နှစ်ဖက်လုံးကျက်ပြီးစားလို့ကောင်းတာပေါ့။ အခုတော့ ကျွန်တော်တို့က ပြည်သူတွေကို အောက်ကပဲ မီးပူပေးနေတာ၊ အစိုးရက ဒါကိုမီးပူမပေးရင် တစ်ခြမ်းကျက်ကြီးပဲ ဖြစ်နေမှာပေါ့။ မုန့်တိုက်ပွဲ လုပ်ရှားမှုက ဘယ်လောက်ကြီးပဲ အားကောင်းကောင်း အစိုးရလုံးဝမလုပ်ရင် ဘယ်လိုမှ ပြည့်စုံအောင် ပြီးနိုင်မှာမဟုတ်ဘူး။ အခုလောလောဆယ်ကြားတာတော့ စားသုံးသူကာကွယ်ရေး ဥပဒေဆွဲနေတယ်လို့ ကြားတယ်။ ဒါပေမဲ့ ဒီဥပဒေထုတ်ပြီးရင်လည်း ချက်ချင်းအသက်ဝင်တာမဟုတ်ဘူး။ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်ဆိုတာ လာဦးမယ်။ နောက်ပြီး ဒီဥပဒေကို ကြားသိရသလောက် စားသုံးသူကတိုင်ကြားမှ အရေးယူမယ့်ပုံစံဖြစ်နေတယ်။ စားသုံးသူက မတိုင်ကြားရင် အရေးမယူဘူး ပုံစံဖြစ်နေတယ်။ တကယ်တမ်းကိုင်တွယ်ဖြေရှင်းမယ်ဆိုရင် ဥပဒေမှာ စားသုံးသူမတိုင်ကြားနိုင်တဲ့ အခြေအနေမှာ အစိုးရကကာကွယ်ပေးတဲ့ ဥပဒေမျိုးကိုပိုလိုလားတယ်။ နောက်ပြီး လိုက်လံဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေ တကယ်စိတ်အားထက်သန်မှု ၊ အဂတိလိုက်စားမှုကင်းမှု သန့်စင်တဲ့ မုန့်ဈေးကွက်ကြီး ဖြစ်လာမှာပါ။

**Voice : သက်ဆိုင်ရာ အားလုံးပါဝင်ဖို့ဆိုတာ အချိန်အတိုင်းအတာ တစ်ခုလိုသေးတယ်၊ ဒီလိုနှစ်အပိုင်းတွေထဲမှာ ကလေးငယ်တွေရဲ့ကျန်းမာရေးပိုင်း၊ သက်ရောက်မှုက ဘယ်လောက်ရှိနိုင်လဲ။**

**Dr.KS :** ဒီမုန့်တစ်ခုကို ကလေးတစ်ယောက်ကစားမိရင် တုံးခနဲလဲသေသွားမယ်ဆိုရင် လူတိုင်းသတိထားမိမှာပေ့ါ။ ဒါပေမဲ့ အခုက တုံးခနဲသေတာမဟုတ်ဘဲ မုန့်ထဲမှာပါတဲ့ ဆိုးဆေးတို့၊ ဓာတုပစ္စည်းတွေဆိုတာ အဆိပ်တွေပဲလေ။ အဲဒီအဆိပ်တွေကို ကလေးက နေ့တိုင်းစားမိပြီး အချိန်တန်ရင် ကလေးရဲ့အသည်းက အလုပ်မလုပ်နိုင်တော့ဘဲ အသည်းကင်ဆာဖြစ်ပြီး သေသွားမှာ။ အဲဒီလိုသေသွားတဲ့ အချိန်ကျမှ တရားခံရှာနေလို့ မရတော့ဘူး။ ကလေးတွေ မသေခင်တည်းက တရားခံရှာပြီး စောစောစီးစီးကုသမှ အဲဒီပြဿနာကို ဖြေရှင်းပြီးသား ဖြစ်မယ်။ နောက်ပြီး အဲလိုအဆိပ်ကျွေးခံရတဲ့ကလေးက တစ်ယောက်တည်းမဟုတ်ဘူး။ တစ်နိုင်ငံလုံးမှာ ရှိသမျှကလေး အားလုံး ပြိုင်တူညီတူ အဆိပ်ကျွေးခံနေရတာ။ ကလေးအားလုံး နောင် ငါးနှစ်၊ ဆယ်နှစ်အတွင်းမှာ ပြိုင်တူ အသည်းကင်ဆာ ဖြစ်ကုန်ကြမယ်ဆိုရင် တော်တော်လေးကို ရင်လေးစရာကောင်းတယ်။ ဒီကလေးတွေရဲ့ကျန်းမာရေး ကုသစရိတ်ကို ဘယ်သူကခံမှာလဲ။ အဲဒီလို ဘီလီယံပေါင်းများစွာ အကုန်ကျခံရမယ့်ကျန်းမာရေး ကုသစရိတ်ကို နိုင်ငံတော်က ဝန်ထုပ်ဝန်ပိုးဖြစ်လာလိမ့်မယ်။ ဒီကလေးတွေက နောင်အနာဂတ်မှာ အားထားရမယ့် ခေါင်းဆောင်တွေဖြစ်လာမှာ သူတို့ကအသည်းကင်ဆာနဲ့ သေကုန်ရင် ဘယ်လောက်ကောင်းတဲ့ ခေါင်းဆောင်မျိုးဆက်ပျက်သွားရင် တခြားနိုင်ငံတွေ လွှမ်းမိုးတာခံရမှာပဲ။ အဲလောက်ထိကို အန္တရာယ်ကြီးပါတယ်။ ■

# တစ်ပတ်အတွင်းပြည်တွင်းရွှေဈေး ကျပ်တစ်သောင်းနီးပါးကျ

ရန်ကုန်၊ နိုဝင်ဘာ ၁၄

**ဆက်** တိုက်ကျဆင်းနေသည့်ပြည်တွင်းရွှေဈေးမှာ ယခုသီတင်းပတ်တွင်လည်း ဆက်လက်ကျဆင်းနေပြီး တစ်ပတ်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်တစ်သောင်းနီးပါးကျဆင်းသွားကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။


ဓာတ်ပုံ - မြင့်မိုးညို

အမေရိကန်ဒေါ်လာ တန်ဖိုးမာနေသည့်အတွက် ကမ္ဘာ့ရွှေဈေး ကျဆင်းနေခြင်းဖြစ်ကြောင်း ရန်ကုန်မြို့ တိတ်စိန်ရွှေဆိုင်လုပ်ငန်းရှင် ဦးဇော်အောင်က ပြောဆိုသည်။

ကမ္ဘာ့ရွှေဈေး အနည်းငယ်ပြန်လည်မြင့်တက်ရုံဖြင့် ပြည်တွင်းရွှေဈေး လိုက်ပါမြင့်တက်နိုင်ခြေမရှိသေးကြောင်း၊ ကမ္ဘာ့ရွှေဈေးဆက်လက်ကျဆင်းလျှင်မူ ပြည်တွင်းရွှေဈေး လိုက်ပါကျဆင်းနိုင်ကြောင်း ရွှေလုပ်ငန်းရှင်အချို့က သုံးသပ်ပြောကြားသည်။

အောက်တိုဘာလ ၇ ရက်နေ့က ကမ္ဘာ့ရွှေတစ်အောင်စလျှင် ၁၃၁၅ ဒေါ်လာနှင့် ပြည်တွင်းအခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၆၈၅,၄၀၀ ဖြစ်ပြီး အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကမ္ဘာ့ရွှေတစ်အောင်စလျှင် ၁၂၈၄ ဒေါ်လာနှင့် ပြည်တွင်းအခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၆၇၈,၂၀၀ ဖြစ်သည့်အတွက် တစ်ပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၇,၂၀၀ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။■

## တစ်ပတ်အတွင်းငါးဈေး

| စဉ် | အမျိုးအမည် | ၇ . ၁၁ . ၂၀၁၃ | ၁၄ . ၁၁ . ၂၀၁၃ |
|---|---|---|---|
| ၁။ | ငါးရံ့ | ၃၀၀၀ - ၇၅၀၀ | ၃၂၀၀ - ၇၅၀၀ |
| ၂။ | ငါးခူ | ၃၂၀၀ - ၆၆၀၀ | ၃၂၀၀ - ၆၇၀၀ |
| ၃။ | ငါးကျည်း | ၃၁၀၀ - ၇၃၀၀ | ၃၀၀၀ - ၇၂၀၀ |
| ၄။ | ငါးကြင်း | ၂၅၀၀ - ၄၀၀၀ | ၂၄၀၀ - ၄၁၀၀ |
| ၅။ | ငါးမြစ်ချင်း | ၁၈၀၀ - ၂၉၀၀ | ၁၈၀၀ - ၃၀၀၀ |
| ၆။ | ငါးသလောက် | ၃၆၀၀ - ၃၆၀၀၀ | ၃၆၀၀ - ၃၆၀၀၀ |
| ၇။ | တီလားပီးယား | ၁၀၀၀ - ၂၃၀၀ | ၁၂၀၀ - ၂၄၀၀ |
| ၈။ | ငါးဖယ် | ၂၈၀၀ - ၅၁၀၀ | ၂၈၀၀ - ၅၂၀၀ |
| ၉။ | ငါးပြေမ | ၂၈၀၀ - ၆၇၀၀ | ၂၈၀၀ - ၆၈၀၀ |
| ၁၀။ | ငါးရှဉ့် | ၂၆၀၀ - ၃၇၀၀ | ၂၆၀၀ - ၃၈၀၀ |
| ၁၁။ | ပုစွန်(ကျော) | ၂၂၀၀ - ၃၀၀၀ | ၂၃၀၀ - ၃၀၀၀ |
| ၁၂။ | ပုစွန်တုပ်(ကြီး) | ၁၅,၀၀၀ - ၂၆,၀၀၀ | ၁၅,၀၀၀ - ၂၆,၀၀၀ |
| ၁၃။ | ငါးမျိုးစုံ | ၁၅၀၀ - ၃၀၀၀ | ၁၅၀၀ - ၃၀၀၀ |

Source ။ ။ ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေး    တန်ဖိုး (ကျပ်) ပိဿာ

## အမေရိကန်ဒေါ်လာ၊ ယူရိုနှင့် စင်ကာပူဒေါ်လာ နေ့စဉ်ပေါက်ဈေး

| ရက်စွဲ | အမေရိကန်ဒေါ်လာ (ကျပ်) | ယူရို (ကျပ်) | စင်ကာပူဒေါ်လာ (ကျပ်) |
|---|---|---|---|
| ၁၁.၁၁.၂၀၁၃ | ၉၆၈ | ၁၂၉၀ | ၇၇၅ |
| ၁၂.၁၁.၂၀၁၃ | ၉၆၉ | ၁၃၀၀ | ၇၇၅ |
| ၁၃.၁၁.၂၀၁၃ | ၉၇၀ | ၁၃၀၂ | ၇၇၄ |
| ၁၄.၁၁.၂၀၁၃ | ၉၇၀ | ၁၃၀၃ | ၇၇၅ |

အချိန်နှင့်လိုက်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။ ဝယ်ဈေးသာဖြစ်ပြီး ရောင်းဈေးနှင့် ၈ ကျပ်ခန့်ကွာသည်။

## စားသောက်ကုန်

| စဉ် | အမည် (ပိဿာ) | ၁၄ . ၁၁ . ၂၀၁၃ (ကျပ်) |
|---|---|---|
| ၁။ | မြေပဲဆီ | ၄၂၀၀ |
| ၂။ | စားအုန်းဆီ | ၁၅၀၀ |
| ၃။ | အာလူး (A1) | ၄၀၀ |
| ၄။ | ရှမ်းကြက်သွန်ဖြူ (ထူး ၁) | ၁၀၅၀ |
| ၅။ | ကြူကုတ်ကြက်သွန်ဖြူ (ရှယ်) | ၁၂၂၀ |
| ၆။ | ကြက်သွန်နီ (ဆိပ်ဖြူ ရှယ်) | ၁၀၇၅ |
| ၇။ | ဝါးခယ်မငရုတ်ရှည် | ၂၂၀၀ - ၂၃၀၀ |
| ၈။ | သကြား (ရှယ်) | ၁၁၀၀ |
| ၉။ | တောင်သာ (ဆေးထန်း) | ၇၈၀ - ၈၆၀ |
| ၁၀။ | မန်ကျည်း (အသား) | ၉၀၀ - ၁၁၀၀ |
| ၁၁။ | *ညှော့မထ | ၁၉၅၀၀ |
| ၁၂။ | *ငစိန် | ၁၅၀၀၀ |
| ၁၃။ | *ပေါ်ဆန်း | ၂၅၀၀၀ |
| ၁၄။ | *ပေါ်ဆန်း (ရွှေဘို) | ၃၆၀၀၀ |

တစ်ပိဿာ/တစ်အိတ်* အချိန်နှင့်လိုက်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

## တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်း

၁၄-၁၁-၂၀၁၃ ခေါ်ဈေး

| ယာဉ်အမျိုးအစား | မော်ဒယ်လ် | အကွာရာ | ဈေးနှုန်း (ကျပ်သိန်း) |
|---|---|---|---|
| Probox | ၂၀၀၉ | 1G | ၁၂၀ ဝန်းကျင် |
| AD Van (ပုံပြောင်း) | ၂၀၀၈ | 1G | ၁၁၀ ဝန်းကျင် |
| Mazda Demio (ပုံပြောင်း) | ၂၀၁၀ | 1G | ၁၀၀ ဝန်းကျင် |
| Van (ဖင်ကောက်) ဒီဇယ် | ၂၀၀၀ | 7F | ၁၆၀ ဝန်းကျင် |
| Toyota Ipsum | ၂၀၀၃ | 9F | ၂၁၀ - ၂၁၅ |
| Toyota Wish | ၂၀၀၃ | 9F | ၂၁၀ - ၂၁၅ |
| Toyota Kluger | ၂၀၀၃ | 1G | ၂၄၀ - ၂၆၀ |
| Mark II ရှေ့ငါး(ပုံပြောင်း) | ၂၀၀၄ | 9F | ၁၉၀ ဝန်းကျင် |
| Toyota Belta | ၂၀၁၀-၂၀၁၁ | 1G | ၁၄၀ - ၁၅၀ |
| Honda CRV (2002) | ၂၀၀၂ | 9F | ၂၃၀ ဝန်းကျင် |
| Prado TZ | ၁၉၉၇-၉၈ | 9F | ၃၅၀ ဝန်းကျင် |
| ယာဉ်အိုဟောင်း အပ်နှံစလစ် | | သ/အ | ၈၅ - ၉၅ ကြား |

ယာဉ်၏အခြေအနေအပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲနိုင်ပါသည်။

## တစ်ပတ်အတွင်းရွှေဈေး

| ရက်စွဲ | မြန်မာ့ရွှေဈေး (ကျပ်) | | ကမ္ဘာ့ရွှေဈေး (ဒေါ်လာ) | |
|---|---|---|---|---|
| | ဖွင့်ဈေး | ပိတ်ဈေး | ဖွင့်ဈေး | ပိတ်ဈေး |
| ၁၁.၁၁.၂၀၁၃ | ၆၈၆,၅၀၀ | ၆၇၈,၀၀၀ | ၁၂၈၆ | ၁၂၈၀ |
| ၁၂.၁၁.၂၀၁၃ | ၆၇၆,၆၀၀ | ၆၇၇,၆၀၀ | ၁၂၇၉ | ၁၂၈၀ |
| ၁၃.၁၁.၂၀၁၃ | ၆၇၅,၀၀၀ | ၆၇၆,၅၀၀ | ၁၂၇၀ | ၁၂၇၅ |
| ၁၄.၁၁.၂၀၁၃ | ၆၇၈,၂၀၀ | ၆၇၈,၀၀၀ | ၁၂၈၅ | ၂၈၂ |

Source ။ ။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း

## နိုင်ငံတကာကုန်စည်ဈေးနှုန်း

| | | | | |
|---|---|---|---|---|
| ရေနံစိမ်း | - | 1 bbl | အမေရိကန်ဒေါ်လာ | ၉၃.၈၆ |
| ဓာတ်ငွေ့ | - | 1 MMBtu | အမေရိကန်ဒေါ်လာ | ၃.၅၄ |
| ဓာတ်ငွေ့ရည် | - | 1 MT | အမေရိကန်ဒေါ်လာ | ၉၀၁.၅၀ |
| သကြား | - | 1 lb | ဆင့် | ၁၇.၈၂ |
| ပဲပိစပ် | - | 1 bu | အမေရိကန်ဒေါ်လာ | ၁၃၀၉.၅၀ |
| ပြောင်း | - | 1 bu | ဆင့် | ၄၃၁.၂၅ |
| ဂျုံ | - | 1 bu | ဆင့် | ၆၄၉.၅၀ |
| ကြေးနီ | - | 1 lb | ဆင့် | ၃၁၆.၂၀ |

■ Source : Bloomberg

# FOREIGN AFFAIRS

## ကမ္ဘာလုံးအတိုင်းအတာအထိလွှမ်းမိုးရန် တရုတ်စစ်တပ်ဦးတည်ဟု ပညာရှင်များဆို

ဘေဂျင်း၊ နိုဝင်ဘာ ၁၃

**လတ်တလောရက်သတ္တပတ်များအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယနှင့်အင်ဒိုနီးရှားနိုင်ငံတို့အကြား စစ်ရေးလေ့ကျင့်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ခြင်းကိုကြည့်မည်ဆိုပါက တရုတ်နိုင်ငံ၏ စစ်ရေးဦးတည်ချက်မှာ ကမ္ဘာလုံးအတိုင်းအတာအထိလွှမ်းမိုးရန်ဖြစ်သည်ဟု ကျွမ်းကျင်သူပညာရှင်များက ပြောကြားကြောင်း China Daily သတင်းစာကရေးသားဖော်ပြသည်။**



တရုတ်စစ်တပ်၏ပုံရိပ်နှင့်ဂုဏ်သိက္ခာ ပိုမိုကြီးထွားလာစေရန် တရုတ်နိုင်ငံ ကြိုးပမ်းလျက်ရှိသည်

ထိုသို့ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် စစ်ရေးလေ့ကျင့်ခဲ့မှုသည် တရုတ်စစ်တပ်အနေနှင့် နိုင်ငံခြားတိုင်းပြည်များနှင့် ပူးပေါင်းဆောင်ရွက်မှုတို့၏ ရန်နှင့် ပိုရှုပွင့်လင်းမြင်သာမှုရှိသော လက်နက်ကိုင်အဖွဲ့ အစည်းဖြစ်ရန် ဆန္ဒရှိနေသည်ကိုဖော်ကျူးလျက်ရှိသည် ဟု ၎င်းတို့ကဆိုသည်။

တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ဟာဝိုင်ယီတွင် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်ခဲ့သလို ဆီချွမ်ပြည်နယ်၌လည်း အိန္ဒိယနှင့် တရုတ်စစ်တပ်တို့ပူးပေါင်းကာ အကြမ်းဖက်နှိမ်နင်းရေး စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့သည်။

ထို့နောက် နှစ်ရက်ခန့်အကြာ၊ ဘန်ဒေါင်းတွင် တရုတ်စစ်တပ်နှင့် အင်ဒိုနီးရှားစစ်တပ်တို့ပူးပေါင်းကာ အကြမ်းဖက်နှိမ်နင်းရေးစစ်ရေးလေ့ကျင့်မှုကို ပူးတွဲပြုလုပ်ခဲ့ပြန်သည်။

"တရုတ်နိုင်ငံဟာ ခေါင်းဆောင်သစ်တွေလက်ထက်မှာ စစ်ရေးနဲ့ပတ်သက်ပြီး ပိုပြီး တက်တက်ကြွကြွဖြစ်လာတယ်။ နိုင်ငံခြားတိုင်းပြည်တွေကတော့ အဲဒီလိုတက်ကြွလာတာကို အံ့ဘနန်းကိစ္စတစ်ရပ်အဖြစ်ရှုမြင်ကြတယ်" ဟု တရုတ်အမျိုးသားလုံခြုံရေးမူဝါဒလေ့လာရေးကောင်စီမှ ဒုတိယအထွေထွေအတွင်းရေးမှူးဖြစ်သူ လီကင်ဂေါင်းကပြောကြားသည်။

"အဲဒီ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေက နိုင်ငံရေးအရအလေးတစ်ခုရရှိစေတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်အစိုးရကနိုင်ငံခြားတိုင်းပြည်တွေနဲ့ လေးနက်မှုရှိတဲ့အပြန်အလှန်ယုံကြည်မှုကိုရယူချင်လို့ပါပဲ" ဟု ၎င်းကဆိုသည်။

အခြားသောလေ့လာသုံးသပ်သူများကမူ ထိုသို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကတရုတ်နိုင်ငံ အင်အားကြီးထွားလာမှုနှင့်ပတ်သက်သော နိုင်ငံခြားတိုင်းပြည်များ၏ စိုးရိမ်ပူပန်မှုကိုဖယ်ရှားပစ်နိုင်သည်ဟု ဆိုကြသည်။

"ပူးတွဲစစ်ရေးလေ့ကျင့်မှုဆိုတာနှစ်ဖက်စလုံးရဲ့ အပြန်အလှန်ယုံကြည်စိတ်ချမှုကိုဖော်ပြတဲ့ပြယုဂ်တစ်ခုပဲဖြစ်ပါတယ်" ဟု တရုတ်ကာကွယ်ရေးတက္ကသိုလ်မှ စစ်မဟာဗျူဟာရေးရာ ပါမောက္ခ ဝမ်ဘာဖူးကပြောကြားသည်။

ယခုပြုလုပ်သွားသော စစ်ရေးလေ့ကျင့်မှုအတိုင်းအတာမှာ များစွာကြီးမားမှုမရှိသည့်တိုင် ပူးတွဲလေ့ကျင့်ခဲ့သည့် နိုင်ငံများအတွက် ယုံကြည်မှုပမာဏမြင့်တက်စေသည်ဟု ၎င်းကဆိုသည်။

တရုတ်စစ်တပ်သည် အခြားနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်ခြင်းအားဖြင့် ကမ္ဘာလုံးအတိုင်းအတာတွင် ၎င်း၏ ပုံရိပ်ကိုပိုမိုကြီးထွားလာအောင်ပြုလုပ်လျက်ရှိသည်ဟု စစ်ရေးကျွမ်းကျင်သူများက မှတ်ချက်ပေးသည်။ ■

## တရုတ်ပြုပြင်ပြောင်းလဲရေးအစီအစဉ်သစ်များသည် ကမ္ဘာ့နိုင်ငံများအတွက် အခွင့်အလမ်းများဖြစ်ဟု ရှီကျင့်ဖျင်ပြောကြား

ဘေဂျင်း၊ နိုဝင်ဘာ ၁၃

ယခုရက်ပိုင်းအတွင်း ကွန်မြူနစ်ပါတီက ဖော်ဆောင်လိုက်သည့် လေးနက်မှုရှိသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် ခိုင်မာသည့်တွန်းအားတစ်ရပ်ကိုဖြစ်စေရုံမျှမက ကမ္ဘာတစ်ဝန်းရှိအခြားနိုင်ငံများအတွက်လည်း အခွင့်အလမ်းများရရှိစေရန် ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်ဟု တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားကြောင်း နိုင်ငံပိုင် Xinhua သတင်းဌာနကရေးသား ဖော်ပြသည်။

သမ္မတရှီကျင့်ဖျင်သည် တရုတ်နိုင်ငံသို့အလည်အပတ်ရောက်ရှိလျက်ရှိသော ယီမင်နိုင်ငံသမ္မတ အပ္ပဒိုမန်ဆာဟာဒီနှင့် တွေ့ဆုံစဉ် ၎င်းကို အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ ၁၈ ကြိမ်မြောက် တံခါးပိတ်ဆွေးနွေးပွဲတွင်ရရှိခဲ့သည့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များသည် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ကောင်းသောဂယက်ရိုက်ခတ်မှုများကို ဖြစ်ပေါ်စေမည်ဖြစ်သလို အခြားသောကမ္ဘာ့နိုင်ငံများအတွက်လည်း အခွင့်အလမ်းကောင်းများ ပေါ်ထွန်းစေမည်ဖြစ်သည်ဟု သမ္မတရှီကျင့်ဖျင်က ယီမင်သမ္မတနှင့်တွေ့ဆုံစဉ် အသိပေးပြောကြားသည်။

တရုတ်နိုင်ငံအနေနှင့် လွန်ခဲ့သော ၁၉၇၈ ခုနှစ်က စတင်ကျင့်သုံးခဲ့သော "ပြုပြင်ပြောင်းလဲရေးနှင့်တံခါးဖွင့်ရေး" မူဝါဒများကို ဆက်လက်တွန်းအားပေးသွားမည်ဖြစ်သည်ဟု သမ္မတရှီကျင့်ဖျင်ကဆိုသည်။

လေးရက်တာတံခါးပိတ်ဆွေးနွေးပွဲအပြီး ထုတ်ပြန်သောကြေညာချက်တွင် "အဓိကအရေးကြီးနေသည့်ကိစ္စမှာ အစိုးရနှင့်ဈေးကွက်အကြားဆက်ဆံရေးကို ဖြောင့်ဖြောင့်တန်းတန်းဖြစ်အောင် ပြုလုပ်ရေးပင်ဖြစ်သည်။ အရင်းအမြစ်များ ခွဲဝေနေရာချထားရေးတွင်လည်းကောင်း၊ အစိုးရ၏အခန်းကဏ္ဍအားမြှင့်တင်ရာတွင်လည်းကောင်း ဈေးကွက်အား ခိုင်မာပြတ်သားမှုရှိသည့်အခန်းကဏ္ဍမှပါဝင်ခွင့်ပြုသွားမည်ဖြစ်သည်" ဟု ဈေးကွက်စီးပွားရေးအပေါ် တရုတ်အစိုးရ၏ သဘောထားကိုဖော်ပြထားသည်။

တရုတ်စီးပွားရေးတွင် လွတ်လပ်မှုရှိသောဈေးကွက်၏ကြီးမားသောအခန်းကဏ္ဍကို အသိအမှတ်ပြုပြီး ယင်းဈေးကွက်ကိုဖော်ဆောင်သွားမည်ဟု ခေါင်းဆောင်များက ကတိကဝတ်ပြုကြောင်း ကြေညာချက်ကဖော်ပြသည်။

လေ့လာစောင့်ကြည့်သူများကမူ ယခုကွန်မြူနစ်ပါတီ ထုတ်ပြန်လိုက်သောကြေညာချက်သည် တရုတ်ပြည်တွင်းစီးပွားရေးသာမက နိုင်ငံတကာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပေါ်တွင်ပါ ကြီးမားသောအကျိုးသက်ရောက်မှုရှိလိမ့်မည်ဟု သုံးသပ်ကြသည်။

တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအဆင့်သစ်တစ်ခုပေါ်သို့ ရောက်ရှိနိုင်ရေးအတွက် စီးပွားရေးတွင်လည်းကောင်း၊ အစိုးရအဖွဲ့တွင်လည်းကောင်း လေးနက်မှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားရန်လည်း ကွန်မြူနစ်ပါတီက သန္နိဋ္ဌာန်ချမှတ်ထားသည်။ ■

## မြောက်ကိုရီးယားရှိ စီးပွားရေးစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံရန် တောင်ကိုရီးယား သဘောတူ

ဆိုးလ်၊ နိုဝင်ဘာ ၁၄



ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တောင်ကိုရီးယား သမ္မတပတ်ဂွမ်ဟီး

ကွန်မြူနစ်မြောက်ကိုရီးယားနိုင်ငံအတွင်း ရုရှားနိုင်ငံက ဦးဆောင်အကောင်အကောင်အထည်ဖော်မည့် စီးပွားရေးစီမံကိန်းတွင် တောင်ကိုရီးယားကုမ္ပဏီများပါဝင်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရေးအတွက် အထောက်အပံ့ပေးရန် တောင်ကိုရီးယားအစိုးရက သဘောတူညီလိုက်ကြောင်း Financial Times သတင်းစာကရေးသားဖော်ပြသည်။

နိုဝင်ဘာလ ၁၃ ရက်နေ့က တောင်ကိုရီးယားနိုင်ငံသို့ ခေတ္တခဏတာမျှ အလည်အပတ်ခရီးစဉ်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တောင်ကိုရီးယားသမ္မတပတ်ဂွမ်ဟီးတို့ အဆိုပါသဘောတူညီမှုအတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ယင်းသဘောတူညီချက်အရမြောက်ကိုရီးယားနိုင်ငံတွင်း ရထားလမ်းနှင့်ဆိပ်ကမ်းပူးတွဲတည်ဆောက်ရေးစီမံကိန်းပေါ်ပေါက်လာရေးအတွက် ရုရှားနှင့်တောင်ကိုရီးယားနိုင်ငံတို့က အားပေးအားမြှောက်ပြုသွားကြမည်ဖြစ်သည်။

ဆိုးလ်မြို့တော်မှ အစိုးရအရာရှိကြီးများက ယင်းသဘောတူညီချက်သည် တောင်ကိုရီးယားကုမ္ပဏီများအနေနှင့် အဆိုပါစီမံကိန်း၌ ရင်းနှီးမြှုပ်နှံခွင့်ရရှိစေမည်ဖြစ်သည်ဟု ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံတွင်တောင်ကိုရီးယားကုမ္ပဏီကြီးများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ကို ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်ကတည်းက ပိတ်ပင်ထားသော်လည်း ယခုကိစ္စကို သီးခြားအရေးကိစ္စတစ်ခုအဖြစ်ရှုမြင်ထားသည်ဟု အစိုးရအရာရှိကြီးတစ်ဦးကပြောကြားသည်။

"အစုရှယ်ယာကို ရုရှားနိုင်ငံဆီကနေ ဝယ်ယူမှာဆိုတော့ မြောက်ကိုရီးယားမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့ပုံစံမျိုးမဟုတ်တော့ဘူး" ဟု ၎င်းကရှင်းပြသည်။

လေ့လာစောင့်ကြည့်သူအချို့ကမူ ယခုသဘောတူညီချက်သည် ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆက်လက်လုပ်ကိုင်သွားရေးအတွက် အရေးပါသောအဆင့်တစ်ဆင့်ဖြစ်သည်ဟု ဆိုကြပြီး လတ်တလော တင်းမာမှုများက စီမံကိန်းအတွက် အဟန့်အတားဖြစ်လာမည်ကို စိုးရိမ်လျက်ရှိသည်။

"ဒါဟာ အင်မတန်ထူးခြားမှုရှိပြီး ရှေ့ဆက်လှမ်းနိုင်မယ့် အဆင့်တစ်ခုပါပဲ။ တောင်ကိုရီးယားဟာ မြောက်ကိုရီးယားဘက်က ခြောက်နိုင်ငံဆွေးနွေးပွဲဆီကို ပြန်မလာသေးသရွေ့ အထီးကျန်ဖြစ်အောင်လုပ်မယ်လို့ပဲ ထင်ထားခဲ့တာ" ဟု မူဝါဒများလေ့လာမှုဆိုင်ရာ အာရှအင်စတီကျူမှ ဂိုမြောင်ဟွန်းကပြောကြားသည်။

မြောက်ကိုရီးယားသည် ပြီးခဲ့သည့်ရက်သတ္တတစ်ပတ်အတွင်း တောင်ကိုရီးယားသမ္မတပတ်ဂွမ်ဟီးကို ဂုဏ်သိက္ခာသေးသိမ်သူတစ်ဦးအဖြစ် စွပ်စွဲပြောဆိုခဲ့သေးသည်။ ■

# ဆူပါမုန်တိုင်းဒဏ်သင့်သူများကယ်ဆယ်ရေး အခက်အခဲများကြောင့် ဖိလစ်ပိုင်သမ္မတဖိအားပေးခံရ

မနီလာ၊ နိုဝင်ဘာ ၁၄

**ဖိလစ်ပိုင်နိုင်ငံတွင် ဆိုးရွားစွာဖြစ်ပေါ်ခဲ့သော ဟိုင်ယန်အမည်ရဆူပါမုန်တိုင်းကြောင့် ဘေးဒုက္ခရောက်ရှိနေသူများ ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်လုပ်ကိုင်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ သမ္မတဘန်ဂျီနိုအကွီနိုမှာ ဖိအားပေးမှုများစွာနှင့်ရင်ဆိုင်နေရကြောင်း Reuters သတင်းဌာနက ရေးသားဖော်ပြသည်။**

ယခုနှစ်အတွက် ကမ္ဘာပေါ်တွင်အင်အားအပြင်းဆုံး ဟိုင်ယန်မုန်တိုင်းဒဏ်ခံခဲ့ရပြီး အသက်ရှင်လျက်ကျန်ရစ်သော ဒုက္ခသည်ပေါင်း ၁၁ သန်းခန့်အတွက် အစားအစာ၊ ရေကောင်းရေသန့်နှင့် ဆေးဝါးများ ဖြန့်ဝေပေးရေး၊ ပြည်နယ်ဒေသအစိုးရ အဖွဲ့များပြန်လည် လည်ပတ်နိုင်ရေး အစရှိသည်တို့နှင့်ပတ်သက်၍ ရင်ဆိုင်နေရသောအခက်အခဲများကို အမြန်ဆုံးဖြေရှင်းပေးရန် ဖိလစ်ပိုင်သမ္မတအား ဖိအားပေးမှုများတိုးပွားနေခြင်းဖြစ်သည်။

လက်ရှိအနေအထားတွင် နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့များက ရောက်ရှိနေပြီဖြစ်သော်လည်း စီးပွားရေးထိခိုက်ခဲ့သော လောင်စာဆီအရောင်းဆိုင်ပိုင်ရှင်များက ဆိုင်ပြန်ဖွင့်ပေးရန်ငြင်းဆန်လျက်ရှိရာ သယ်ယူပို့ဆောင်ရေးလုပ်ကိုင်မည့်ယာဉ်များအတွက် လောင်စာဆီရရှိရေးမှာ အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုမှာ တစ်ပတ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့်တိုင် မုန်တိုင်းဒဏ်သင့်ခဲ့သောနေရာများသို့ ကျန်းမာရေးဝန်ထမ်းများ၊ ရေနှင့် အစားအသောက်များရရှိရေးမှာ အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့များနှင့် အာဏာပိုင်များကပြောကြားသည်။

"ဖြစ်နေတဲ့အနေအထားကတော့ ထရပ်ကားတစ်စီးတည်းကို အသုံးပြုပြီး အစားအစာဖြန့်ဝေတာရော၊ သေဆုံးသူတွေရဲ့ရုပ်အလောင်းတွေကောက်ယူတာရောပါ လုပ်နေကြရတယ်" ဟု လူဦးရေ နှစ်သိန်းကျော်နေထိုင်သည့် တယ်လိုက်ဘန်စီတီ မြို့တော်ဝန် အယ်လ်ဖက်ရီမူလက်က ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတအကွီနိုက ၎င်းအစိုးရထုတ်ပြန်ခဲ့သော မုန်တိုင်းသတိပေးချက်နှင့်ပတ်သက်၍ အကာအကွယ်လုပ်ပြောဆိုနေသော်လည်း မုန်တိုင်းဒဏ်ဆိုးရွားစွာခံစားခဲ့ရသည့်ဒေသများမှ ပြည်သူများက ၎င်းတို့အနေနှင့် ဆူနာမီကဲ့သို့ ဧရာမလှိုင်းလုံးကြီးများရောက်ရှိလာသော်လည်း သတိပေးချက်အနည်းငယ်မျှသာရရှိခဲ့သည်ဟု ဆိုကြသည်။

ထို့ပြင် သမ္မတအကွီနိုသည် သေဆုံးသူဦးရေနှင့်ပတ်သက်၍ အငြင်းပွားမှုများနှင့်လည်းရင်ဆိုင်နေရသည်။

၎င်း၏အစိုးရအဖွဲ့က သေဆုံးသူပေါင်း ၂၃၅၇ ဦးရှိသည်ဟုဆိုသည့်တိုင် ဒေသခံအာဏာပိုင်များက ၁၀၀၀၀ကျော်ခန့်ရှိမည်ဟု ခန့်မှန်းကြသည်။

တယ်လိုက်ဘန်စီတီ အုပ်ချုပ်ရေးတာဝန်ခံက သမ္မတအကွီနိုသည် ၎င်းအစိုးရ၏ အားနည်းချက်ကိုဖုံးကွယ်နိုင်ရေးအတွက် သေဆုံးသူဦးရေကို လျှော့ချပြောဆိုနေခြင်းဖြစ်သည်ဟု စွပ်စွဲပြောဆိုသည်။



ကမ္ဘာ့အဆိုးရွားဆုံးအဆင့်ရှိသည့် မုန်တိုင်းဒဏ်ကို ဖိလစ်ပိုင်ပြည်သူများ ခံစားခဲ့ရသည်

ဖိလစ်ပိုင်အစိုးရသည် ယင်းမုန်တိုင်းကျရောက်ပြီးနောက် တစ်ရက်အကြာတွင် အမေရိကန်ပြည်ထောင်စုကို အကူအညီများပေးပို့ပါရန် တရားဝင်အဆိုပြုခဲ့သည်။

ယခုအခါ ရေယာဉ်ဝန်ထမ်း ၅၀၀၀၊ လေယာဉ်နှင့် ရဟတ်ယာဉ်အစင်း ၈၀ ခန့်ပါဝင်သည့်အမေရိကန်လေယာဉ်တင်သင်္ဘောတစ်စင်းမှာ ဖိလစ်ပိုင်သို့ စတင်ရောက်ရှိလာပြီဖြစ်ကြောင်း၊ ထို့အတူ ဂျပန်ကလည်း ရေတပ်နှင့် လေယာဉ်များအပါအဝင် တပ်ဖွဲ့ဝင် ၁၀၀၀ ခန့်ကို ကယ်ဆယ်ရေးအတွက် စေလွှတ်ရန် ပြင်ဆင်လျက်ရှိကြောင်း အစိုးရအာဏာပိုင်များကဆိုသည်။ ■

# အမေရိကတက္ကသိုလ်၊ ကောလိပ်များသို့ နိုင်ငံတကာကျောင်းသားများ ဝင်ရောက်ပညာသင်ယူမှု မြင့်တက်

မော်စကို၊ နိုဝင်ဘာ ၁၂

အမေရိကန်ပြည်ထောင်စုရှိ ကောလိပ်များသို့ လာရောက်ပညာဆည်းပူးကြသည့် နိုင်ငံတကာမှကျောင်းသား၊ ကျောင်းသူဦးရေမှာ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်း မှတ်တမ်းဝင်မြင့်တက်ခဲ့ကြောင်း သုတေသနစစ်တမ်းတစ်ခုကို AP သတင်းဌာနက ကိုးကားရေးသားသည်။

လေ့လာမှုစစ်တမ်းအရ ယမန်နှစ်အတွင်း အမေရိကန်တက္ကသိုလ်နှင့် ကောလိပ်များသို့ လာရောက်ပညာသင်ယူခဲ့သော နိုင်ငံတကာကျောင်းသားဦးရေသည် စံချိန်တင်မြင့်တက်ခဲ့ရာ အမေရိကန်ကောလိပ်များသည် ပညာသင်ယူရေးတွင်ထင်ရှားကျော်ကြားသည့်နေရာများ၌ ဆက်လက်ပါဝင်နေဆဲဖြစ်သည်။

အဆိုပါစစ်တမ်းကို နယူးယောက်အခြေစိုက် NGO တစ်ခုဖြစ်သော နိုင်ငံတကာပညာရေးအင်စတီကျူက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပူးပေါင်းပါဝင်မှုဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယမန်နှစ်အတွင်း အမေရိကန်ပုဂ္ဂလိကတက္ကသိုလ်များသို့ ဝင်ရောက်ပညာသင်ယူခဲ့သူ နိုင်ငံတကာကျောင်းသားဦးရေမှာ ၉၄၇၀ ခန့်ရှိပြီး တက္ကသိုလ်၊ ကောလိပ်များအပါအဝင် အမေရိကန်ပညာရေးအင်စတီကျူးရှင်းများ၌ ပညာဆည်းပူးခဲ့သူနိုင်ငံတကာကျောင်းသားဦးရေစုစုပေါင်းမှာ ၈၂၀,၀၀၀ဖြစ်ကြောင်း စစ်တမ်းကဆိုသည်။

အဆိုပါပမာဏသည် ၂၀၁၁ ခုနှစ် ကထက် ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ လာရောက်ပညာသင်ယူသော နိုင်ငံတကာကျောင်းသားများတွင် တရုတ်နိုင်ငံမှလာသောကျောင်းသားဦးရေမှာ အများဆုံးဖြစ်ပြီး ၂၃၆,၀၀၀ ဖြစ်ကြောင်း ယင်းစစ်တမ်းကောက်ယူခဲ့မှုတွင် ပါဝင်ခဲ့သူတစ်ဦးကပြောကြားသည်။

တရုတ်နိုင်ငံမှလာသော ကျောင်းသားဦးရေသည် အိန္ဒိယမှလာသောကျောင်းသားဦးရေထက်နှစ်ဆခန့်ပိုများသည်။

အီရန်၊ ဘရာဇီးနှင့် ကူဝိတ်အပါအဝင် အခြားသောနိုင်ငံများမှလာရောက်ကြသည့် ကျောင်းသားဦးရေမှာလည်း ယမန်နှစ်တွင် ၂၀ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့သည်။

စာ 32 - ထိုင်းနှင့် ကမ္ဘောဒီးယားကြားက ဘုရားကျောင်းပြဿနာ မှအဆက်

ထိုင်းတို့က ဖရာဝီဟန်ဟု ခေါ်ဆိုပြီး ထိုင်းနယ်မြေဟောင်းတစ်ခုတွင်း တည်ရှိသည်။ ၂၀ ရာစု အစောပိုင်းတွင် ကမ္ဘောဒီးယားပြည်နယ်များဖြစ်သော ဘတ်တန်ဘန်၊ စီဆိုဗန်နှင့် ဆီရန်ရိဒေသတို့ကို ပြင်သစ်အစောင့်ရှောက်ခံ ကမ္ဘောဒီးယားနိုင်ငံသို့ ဆိုင်းရမ်း (ထိုင်း) ဘုရင့်နိုင်ငံက လွှဲပြောင်းပေးအပ်ခဲ့ရသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံကြား သဘာဝအတားအဆီး အဖြစ်ရှိနေသော ဒန်ရက်တောင်တန်းဒေသ၏ ရေဝေရေလဲဒေသတစ်လျှောက်ကို နယ်နိမိတ်အဖြစ် ပိုင်းခြားသတ်မှတ်ရန် ပြင်သစ်မြေပုံရေးဆွဲရေးသမားများက အခြေခံမူချမှတ်ခဲ့သည်။ သို့သော်လည်း မြေပုံရေးဆွဲရန်တာဝန်ပေးခံရသည့် ပြင်သစ်အရာရှိလေးဦးအနက် တစ်ဦးက နယ်စပ်မျဉ်းတွင် ကောက်ကွေ့မှုတစ်ရပ်ပြုလုပ်ခဲ့ပြီး ရေဝေရေလဲဒေသ၏အခြားတစ်ဖက်တွင်ရှိသော ဘုရားကျောင်းကို ကမ္ဘောဒီးယားပိုင်နက်အတွင်း ထည့်သွင်းခဲ့သည်။

ယင်းနယ်နိမိတ်မျဉ်းကွေ့ကို ဆိုင်းရမ်းဘုရင့်နိုင်ငံက နှစ်ပေါင်း ၅၀ ကျော်ကြာ ကန့်ကွက်ခြင်းမရှိခဲ့ဘဲ မြေပုံရေးဆွဲပေးသည့် ပြင်သစ်နိုင်ငံကို ကျေးဇူးတင်ရှိကြောင်းဖော်ပြကာ မြေပုံများကို ပျော်ပျော်ပါးပါး မိတ္တူပွားအသုံးပြုခဲ့သည်။ ထိုင်းနိုင်ငံ၏ ထိုသို့အကြွင်းမဲ့လက်ခံကျင့်သုံးမှုများကြောင့် ဘုရားကျောင်းပိုင်ဆိုင်ကြောင်း ၁၉၆၂ ခုနှစ်တွင် ပြန်လည်တောင်းဆိုသည့်အခါ အားနည်းချက်များ ပေါ်ပေါက်ခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာတရားရုံး၏ ပထမအကြိမ် အမိန့်ချမှတ်မှုတွင် ပြင်သစ်ရေးဆွဲခဲ့သော နယ်နိမိတ်မျဉ်းကွေ့ကို တရားဝင်ကြောင်း အသိအမှတ်ပြုခဲ့ပြီး မကြာသေးမီက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တွင် ယင်းမျဉ်းကွေ့၏ပမာဏကို လျှော့ချပေးခဲ့သည်။

ထို့အပြင်ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံတွင်းရှိ ကျန်ရှိနေသေးသော ပိုင်းခြားသတ်မှတ်ရခြင်းမရှိသည့် နယ်မြေကိုနှစ်နိုင်ငံပူးပေါင်းဆုံးဖြတ်ရန်နှင့် သို့မှသာ နှစ်ဖက်လက်ခံနိုင်မည့်မြေပုံပေါ်ထွက်လာမည်ဖြစ်ကြောင်း တရားရုံးက လမ်းညွှန်ခဲ့သည်။

**အောင်မြင့်မြေ့ချမ်း**

**Economist**


## FREE COPY

Standard Golf Magazine ကို ၂၀၀၁ ခုနှစ်တွင် Myanmar Fairway Golf Magazine အမည်ဖြင့် စတင်ထုတ်ဝေခဲ့ပြီး မြန်မာနိုင်ငံတွင် မြန်မာဘာသာသက်သက်ဖြင့် ပထမဦးဆုံးထုတ်ဝေဖြန့်ချိခဲ့သော ဂေါက်မဂ္ဂဇင်းဖြစ်ပါသည်။ ယင်းမဂ္ဂဇင်းကို ယနေ့အထိ သက်တမ်း ၁၂ နှစ်တိုင်တိုင် လစဉ်ထုတ် မဂ္ဂဇင်းအဖြစ် စဉ်ဆက်မပြတ်ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။

Standard Golf Magazine ကို လာမည့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလထုတ်မှ စတင်ပြီး လစဉ် 'အခမဲ့' ဖတ်ရှုနိုင်သော မဂ္ဂဇင်း (Free Copy) အဖြစ် ဂေါက်သီးသမားများအကြားတွင် ပိုမိုပျံ့နှံ့အောင် ထုတ်ဝေသွားမည်ဖြစ်ပါသည်။ ဂေါက်သီးသမားများအနေဖြင့် လစဉ်ပုံမှန်ဖတ်ရှုနေရသည့် အခန်းကဏ္ဍများအပြင် ခေတ်မီဂေါက်သင်ခန်းစာများ၊ ဂေါက်သီးအတွေ့အကြုံ ဆောင်းပါးများ၊ သတင်းများ၊ ဂေါက်သီးပစ္စည်း အသစ်အဆန်းများကိုပါ ပိုမိုပြည့်စုံစွာ တင်ပြသွားနိုင်ရန် အထူးကြိုးပမ်းလုပ်ဆောင်နေကြောင်းကိုလည်း အသိပေးအပ်ပါသည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလထုတ် Standard Golf Magazine ကို ဂေါက်ကွင်းများ၊ ဂေါက်လေ့ကျင့်ကွင်းများ၊ ဂေါက်ပစ္စည်းအရောင်းဆိုင်များ၊ Pro Shop များနှင့် စာအုပ်ဆိုင်ကြီးများတွင် Free Copy အဖြစ်ဂေါက်သီးသမားတိုင်း၊ စိတ်ဝင်စားသူတိုင်း အခမဲ့ရယူဖတ်ရှုနိုင်ပါပြီ။ နယ်မြို့များမှ အိမ်တိုင်ယာရောက် ရယူလိုသူများအတွက်လည်း စာအုပ်ပို့ခ တစ်နှစ်စာ ၇၅၀၀/- ကိုသာ မဂ္ဂဇင်းတိုက်တွင် ကြိုတင်ပေးသွင်း၍ ဖတ်ရှုနိုင်ပါသည်။

မဂ္ဂဇင်းကြော်ငြာ ထည့်သွင်းလိုသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်၍ ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**Standard Golf Magazine**
**Standard House Golf & Accessories**
No.9, 6 mile, Pyay Road, Hlaing Township.
Phone: 01-527638



epic media

...we are epic...



နိုင်ငံတကာအဆင့်မီ ရုပ်သံကြော်ငြာများ ဖန်တီးရိုက်ကူးခြင်း ရုပ်မြင်အထူးပြုလုပ်ချက်များ၊ Animation ဖန်တီးမှုများ Post-Production လုပ်ငန်းများကို နိုင်ငံတကာအတွေ့အကြုံရှိ ပညာရှင်များက တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနေပါပြီ။

09-250291292, 09-450050850, 01-202640
epicmedia.myanmar@gmail.com No.155, 46th St., Yangon